# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**မိမိကိုယ်ကို ချစ်ရာရောက်**

လူတိုင်းသည် မိမိကိုယ်ကို ချစ်ကြသည်သာဖြစ်၏။ ချစ်လည်း ချစ်အပ်၏။ ဤသို့ ချစ်အပ်ကြောင်းကို သိရှိသူသည် မိမိဘဝ နစ်နာဆုံးရှုံးရမည့် မကောင်းမှုတို့ကို မပြုသင့်ကြချေ။ ထိုသို့ မပြုလုပ်မိစေရန် မမေ့မလျော့ဘဲ မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြ၏။ မကောင်းမှုကို ရှောင်ကြဉ်၍ မိမိကိုယ်ကိုချစ်ရာရောက်အောင် ကြိုးစားအားထုတ်ရာ၏။ **အတ္တဝဂ်(ဓမ္မပဒ - ၁၅၇)**


၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ သောကြာနေ့ | အတွဲ (၅၆)၊ အမှတ် (၀၉၈)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီးနှင့် ချီလီနိုင်ငံသံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Alex G.Chua အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**လက်ခံတွေ့ဆုံ**

ထို့အတူ နံနက် ၉ နာရီ မိနစ် ၄၀ တွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်အခြေစိုက် ချီလီနိုင်ငံသံအမတ်ကြီး H.E.Mr.Javier Becker အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Alex G.Chua အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သမိုင်းကမှည်းတင်ရမည့် ချစ်ကြည်ရင်းနှီးမှု

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အဆက် နိုင်ငံသူ နိုင်ငံသားတို့၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ကို လေးစားအသိအမှတ်ပြုခဲ့သောနိုင်ငံ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးသည် မိမိတို့ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသကဲ့သို့ အိန္ဒိယနွယ်ဖွားနှင့် တရုတ်နွယ်ဖွားကဲ့သို့သော ပြည်ပနွယ်ဖွား နိုင်ငံသူ နိုင်ငံသားများသည်လည်း မိမိတို့ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပါသည်။ ဤအစဉ်အလာကောင်းကို မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။ တိုင်းပြည်မတည်မငြိမ်ဖြစ်သော အချို့သော သမိုင်းအချိုးအကွေ့ကာလတို့တွင်သာ မသမာသော အဖျက်အမှောင့်အင်အားစုတို့၏ လှုံ့ဆော်သွေးထိုးမှုကြောင့်သာ ဘာသာရေးနှင့် လူမျိုးရေးအဓိကရုဏ်းတို့ ဖြစ်ပွားခြင်းဖြစ်ပါသည်။ သို့သော် အဆိုပါ အဓိကရုဏ်းတို့သည် ဘာသာလူမျိုးမတူကွဲပြားသော နိုင်ငံသူ နိုင်ငံသားတို့အကြား သမိုင်းအစဉ်အဆက် တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုအား ပျက်ပြားစေခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ဤကဲ့သို့သော သမိုင်းအစဉ်အလာကြီးမားသည့် ပုံရိပ်ကောင်းအား ထိခိုက်နစ်နာစေရန် နိုင်ငံတကာမျက်နှာစာတွင် ဖျက်လိုဖျက်ဆီးကြိုးပမ်းမှုများကို မကြာသေးမီနှစ်ကာလများအတွင်း သိသိသာသာထင်ထင်ရှားရှား တွေ့ရှိလာရပါသည်။ ထိုကဲ့သို့သော ဖျက်လိုဖျက်ဆီးကြိုးပမ်းမှုတို့ကြောင့် မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားသည့် ပုံရိပ်တို့သည် အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာခဲ့ရပါသည်။ ဤကဲ့သို့သော ထိခိုက်နစ်နာမှုတို့၏ အကျိုးဆက်အပေါ် ပေါ့ပေါ့ဆဆသဘောမထားမိရန် အရေးကြီးသည်ဟု အလေးအနက်ခံယူမိပါသည်။ ရခိုင်ပြည်နယ်ပြဿနာကိုအကြောင်းပြု၍ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို ဖျက်လိုဖျက်ဆီးလုပ်သော အဖျက်အမှောင့်အင်အားစုတို့ကြောင့် မြန်မာနိုင်ငံသည် အစွန်းရောက်အကြမ်းဖက်သမားတို့၏ ပစ်မှတ်ဖြစ်လာနိုင်သော စာရင်းတွင် မဆီမဆိုင်ပါဝင်လာရပါသည်။

သို့သော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုသည် မြန်မာနိုင်ငံ၏ တရားမျှတမှန်ကန်သော ရပ်တည်ချက်ကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ် ပြဿနာအပါအဝင် နိုင်ငံတကာ မျက်နှာစာတွင် လိုအပ်လျက်ရှိသည့် ချဉ်းကပ်ပုံမှာ ပြဿနာတို့ကို ချစ်ကြည်နွေးထွေးစွာ ဆွေးနွေးတိုင်ပင်၍ အပြန်အလှန်ပူးပေါင်းလက်တွဲဆောင်ရွက်ရန် ဖြစ်ပါသည်။ အဆိုပါ ချဉ်းကပ်ပုံကို ထင်ဟပ်ဖော်ဆောင်လျက် အင်ဒိုနီးရှားနိုင်ငံက ရခိုင်ပြည်နယ်ရှိ နစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လုံချည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်နှင့် ကလေးများအတွက် အစားအသောက်များပါသည့် ကွန်တိန်နာ ၁၀ လုံးပေးပို့မည်ဟူသောသတင်းအပေါ် လေးလေးနက်နက် ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အာဆီယံမိသားစုစိတ်ဓာတ်ပီသသော လုပ်ဆောင်ချက်သည် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာတိုးပွားစေသည်သာမက အာဆီယံ၏ သမိုင်းအစဉ်အလာကောင်းကို ထပ်ဆင့်ဖော်ဆောင်လိုက်ခြင်းဖြစ်၍ သမိုင်းကမှည်းတင်ရမည် ဖြစ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**




## လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ဘိုးဘွားရိပ်သာ၌ သန့်ရှင်းရေးပြုလုပ်

**မိတ္ထီလာ ဇန်နဝါရီ ၅**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၃ ရက် နံနက်က မိတ္ထီလာမြို့ မြင်းခြံလမ်းအထွက်ရှိ အမှတ်(၃၅) လုံခြုံရေးတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခွန်မြတ်လင်းခေါင်းဆောင်သော အရာရှိ၊ အရာခံ၊ ရဲတပ်ဖွဲ့ဝင် ၁၅၀ တို့သည် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာ၌ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းပြီး စုပေါင်းအမှိုက်ကောက် သန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့သည်။

**တင်လှိုင်(မိတ္ထီလာ)**

# ဘိုးဘွားရိပ်သာနှင့် မျက်မမြင်ကျောင်းတို့အတွက် ငွေပဒေသာပင်စိုက်ထူ

**မိတ္ထီလာ ဇန်နဝါရီ ၅**

မိတ္ထီလာမြို့ အောင်ဆန်းရပ်ကွက်နေ ဦးအုန်းမောင် ကျန်းမာရေးမှူး(ငြိမ်း)၊ စာရေးဆရာ မောင်အောင်မြင့်နှင့် မောင်နမတစ်စုတို့က ဇန်နဝါရီ ၃ ရက် နံနက်က ဝန်ဇင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများအတွက် ငွေပဒေသာပင် ငါးသိန်းစိုက်ထူပြီး နံနက်စာ ထမင်းတစ်နပ်နှင့် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၃၀ တို့ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီနှင့် ဆပ်ပြာများကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ အလှူရှင်မောင်နမတစ်စုသည် မိတ္ထီလာမြို့မြောက်ဘက်ရှိ ရှမ်းတဲလေတပ်စခန်းအနီးရှိ ညောင်ကန်ကျေးရွာအုပ်စု ဓမ္မပါလကျေးရွာ၌ ဖွင့်လှစ်ထားသော ဘဝသစ်မျက်မမြင် ပညာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးအတွက် ငွေကျပ် ငါးသိန်းငါးသောင်းကို ငွေပဒေသာပင်စိုက်ထူပြီး အလှူငွေကို အလှူရှင် ဦးအုန်းမောင်နှင့် မောင်နမတစ်စုက ကျောင်းအုပ်ကြီး ဦးတင်မိုးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင် မောင်နမတစ်စုက မျက်မမြင်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးကို နံနက်စာထမင်း ကျွေးမွေးလှူဒါန်းကြောင်း သိရသည်။ (၀၁၆)

## ဗိုလ်လုပွဲကျင်းပ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိသားစုပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မအူကုန်းအားကစားကွင်း၌ ကျင်းပစဉ်

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၅-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၂၀၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၆၅၀/၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၆၀/၆၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀/၇၁၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၇၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၃ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၄၈ · ၈၈ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၁၉ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၈၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၆ · ၂၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗန်ကောက်အခြေစိုက် ချီလီနိုင်ငံ သံအမတ်ကြီး **H.E. Mr.Javier Becker** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာဒေါ်ဝဲဝဲမောင် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးတင်မောင်ကြည် | ညွှန်ကြားရေးမှူးချုပ်<br>အမျိုးသားမှတ်တမ်းများ<br>မော်ကွန်းတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |

## မိုးရေချိန်စံချိန်သစ်

**နေပြည်တော် ဇန်နဝါရီ ၅**။ ယနေ့မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ကော့သောင်းစခန်း၌ ဇန်နဝါရီလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်မှာ ၁၃၀ မီလီမီတာ (၅ ဒသမ ၁၂ လက်မ) နှင့် မိုးရေချိန်စံချိန်ဟောင်းမှာ ၈၀ မီလီမီတာ (၃ ဒသမ ၁၅ လက်မ) တို့ဖြစ်ပြီး ယခင် စံချိန်ကျိုးခဲ့သည့်နှစ်မှာ ၃-၁-၂၀၀၂ ဖြစ်ကာ စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း ၇၀ အတွင်း မိုးရေချိန်စံချိန်သစ်တင်ခဲ့ခြင်းဖြစ်သည်။ **(မိုး/ဇလ)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ပြင်သစ်နိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး H.E Mr. Oliver Richard နှင့် အဖွဲ့က ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ပြင်သစ်နိုင်ငံသို့ သွားရောက်ခဲ့စဉ်က ဆွေးနွေးခဲ့သည်များနှင့်ပတ်သက်၍ ဆက်လက်လုပ်ဆောင်ရန် ကိစ္စရပ်များဖြစ်သော မီဒီယာဥပဒေ၊ ရုပ်သံဥပဒေနှင့်ပတ်သက်သည့် ပညာရပ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းအချက်အလက်များ၊ ရုပ်သံအစီအစဉ်များ၊ သတင်း/မှတ်တမ်းဗီဒီယို၊ ဖလင်များနှင့် ဓာတ်ပုံများအား Digital Archiving System ပြုလုပ်ရန် ကိစ္စရပ်များအပေါ် ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် စေလွှတ်ပေးရေး အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာများ ဆက်လက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များအတွက် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ



တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုမ္ပဏီများ၏ Export ရငွေများမှန်ကန်စွာဝင်ရောက်လာခြင်းရှိ မရှိစိစစ်နိုင်ရန် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး၊ ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၌ မှတ်ပုံတင်ထားပြီး ပြည်ပနှင့်ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ (နိုင်ငံခြား/ပြည်တွင်း)စာရင်းများကို စိစစ်ရေး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ အကောက်ခွန်ကိုယ်စားလှယ်များအနေဖြင့် ID/ED Form များတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းခြင်းမပြုပါက လုပ်ငန်းကြန့်ကြာနိုင်ကြောင်း အသိပညာပေးဆောင်ရွက်ရေး၊ ပြည့်စုံမှန်ကန်မှုမရှိပါက ပြည့်စုံမှန်ကန်သည်အထိ ဆောင်ရွက်စေရေး၊ မော်တော်ကား အရောင်းပြခန်းများ၊ အရောင်းစင်တာများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်များ ပြေကျေစွာထမ်းဆောင်ခြင်းမရှိပါက Import လိုင်စင် ထုတ်ပေးခြင်းမပြုရေးနှင့် အခွန်ကျေပွန်ခြင်းမရှိသေးသော ကုမ္ပဏီများစာရင်းကို ထုတ်ပြန်ကြေညာရေး၊ နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍတို့မှ ရယူသော ပြည်ပချေးငွေ၊ အကူအညီရငွေ အဝင်အထွက်များ စနစ်တကျစိစစ်ရေး စသည့်ကိစ္စရပ်များကို အကျယ်တဝင့်ဆွေးနွေးသုံးသပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးအားတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E. Mr. Antonio J.M de Souzae Silva အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ အသေးစားရေအားလျှပ်စစ်စီမံကိန်းများ၊ ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများအားဆွေးနွေးသည်။ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီးက ဘရာဇီးနိုင်ငံ၌ဆောင်ရွက်နေသည့် အသေးစားရေအား လျှပ်စစ်စီမံကိန်းများ၊ ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများနှင့် ပတ်သက် ၍ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံက စုစုပေါင်း အမေရိကန်ဒေါ်လာသုံးသန်း လှူဒါန်းသွားမည်




**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ငွေကြေး ကူညီထောက်ပံ့မှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က အမေရိကန်ဒေါ်လာတစ်သန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျထံ ပေးအပ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက သံအမတ်ကြီး မစ္စတာဟုန်လျန်ထံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ကျေးဇူးတင်ရှိကြောင်းစာလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံက စုစုပေါင်း အမေရိကန်ဒေါ်လာသုံးသန်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## စာပေဟောပြောကြမည်

**ရန်ကုန် ဇန်နဝါရီ ၅**

အနှိုင်းမဲ့မေတ္တာလူမှုကူညီရေးအသင်း၏ သုံးနှစ်ပြည့် အသင်းနှစ်ပတ်လည်အထိမ်းအမှတ် ဒုတိယအကြိမ်စာပေဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် (စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ၁၆၅ လမ်း တာမွေကြီး(ခ) ရပ်ကွက်ရှိ အဆိုပါအသင်းရုံးရှေ့၌ လယ်တွင်းသားစောချစ်၊ ဦးဘုန်း(ဓာတု)နှင့် ဇေလုဝတို့က ဟောပြောကြမည်ဖြစ်ကြောင်းသိရသည်။ **ကိုချစ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇန်နဝါရီ ၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အက်ဒရူး ပက်ထရစ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ချစ်ကြည်ရေးခရီးစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ် ကြီး မစ္စတာ အက်ဒရူး ပက်ထရစ်အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

## မြန်မာနှင့် အီဂျစ်ပါလီမန်များ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများဆွေးနွေး

**နေပြည်တော်  ဇန်နဝါရီ ၅**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်သောင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E.Mr.Khaled Mohamed Abdelrahman Abdelsalam အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင် အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အီဂျစ်-မြန်မာ နှစ်နိုင်ငံ၏ ရှည်လျားပြီးရင်းနှီးသော သံတမန်ဆက်ဆံရေး၊ အရှေ့အလယ်ပိုင်းနိုင်ငံရေးတွင်အရေးပါသော အီဂျစ်နိုင်ငံ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်၌ တိုင်းရင်းသားလူမျိုးတို့၏အရေးပါမှု၊ အီဂျစ်နိုင်ငံ၏ မတူကွဲပြားသောဘာသာဝင်များ၏ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်မှု၊ မြန်မာနှင့် အီဂျစ်ပါလီမန်များ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော်  ဇန်နဝါရီ ၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

## လူနာနှင့်လူနာမိသားစုများကြား အခက်အခဲများ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းက ကူညီဆောင်ရွက်ပေး

**မန္တလေး  ဇန်နဝါရီ ၅**

ဆေးရုံများအတွက် လက်တွေ့ဆောင်ရွက်လုပ်ကိုင်နေကြသည့် ဆေးလူမှုဆက်ဆံရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် Case Medical on Social Work ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ခုတင် ၅၀၀ ဆံ့ အရိုး အထူးကုဆေးရုံကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါ ဆွေးနွေးပွဲအခမ်းအနားတွင် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက မြန်မာနိုင်ငံ၏ ဆေးလူမှုဆက်ဆံရေးလုပ်ငန်းကို ၁၉၅၇ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ စတင်တည်ထောင်လုပ်ကိုင်ခဲ့ရာ နှစ်ပေါင်း ၆၀ နီးပါးရှိပြီဖြစ်ပြီး ဗဟိုအဆင့်ဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့် ခုတင် ၁၀၀ ဆံ့ဆေးရုံများသာမက နယ်စပ်ဒေသများအထိပါ နှစ်စဉ်တိုးချဲ့လုပ်ကိုင်လျက်ရှိရာ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၇ ခုမှ ဆေးရုံပေါင်း ၁၂၇ ခုအထိ ဆောင်ရွက်နိုင်ခဲ့ကာ ဝန်ထမ်းအင်အား ၃၀၀ ကျော်အထိ တိုးချဲ့ခန့်ထားဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

"ဆေးလူမှုဆက်ဆံရေး လုပ်ငန်းသဘာဝက အဓိက လူနာနဲ့လူနာမိသားစုတွေကြားမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးသလို ဆေးကုသမှုလုပ်ငန်းအောင်မြင်ဖို့အတွက်လည်း အထောက်အကူပြုတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲကနေ ဆေးလူမှုဆက်ဆံရေး ဝန်ထမ်းအချင်းချင်း အတွေ့အကြုံတွေဖလှယ်ပြီး ဆွေးနွေးအဖြေ ရှာကြရင်း လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာမှာပါ"ဟု ၎င်းက ပြောသည်။

ထို့နောက် ကုသရေးဦးစီးဌာန (ရုံးချုပ်) ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခင်မာလေးက "ဒီလုပ်ငန်းက ဆေးဘက်ဆိုင်ရာ လူမှုရေးလုပ်ငန်းတစ်ခုပါ။ ဆေးရုံကို ရောက်ရှိလာကြတဲ့ လူနာတွေနဲ့ အတူပါလာတဲ့ လူမှုရေးပြဿနာတွေကို ဒီဌာနက ဖြေရှင်းရတာပါ။ ဥပမာ ဆေးကုသစရိတ်၊ အပြန်စရိတ်၊ စားစရိတ်မရှိတာတွေ စသဖြင့် မတူညီတဲ့ ပြဿနာတွေကို တင်ပြအဖြေရှာဆွေးနွေးပြီး လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ကြမှာပါ" ဟုပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ကုသရေးဦးစီးဌာန (ကုသမှုအထောက်အကူပြု) မှ ညွှန်ကြားရေးမှူး ဒေါက်တာလှမိုးဦးဆောင်၍ ဆေးလူမှုဆက်ဆံရေး အရာရှိများနှင့် ဝန်ထမ်းများတက်ရောက်ကာ လုပ်ငန်းနှင့် သက်ဆိုင်သည့် အခက်အခဲများကို တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကြက်ငှက်တုပ်ကွေးရောဂါ Influenza A (H7N9) ဖြစ်ပွားနိုင်မှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အားဖြည့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဇန်နဝါရီ ၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်ရောဂါများနှင့် ကူးစက်မြန်ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားမှုများအား စောစီးစွာသိရှိပြီး ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အား ဦးစားပေးဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကပ်အသွင်ဖြစ်ပွားနိုင်သောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒေသတွင်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ၌ အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးတွင် ဓာတ်ခွဲအတည်ပြုကြက်ငှက်တုပ်ကွေးရောဂါ Influenza A (H7N9) ရောဂါဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၃-၁-၂၀၁၇ ရက်နေ့ ထုတ်ပြန်ချက်အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ပုံမှန်ဆောင်ရွက်လျက်ရှိသော ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား တရုတ်-မြန်မာ နယ်စပ်ဂိတ်များတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ One Health Strategy အရ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကြက်ငှက်တုပ်ကွေးရောဂါတုံ့ပြန်ရေးစီမံချက်ပါ လုပ်ငန်းများအား အားဖြည့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်သူလူထုအနေဖြင့်လည်း ကြက်၊ ဘဲခြံများ၊ မွေးမြူရေးဇုန်များ၊ ကြက်၊ ဘဲ ရောင်းချသည့်နေရာများ၌ ပုံမှန်မဟုတ်သော ကြက်နာကျခြင်း၊ သေဆုံးခြင်းများရှိပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့သွားကြရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များအား လိုက်နာ ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**









# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၅

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**စင်ကာပူသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဗီဗီယန်ဘာလာ ခရစ်ရှ်နန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် သဝဏ်လွှာပေးပို့ရသည့်အတွက် မိမိအနေဖြင့် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူလူထု၏ကြိုးစားမှု၊ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံတော်ကြီး တိုးတက်ကြီးပွားကြွယ်ဝချမ်းသာလာမည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် စင်ကာပူနှင့်မြန်မာနိုင်ငံသည် ကာလရှည်ကြာ ရင်းနှီးချစ်ကြည်နွေးထွေးမှုများကို အေးအတူပူအမျှ အတူတကွဝေမျှလာခဲ့ကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်လာသည့် နှစ် ၅၀ မြောက် အထိမ်းအမှတ်အခါသမယလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ၂၀၁၆ ခုနှစ်မေလက အဆွေတော်အနေဖြင့် တရားဝင်ချစ်ကြည်ရေးလာရောက်ခဲ့သည်ကို အမှတ်တရရှိပါကြောင်း၊ ထို့အတူ အဆွေတော်၏ မကြာသေးမီစင်ကာပူခရီးစဉ်ကိုလည်း အမှတ်တရရှိနေမည်ဖြစ်ပါကြောင်း၊ အဆွေတော်အနေဖြင့် ဂင်မိုစားသောက်ဆိုင်နှင့် ဈေးတန်းသို့သွားရောက်လည်ပတ်ရသည်ကို သဘောကျသည့်အတွက် ဝမ်းသာပါကြောင်း၊ မဟာရန်ကုန်မြို့ကြီးအား အသစ်တစ်ဖန်အသက်သွင်းမည့် အဆွေတော်၏ အစီအစဉ်အတွက် ယခုလို အတွေ့အကြုံများသည် အသုံးဝင်မည်ဟု မျှော်လင့်ပါကြောင်း ဆက်လက်ဖော်ပြထားပါသည်။

ထို့ပြင် အဆွေတော်အနေဖြင့် မကြာသေးမီကမှ စင်ကာပူ-မြန်မာအိမ်တွင်းသက်မွေးမှုသိပ္ပံ (အက်စ်အမ်ဗီတီအိုင်)သို့ လာရောက်လည်ပတ်ခဲ့သည်ကို သိရသည့်အတွက် အလွန်တရာမှ နှစ်ထောင်းအားရမိပါကြောင်း၊ ယင်းအက်စ်အမ်ဗီတီအိုင်သည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဆွေတော်တို့နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များကို ကူညီထောက်ပံ့နေသည့် စင်ကာပူ၏လုပ်ဆောင်မှုများပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏အားပေးနှစ်သိမ့်မှုဖြင့် စင်ကာပူအက်စ်အမ်ဗီတီအိုင် ခြောက်လကြာသင်တန်းသို့ တက်ရောက်နေသည့် ကျောင်းသား ၁၀ ဦးရှိကြောင်းကို သံအမတ်ကြီး ရောဘတ်ချွာကအသိပေးထားသည်ကို သိရှိပါကြောင်း၊ ၄င်းတို့သည် မြန်မာနိုင်ငံအိမ်တွင်းသက်မွေးမှုပညာရေးတွင် စံပြများဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဆက်လက်ဖော်ပြထားပါသည်။

ဝန်ကြီးဌာနအဆင့်လုပ်ငန်းကော်မတီများ၊ စင်ကာပူ-မြန်မာနည်းပညာပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များနှင့် အက်စ်အမ်ဗီတီအိုင်ကဲ့သို့သော ဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံခိုင်မြဲသည့်ဆက်ဆံရေးကို တည်ထောင်၍ ရင်းနှီးချစ်ကြည်မှုများကို ပိုမိုရှည်ကြာအောင် လုပ်ဆောင်သွားမည်ဟု ယုံကြည်ကြောင်း၊ မကြာမီမှာ ထပ်မံတွေ့ဆုံရမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

**ချက်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘိုဟူစလပ်ဗ်ဆိုဘော့ကာ က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ဖော်ပြပါရှိပါသည်။

နှစ်နိုင်ငံရင်းနှီးဆက်ဆံရေးသည် ကဏ္ဍများစွာနယ်ပယ်အသီးသီး၌ အောင်မြင်စွာ ဆက်လက်တိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိပါသည်။

ထို့ပြင် အဆွေတော်အနေဖြင့် ကာယသုခနှင့်ပြည့်စုံပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များတွင် အောင်မြင်ပါစေဟု ဆန္ဒပြုကြောင်း ဖော်ပြပါရှိသည်။

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလပ်ဗ်ရော့ဗ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် နိုင်ငံတကာစင်မြင့်တွင် ရုရှား-မြန်မာအပြုသဘောဆောင်နှစ်နိုင်ငံဆက်ဆံရေးမှာ တိုးတက်ဖြစ်ထွန်းလာသည်ကို အသိအမှတ်ပြုပါကြောင်း၊ အရှေ့တောင်အာရှတစ်ခွင်နှင့် အာရှ-ပစိဖိတ်ဒေသတစ်ဝန်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရန်အတွက် လွန်ခဲ့သောနှစ် ဇူလိုင်လက ဗီယင်ကျန်းတွင် ကျင်းပခဲ့သော အာဆီယံအလွတ်သဘောဆွေးနွေးပွဲများ၏ ရလဒ်များအရ နှစ်နိုင်ငံသဘောတူညီမှုများကို အပြုသဘောဆောင်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြထားပါသည်။

ထို့ပြင် အဆွေတော်အနေဖြင့်သာမက အဆွေတော်၏လုပ်ဖော်ကိုင်ဖက်များအားလုံး ကျန်းမာရေးကောင်းမွန်ပြီး အောင်မြင်မှုသစ်များ သရဖူဆောင်းနိုင်စေရန်ဆန္ဒမွန်ကောင်းများ တောင်းလိုက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

---

**✽ *ကျောဖုံးမှ***

ယင်းအစီရင်ခံစာ၌ ပြည့်ပြည့်စုံစုံမှန်ကန်မှုတစွာရေးသားရန် တာဝန်ရှိကြပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင် ၏ (၃/၂၀၁၆) အစည်းအဝေးဆုံးဖြတ်ချက်မှတ်တမ်း ကို အတည်ပြုကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ရဲချုပ်ဇော်ဝင်းက မောင်တောဒေသအတွင်း အကြမ်းဖက်ဖြစ်စဉ်ဖြင့် အမှုဖွင့်အရေးယူထားရှိမှုများ၊ မောင်တောဒေသအတွင်း မူးယစ်ဆေးဝါး တိုးတက်များပြားစွာ ဖမ်းဆီးရမိမှုအခြေအနေများနှင့် မောင်တောဒေသဖြစ်စဉ်များ၏ ဆက်စပ်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက အစီရင်ခံစာရေးသားပြုစု ပြီးစီးမှုအခြေအနေများ၊ ထပ်မံဖြည့်စွက်ရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်က မိမိတို့မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ စုပေါင်းနေထိုင်သော နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လှည့်လည်ကွင်းဆင်း၍ ဘာသာရေးခေါင်းဆောင်များနှင့် ထိတွေ့ဆွေးနွေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်သို့လည်း မိမိတို့အဖွဲ့အနေဖြင့် သွားရောက်ထိတွေ့နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၌ ပဋိပက္ခဖြစ်ရခြင်း၏ အကြောင်းအရင်းများစွာအနက် အဓိကအကြောင်းတစ်ရပ်မှာ စီးပွားရေးမဖွံ့ဖြိုးမတိုးတက်ဘဲ လူနေမှုအဆင့်အတန်းနိမ့်ကျနေခြင်းပင်ဖြစ်ကြောင်း၊ ညီညွတ်မှု၊ ငြိမ်းချမ်းမှု၊ နားလည်မှု၊ ဖွံ့ဖြိုးမှုတို့ကို လုပ်ဆောင်နိုင်ရန် အရေးကြီးသည်ဟု ထင်မြင်ယူဆပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များက မောင်တောဒေသ စုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ဒုတိယသမ္မတက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

---

# တရုတ်သံရုံးမှ ဆောက်လုပ်လှူဒါန်းသည့် စာသင်ဆောင်၊ အားကစားရုံဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

တရုတ်-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှဆောက်လုပ်လှူဒါန်းသည့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း စာသင်ဆောင်၊ အားကစားရုံဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ရှေ့တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကျောင်းဆောင်ကမ္ပည်းကျောက်စာတွင် အမွှေးနံ့သာဖျန်းပက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က မြန်မာနိုင်ငံ ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီရန်၊ မြန်မာနိုင်ငံ နိုင်ငံတော်တည်ဆောက်ရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အတွက် အကူအညီပေးနိုင်ရန်အတွက် ယမန်နှစ်မှစ၍ တရုတ်သံရုံးနှင့် မြန်မာနိုင်ငံအစိုးရတို့ ပူးပေါင်းကာ မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင်သစ်များ တည်ဆောက်ခဲ့ပါကြောင်း၊ အထက(၁၄)ကျောင်းမှာ ငါးဆောင်မြောက် ကျောင်းဆောင်ပင် ဖြစ်ပါကြောင်း၊ ယခုနှစ်ကုန်တွင်ကျောင်းဆောင် ၂၀ ကျော်ခန့် ဆောက်လုပ်ပြီးစီးအသုံးပြုနိုင်မည်ဟု ခန့်မှန်းရပြီး တရုတ်-မြန်မာ ချစ်ကြည်ရေးကျောင်းဆောင် ကွန်ရက်ကြီးမားလာကာ ထောင်သောင်းများစွာသော မြန်မာ ကျောင်းသား ကျောင်းသူများကို တိုက်ရိုက်အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနသည် ကျောင်းသားကျောင်းသူဦးရေများပြားခြင်း၊ ဆရာ ဆရာမဦးရေများပြားခြင်း၊ စာသင်ကျောင်းများ များပြားသည့်အတွက် ခွင့်ပြုရန်ပုံငွေအရ ပြည်နယ်တိုင်းဒေသကြီးအားလုံးနှင့် ကျောင်းအားလုံးကို မျှတစွာ ခွဲဝေဆောင်ရွက်ပေးနေရခြင်းကြောင့် စာသင်ခန်းများစွာ လိုအပ်နေပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းတို့မှ ယခုကဲ့သို့ ဆောက်လုပ်လှူဒါန်းခြင်းသည် ကျောင်းနေအရွယ်ကလေးများအတွက် သင်ယူမှုဝန်းကျင်ကောင်းရရှိရန် များစွာ အထောက်အကူပြုသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပညာရေးအရည်အသွေး မြင့်မားရေးအတွက်လည်း အထောက်အကူပြုသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ဆောက်လုပ်လှူဒါန်းသည့် စာသင်ခန်းနှင့် အားကစားရုံတို့သည် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ကြီးဌာနအတွက်ပါ အသုံးဝင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးတန်ဖိုး မြင့်မားအောင် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးက ကျောင်းအုပ်ကြီး ဦးဟန်ဝင်းထံ စာသင်ဆောင်နှင့် အားကစားရုံဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် Art Wave Group Co.,Ltd ဥက္ကဋ္ဌ ဦးသစ္စာမှ အထက(၁၄) ရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စာရေးကိရိယာအစုံ ၂၀၀၀ လှူဒါန်းသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးဟန်ဝင်းက ကျေးဇူးတင်စကား ပြောကြားကာ Art Wave Group Co.,Ltd ကိုယ်စား Mr.Li Bo Song အားဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက မြန်မာ-တရုတ် ချစ်ကြည်ရေးသီချင်းဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စာသင်ဆောင်ရှိ စာသင်ခန်းများသို့ လှည့်လည်ကြည့်ရှုကြသည်။**(သတင်းစဉ်)**

# (၄၅) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

**ဒေါက်တာနီသက်ဦး (ဆေးသုတေသနဦးစီးဌာန)**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို (၄၅) ကြိမ်မြောက်အဖြစ် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်(တနင်္လာနေ့)မှ ဇန်နဝါရီ ၁၃ ရက်(သောကြာနေ့)အထိ ကျန်းမာရေးဆိုင်ရာသုတေသနပညာရပ်များ အဆင့်မြင့်မားတိုးတက်လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန်နှင့် ကျန်းမာရေးနှင့် နီးနွယ်ဆောင်ရွက်သော သုတေသီပညာရှင်များ၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို တင်ပြခြင်းဖြင့် အသုံးပြုမည့်သူများလက်ဝယ်သို့ သုတေသနရလဒ်များ ရောက်ရှိစေရန် ရည်ရွယ်ချက်များဖြင့် ဆေးသုတေသနဦးစီးဌာန အမှတ်(၅) ဇီဝကလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပတော့မည်ဖြစ်ပါသည်။**

ကျန်းမာရေးသုတေသနလုပ်ငန်းများမှ ရရှိလာသော သုတေသနတွေ့ရှိချက်ရလဒ်များကို ညီလာခံတွင် စာတမ်းအဖြစ် တင်သွင်းဖတ်ကြားခြင်းကို ၁၉၆၅ ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှစ၍ သုတေသနပိုစတာပြပွဲကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်မှစ၍ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ဆွေးနွေးပွဲ (Symposium) များ ကျင်းပခြင်းကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်မှစ၍ အကောင်းဆုံးစာတမ်းဆုများ၊ အကောင်းဆုံး ပိုစတာဆုများနှင့် ၂၀၁၀ ပြည့်နှစ်မှစ၍ လူငယ်သုတေသီဆုများချီးမြှင့်ခြင်းကိုလည်းကောင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ညီလာခံတွင် သုတေသနစာတမ်းများကို အခြေခံသုတေသန (Basic Research)၊ အသုံးချသုတေသန (Applied Research)၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန (Social, Science, Health Systems Research) နှင့် ပိုစတာအဖြစ်ဖြင့် သတ်မှတ်ဖော်ပြလျက် စာတမ်းအကျဉ်းကို (၃၁-၁၀-၂၀၁၆) ရက် နောက်ဆုံးထား၍လည်းကောင်း၊ စာတမ်းအပြည့်အစုံကို (၃၀-၁၁-၂၀၁၆) ရက် နောက်ဆုံးထား၍လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ နီးနွယ်ဝန်ကြီးဌာနများရှိ သုတေသီပညာရှင်များထံမှ ကျန်းမာရေးသုတေသနစာတမ်းများကို စုစည်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ပေးပို့လာသည့် စာတမ်းများကို စာတမ်းကြီးကြပ်ရေးဆပ်ကော်မတီက စိစစ်ပြီးနောက် အခြေခံသုတေသနစာတမ်း ၄၈ စောင်၊ အသုံးချသုတေသနစာတမ်း ၂၄ စောင်၊ လူမှုရေးနှင့်ကျန်းမာရေးစနစ်သုတေသနစာတမ်း ၃၁ စောင်၊ ပိုစတာစာတမ်း ၅၆ စောင်တို့အား ညီလာခံသို့ တင်သွင်းဖတ်ကြား၊ ပြသရန်လက်ခံထားရှိကြောင်း သိရှိရပါသည်။ တင်သွင်းမည့်စာတမ်းများတွင် ငှက်ဖျား၊ ကင်ဆာ၊ တီဘီ၊ အသည်းရောင်အသားဝါ၊ သွေးလွန်တုပ်ကွေး၊ ကလေးကျန်းမာရေး၊ သားဖွားနှင့်မီးယပ်၊ အာဟာရ၊ မျိုးဆက်ပွားကျန်းမာရေး၊ မြွေကိုက်သုတေသန၊ သွေးသုတေသန၊ ဇီဝကမ္မဆိုင်ရာသုတေသန၊ ကျန်းမာရေးစနစ်ဆိုင်ရာသုတေသန၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ခုခံအားကျဆင်းမှု၊ ပြည်သူ့ကျန်းမာရေး၊ တိုင်းရင်းဆေး၊ သွားကျန်းမာရေးတို့နှင့်ပတ်သက်သည့် သုတေသနများပါဝင်ကြောင်း သိရသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်ထုတ်စွမ်းအားတို့သည် အဓိကအားဖြင့် ထိုနိုင်ငံရှိ ပြည်သူလူထု၏ ကျန်းမာသန်စွမ်းမှုအပေါ်တွင် မူတည်နေပါသည်။ တစ်ဖန် ကျန်းမာသန်စွမ်းမှုသည်လည်း ထိုသူတို့၏ အာဟာရပြည့်ဝမှုပေါ်တွင် အခြေခံလျက်ရှိပါသည်။ အာဟာရချို့တဲ့/ပိုလျှံ မှုတို့ကြောင့် ရောဂါများဖြစ်ပွားနိုင်သလို ရောဂါများကြောင့်လည်း အာဟာရချို့တဲ့ခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ ယင်းအတွက်ကြောင့် လူသားဘဝအစပြုရာ ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေး၊ ကလေးမှစ၍ လူငယ်လူရွယ်နှင့် လူကြီးဘဝတစ်လျှောက်လုံးတွင် အာဟာရသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အတွက်ကြောင့် ယခု (၄၅)ကြိမ်မြောက် မြန်မာ့ကျန်းမာရေးသုတေသနညီလာခံကို "အာဟာရ အခြေအနေမြှင့်တင်ခြင်းနှင့် မြန်မာကလေးများ၏ အရပ်ပုကျုံလှီခြင်းကို လျှော့ချရန် (Improving the Nutrition Status and Reduction of Stunting in Myanmar Children)" ဟူသော Congress Theme ဖြင့် ကျင်းပရန် စီစဉ်ခဲ့ပါသည်။

ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲတွင်လည်း အာဟာရပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ နှစ်ခုပါဝင်မည်ဖြစ်သည်။ "Building National Nutrition Agenda-Where are We and What to Focus" ခေါင်းစဉ်ဖြင့် လက်ရှိလုပ်ဆောင်လျက်ရှိသော အာဟာရစီမံချက်များ၊ ပြည်သူလူထုအတွင်း အာဟာရအခြေအနေများကို ကျန်းမာရေးဌာနများမှသာမက အာဟာရနှင့် ဆက်နွယ်သော ဌာနများမှလည်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။

"အခွင့်အခါကောင်းကို စွဲမြဲစွာဆုပ်ကိုင်၍ အနာဂတ်ကိုစီမံခြင်း (Setting the Future by Grasping the Windows of Opportunity)" ဆွေးနွေးပွဲတွင်လည်း အာဟာရပြည့်ဝကျန်းမာအောင် နေထိုင်စားသောက်ခြင်းကို ဟန့်တားထားသော အကြောင်းအရာများအား မည်ကဲ့သို့ ကျော်ဖြတ်ရမည်ကို တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး ဘဝတစ်သက်တာလုံး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု အလေ့အကျင့်ကို မူလတန်းကျောင်းသား ကျောင်းသူများအား ပျိုးထောင်ပေးခြင်းဖြင့် ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်များဖြစ်စေခြင်းကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်သည့်အပြင် အာဟာရနှင့် ဆက်နွယ်သောနယ်ပယ်အသီးသီးမှ နိုင်ငံတကာပညာရှင်များကလည်း ပါဝင်ဆွေးနွေးကြမည်ဟု သိရှိရသည်။ ထို့ပြင် ဂျပန်နှင့် မြန်မာပညာရှင်များကလည်း "နေထိုင်စားသောက်မှုပုံစံကြောင့် ဖြစ်တတ်သော ရောဂါများအကြောင်း (Life Style Related Diseases)" ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာနှီးနှောဖလှယ် ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

ညီလာခံကျင်းပမည့်ရက်များအတွင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ၁၁ ခုနှင့် ဟောပြောပွဲတစ်ခုတို့ကို မြန်မာနိုင်ငံနှင့် ဂျပန်၊ ဩစတြေးလျ၊ အင်္ဂလန်၊ အင်ဒိုနီးရှား၊ အစ္စရေး၊ နယ်သာလန်နှင့် ကိုရီးယားနိုင်ငံတို့မှ ပညာရှင်များက တင်သွင်း၊ ဖတ်ကြား၊ ပြသဆွေးနွေး၊ နှီးနှောဖလှယ်ကြမည်ဟု သိရှိရသည်။ ပြည်တွင်း၊ ပြည်ပ NGO အဖွဲ့အစည်းများ၊ ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာ၊ ဓာတုပစ္စည်း တင်သွင်းသည့် ကုမ္ပဏီများနှင့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကဓာတ်ခွဲခန်းနှင့် ဆေးရုံ၊ ဆေးခန်းများကလည်း ဆေးနှင့် ဆေးပစ္စည်းကိရိယာပြခန်းများ ခင်းကျင်းပြသ၍ ခေတ်မီဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကြမည်ဖြစ်သည်။

ညီလာခံတွင် တင်သွင်းလာသည့် စာတမ်းများမှ အကောင်းဆုံးလက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ အကောင်းဆုံးအခြေခံသုတေသန စာတမ်းတစ်စောင်၊ အကောင်းဆုံးလူမှုရေးနှင့် ကျန်းမာရေးသုတေသနစာတမ်းတစ်စောင်နှင့် ပိုစတာများမှ အကောင်းဆုံးပိုစတာတစ်စောင် စုစုပေါင်း လေးစောင်ကို လည်းကောင်း၊ လူငယ်သုတေသီဆု သုံးခုအတွက် လက်တွေ့အသုံးချသုတေသနစာတမ်းတစ်စောင်၊ အခြေခံသုတေသနစာတမ်းတစ်စောင်၊ လူမှုရေးနှင့် ကျန်းမာရေးစနစ်သုတေသန စာတမ်းတစ်စောင် စုစုပေါင်း သုံးစောင်ကို လည်းကောင်း အကောင်းဆုံးစာတမ်းဆု ရွေးချယ်ရေးဆပ်ကော်မတီက အသီးသီးရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ ညီလာခံသို့ တက်ရောက်လာကြသူများအား Certificate of Attendance ၊ စာတမ်းတင်သွင်းသူ ပညာရှင်များအား Certificate of Paper presentation Certificate of Poster presentation များ ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။

> **ဘဝတစ်သက်တာလုံး ကျန်းမာရေးနှင့်ညီညွတ်သော နေထိုင်စားသောက်မှု အလေ့အကျင့်ကို မူလတန်းကျောင်းသား ကျောင်းသူများအား ပျိုးထောင်ပေးခြင်းဖြင့် ကျန်းမာသန်စွမ်းသော မျိုးဆက်သစ်များဖြစ်စေခြင်းကိုလည်း ထည့်သွင်းဆွေးနွေးမည်**

သုတေသနစာတမ်းရှင်များသည် ဆေးသုတေသနဦးစီးဌာနမှ ထုတ်ဝေသည့် မြန်မာ့ကျန်းမာရေးသိပ္ပံသုတေသနဂျာနယ် (Myanmar Health Sciences Research Journal)သို့ ပေးပို့လိုပါကလည်း ဂျာနယ်သတ်မှတ်ချက်များနှင့် ကိုက်ညီအောင်ဆောင် ရွက်စေလျက် ဂျာနယ်၏ website(www.myanmarhsrj.com)သို့ Online submission ဖြင့်ပေးပို့နိုင်ကြောင်း သိရှိရသည်။

ညီလာခံကျင်းပစဉ်အတွင်း တစ်နေ့တာတင်သွင်းဖတ်ကြားခဲ့သည့် သုတေသနစာတမ်းများနှင့်ပတ်သက်၍ ပြန်ကြားရေးဆပ်ကော်မတီမှ သတင်းမီဒီယာများကို ညနေပိုင်းတွင် လက်ခံတွေ့ဆုံ၍ သိလိုသည်များကို ဖြေကြားပေးမည်ဖြစ်ပါသည်။ ပိုမိုအသေးစိတ်သိရှိလိုပါက သုတေသနစာတမ်းတင်သွင်းသူ အဓိကသုတေသီပညာရှင်နှင့် သတင်းမီဒီယာတို့ တိုက်ရိုက်တွေ့ဆုံမေးမြန်းနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ညီလာခံကျင်းပသည့်ရက်များအတွင်း အဆင်ပြေချောမွေ့စေရေးနှင့် အောင်အောင်မြင်မြင်ကျင်းပပြီးစီးနိုင်ရေးအတွက် ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ပြန်ကြားရေး၊ ဧည့်ခံကျွေးမွေးရေးစသည့် အထောက်အကူပြု ဆပ်ကော်မတီများကလည်း ယခုအခါ လုပ်ငန်းတာဝန်များကို စနစ်တကျ တာဝန်ခွဲဝေအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

စာတမ်းတင်သွင်းကြမည့် သုတေသီပညာရှင်များနှင့် ညီလာခံသို့ အနယ်နယ် အရပ်ရပ်မှ ဆရာဝန်များ၊ သုတေသီများ၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နေသော ကျန်းမာရေးဝန်ထမ်းများ၊ ဘွဲ့လွန်သင်တန်းသားများသာမက သုတေသန စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံသို့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။ သုတေသီပညာရှင်များသည် မိမိတို့၏ သုတေသနစွမ်းဆောင်ရည် ပြည့်ဝမှုကို ပြသရန်နှင့် ပေးအပ်ချီးမြှင့်မည့် အကောင်းဆုံးသုတေသနစာတမ်းဆုများ၊ ပိုစတာဆုနှင့် လူငယ်သုတေသီဆုများ ရရှိစေရေးအတွက် အကောင်းဆုံးကြိုးစားဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ် စနစ်တကျတာဝန်ယူကျင်းပသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သုတေသနညီလာခံများသည် အစဉ်အလာအားဖြင့် အဆင့်အတန်းမြင့်အရည်အသွေးရှိသည့်အလျောက် သုတေသနညီလာခံရက်များအတွင်း ပညာရှင်များ၏ တင်ပြဆွေးနွေးတိုင်ပင် အဖြေရှာ ဖော်ထုတ်ချက်ရလဒ်များသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးကဏ္ဍတွင် များစွာအထောက်အကူပြုသဖြင့် ယခင်နှစ်များကဲ့သို့ပင် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။

## ဆေးမားအူလ်ဒုန်စီမံကိန်း ရွာမကျေးရွာတွင် လမ်းသစ်ဖွင့်

**ပဲခူး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မယင်းရွာမကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဆေးမားအူလ်ဒုန်စီမံကိန်းလမ်းသစ်ဖွင့်ပွဲအား ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ရွှေ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ဦးအောင်သန်းဇော်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၄၅၀ ခန့် တက်ရောက်ခဲ့သည်။

ဖွင့်လှစ်ခဲ့သော ရွာလမ်းမှာ ရွာလယ်လမ်းမ ပေ ၂၅၀၀ နှင့် လမ်းသွယ်များပါ စုစုပေါင်း ပေ ၃၅၀၀ ခန့် အရှည်ဖြစ်သည်။ ရွာမကျေးရွာသည် ပဲခူးမြို့မှ ၅ မိုင်ကွာဝေးပြီး အနီးအနားရှိ လေးအိမ်စုကျေးရွာ၊ ကံကြီးကျေးရွာနှင့် ရွာဟောင်းကျေးရွာများမှ ကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာ အသုံးပြုလျက်ရှိကာ ရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးခြင်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇန်နဝါရီ ၅ -** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

## အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များ တိုက်ရိုက်ရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်တွင်းအခွန်များဦးစီးဌာန သန်လျင်မြို့နယ်ရုံး အောင်ဘာလေဌာနခွဲ၌ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို ပြည်သူများအား တိုက်ရိုက်ရောင်းချပေးနေသည်ကို တွေ့မြင်ရသည်။

အဆိုပါ အောင်ဘာလေ ၂၀၀ ကျပ်တန် ထီလက်မှတ်များကို ယခင် ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေဌာနရုံး၌သာ ရောင်းချခဲ့ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးအစီအစဉ်ဖြင့် ခရိုင် လေးခရိုင်၊ တစ်ခရိုင်လျှင် နှစ်မြို့နယ်နှင့် ရှစ်မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှူးရုံး အောင်ဘာလေဌာနခွဲများတွင် ရောင်းချပေးနေကြောင်း သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ နှစ်ရာတန်ထီလက်မှတ်များကို လစဉ် ပထမပတ်တွင် စတင်ရောင်းချပေးပြီး ထီလက်မှတ်ဝယ်ယူသူများအနေဖြင့် မှတ်ပုံတင်မူရင်းပြကာ ဝယ်ယူရရှိနိုင်ကြောင်းနှင့် အောင်ဘာလေထီ မူလသတ်မှတ်နှုန်းထားအတိုင်း ၁၁ စောင်ပါ တစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည့်အတွက် ထီထိုးသူများ အကျိုးခံစားခွင့် အပြည့်အဝရရှိစေပြီး ပြည်တွင်းအခွန်ဦးစီးဌာနရုံးတိုင်းတွင် အစောင်ရေအလိုက် တစ်စောင်လျှင် ကျပ် ၂၀၀ ဖြင့် လွတ်လပ်စွာ ဝယ်ယူရရှိနိုင်ကြောင်း သန်လျင်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ၏ ပြောကြားချက်အရ သိရသည်။

**သက်ခိုင်(သန်လျင်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဟသူရဘွဲ့နှင့် သူရဘွဲ့ချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီဟသူရဘွဲ့နှင့် သူရဘွဲ့များချီးမြှင့်ခြင်းခံရသော အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သီဟသူရဘွဲ့နှင့် သူရဘွဲ့များချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ ဂုဏ်ပြုနံနက်စာကို အတူတကွ သုံးဆောင်ကြသည်။

နံနက်စာ သုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် သီဟသူရဘွဲ့နှင့် သူရဘွဲ့များ ချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီဟသူရဘွဲ့နှင့် သူရဘွဲ့ချီးမြှင့်ခြင်းခံရသည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားစဉ်** (သတင်းစဉ်)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် ဖြစ်စဉ်များနှင့် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ၌ ဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်တို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၅**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့)ကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးအတွက် ခွင့်ပန်ကြားခြင်းကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီအတွင်းရေးမှူး နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေက တင်ပြပြီး ပြည်နယ်လွှတ်တော်က သဘောတူကြောင်းနှင့် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးမှ ကြယ်ပွင့်ပြမေးခွန်း (၁၂)ခု မေးမြန်းခြင်းနှင့် အဆို(၁)ခု တင်သွင်းရာ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၏ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့ မြို့ပေါ်ရပ်ကွက် (၅)ခု၊ မြို့နှင့် ထိစပ်နေသော ကျေးရွာအုပ်စုများ၊ ကျေးရွာများ သောက်သုံးရေလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်း၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) ရရှိပြီး လယ်ယာမြေများရောင်းချခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်းတို့ကို တည်ဆဲဥပဒေနှင့်အညီ တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ပြီး အမည်ပြောင်းလဲခွင့်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ စပ်လျဉ်းသည့်မေးခွန်းနှင့် ရပ်စောက်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စုအတွင်းရှိ တောင်ကွေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ရှိလျှင်မည်သည့်နှစ်တွင် ဖွင့်လှစ်ပေးနိုင်မည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်၏ တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့ မြို့ရေပေးရေးအတွက် ခန့်မှန်းကုန်ကျစရိတ် ကျပ်သိန်းလေးထောင့်သုံးရာအနက် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန် ကျပ်သိန်းသုံးရာကို ခွင့်ပြုချမှတ်ပေးခဲ့ရာ ရေပိုက်များဝယ်ယူ စုဆောင်းထားရှိပြီးဖြစ် သည်။ ကျပ်သိန်းလေးထောင်ကို ချမှတ်ပေးနိုင်ပါရန် စပ်လျဉ်းသည့် မေးခွန်း၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝမ်းဆန်၏ မိုင်းခတ်မြို့နယ်ရှိ ပြည်သူလူထုများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အခက်အခဲများရှိသည့်အတွက် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်သုံးဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးအား အမြန်ဆုံးခန့်ထားပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းများ မေးမြန်းရာ သက်ဆိုင်ရာအစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း၏ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာအုပ်စုသည် လူဦးရေများပြားလာသည့်အတွက် ဒေသခံလူထု၏တောင်းဆိုတင်ပြချက်အရ ဒေသခံပြည်သူလူထုအကျိုးရှိလာစေရန် ငါးအိုးကျေးရွာအုပ်စုအား မြို့ပြအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အဆိုကို ပြည်နယ်လွှတ်တော်သို့တင်သွင်းပြီး ယင်းအဆိုကို ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီချို့က ထောက်ခံဆွေးနွေး၍ လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ယင်းအဆိုကိုဆွေးနွေးလိုသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်းနှင့် ယင်းအဆိုအား ဇန်နဝါရီ ၆ ရက်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။ **(ပြည်နယ် ပြန်/ဆက်)**



# မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) က နာမကျန်းထောက်ပံ့ငွေ ပေးအပ်

**ဖြူး ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် စာရေးဆရာအသင်းနာယက ဦးမြင့်ဦး (ဖြူးမြင့်ဦး) သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ကမာရွတ်မြို့နယ် လှည်းတန်းတွင် ဖွင့်လှစ်ထားရှိသည့် မေတ္တာဦးမျက်စိအထူးကုဆေးရုံ၌ ယာဘက်မျက်လုံးခွဲစိတ်ကုသမှုခံယူခဲ့သဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (ဗဟို) မှ နာမကျန်းထောက်ပံ့ငွေကျပ် နှစ်သောင်းကို ဖြူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း) နှင့် အတွင်းရေးမှူး ဦးဖြူဝင်း (တမာသင်းခိုင်)တို့က ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီက အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

အလားတူ နာမကျန်းထောက်ပံ့ငွေကျပ် နှစ်သောင်းကို စက်တင်ဘာလက နာမကျန်းဖြစ်၍ ဆေးရုံတက်ရောက်ကုသမှုခံယူရသူ အသင်းဝင် ဦးထွန်းလွင် (မောင်ဖူးငုံ) အား ထိုနေ့ညနေပိုင်းက (ဗဟို) မှ နာမကျန်းထောက်ပံ့ငွေကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၅၆)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၅** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။ **(မိုး/ဇလ)**

## မြောက်ဦးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်နယ်ဝန်ကြီးများ ဒေသခံများနှင့်တွေ့ဆုံ

**မြောက်ဦး ဇန်နဝါရီ ၅**




ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ ပြည်နယ်ဝန်ကြီးများနှင့် မြောက်ဦးဒေသခံများ တွေ့ဆုံပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးမှ ပြည်နယ်ဝန်ကြီးများဖြစ်သော ပြည်နယ်ဘဏ္ဍာရေး ၊ အခွန် ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင် / မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ အသီးသီးမှ ဖိတ်ကြားထားသည့်ပုဂ္ဂိုလ်များ၊ NGO အဖွဲ့ဝင်များနှင့်ဒေသခံမြို့မိ မြို့ဖများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းနှင့် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လေယာဉ်ကွင်းတည်ဆောက်ရေးလုပ်ငန်း၊ အားကစားရုံတည်ဆောက်ရေးလုပ်ငန်း ၊ မြို့သစ်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှေးဟောင်းမြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ မြို့သစ်တည်ဆောက်ရေး၊ ဟိုတယ်ဇုန်သတ်မှတ်တည်ဆောက်ရေး၊ အသေးစားစက်မှုဇုန်များ စသောဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများ၊ အခြား လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန် / ဆက်)**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ မန္တလေးတိုင်းဒေသကြီးအတွင်း သွားနှင့်ခံတွင်း စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၅**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်မှ ကျောင်းသား ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များနှင့် ဆရာ ဆရာမများ ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၉ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် သွားနှင့် ခံတွင်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ စတုတ္ထနှစ်ဘီဒီအက်စ် (၁/၂၀၁၆) သင်တန်းမှကျောင်းသား ကျောင်းသူ ၁၄၇ ဦး၊ အလုပ်သင်ဆရာဝန် ၃၀နှင့် ဆရာ ဆရာမ ၁၉ ဦး စုစုပေါင်း ၁၉၆ ဦးပါဝင်ပြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးနှင့် ငါန်းဇွန်မြို့နယ်များအတွင်း ပြည်သူ့အကျိုးပြု သွားနှင့် ခံတွင်းစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ပြည်သူ ၃၄၃၉ ဦးအား ပညာပေးဟောပြောခြင်း၊ ပြည်သူ ၃၇၇၀ အား သွားနှင့်ခံတွင်းစစ်တမ်းကောက်ယူခြင်း၊ ဝေဒနာရှင် ၂၁၃၃ ဦးအား အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အမြင့်ဆုံးအပူချိန်မှာ ဇန်နဝါရီ ၄ ရက်က ၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် ၈၆ ဒီဂရီဖာရင် ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီ ၅ ရက်က ၁၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ် ၆၆ ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း သိရသည်။ **(မိုး / ဇလ)**

# ဘူးသီးတောင်မြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့၏ ဆက်စပ်သတင်းများဖော်ထုတ်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှု သင်တန်းပို့ချသူနှင့် သင်တန်းတက်ရောက်ပြီးသူ လေးဦးကို လက်နက်များနှင့်အတူ ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ ယမန်နေ့က ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်အဖွဲ့များနှင့်ဆက်စပ်သည့် သတင်းဆက်များရရှိရေး စစ်ကြောဖော်ထုတ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

### တိုက်ခိုက်နည်းများလေ့ကျင့်သင်ကြားပြသ

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်းက ဘူးသီးတောင်မြို့နယ် ဒါးပိုင်ဆရာကျေးရွာ၏ အနောက်ဘက်ရှိ တောင်ကုန်းတစ်ခုတွင် မောင်ကြီးတောင်ကျေးရွာ၊ ဒါးပိုင်ဆရာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရွာသား ၃၀ ခန့်နှင့်အတူ ရက်သတ္တပတ်နှစ်ပတ်ကြာ အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းဖွင့်လှစ်ခဲ့ကြောင်း၊ ၎င်းတို့အား တစ်ဖက်နိုင်ငံသား နှစ်ဦးက အကြမ်းဖက် တိုက်ခိုက်နည်းများ လေ့ကျင့်သင်ကြားပြသပေးခဲ့ကြောင်း၊ သင်တန်းတွင် သေနတ်ပစ်ခတ်နည်းများနှင့် အခြေခံသိုင်းပညာများကို ချင်းသမားကျေးရွာအုပ်စု၊ ပုလဲတောင်ကျေးရွာနေ မော်လဝီအဒူရော်ဇောက်နှင့် တစ်ဖက်နိုင်ငံသား နှစ်ဦးက သင်ကြားပြသပေးခဲ့ကြောင်း၊ အလားတူ အကြမ်းဖက်တိုက်ခိုက်နည်း သင်တန်းများကို မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအနီး တောင်ခြေရှိလယ်ကွင်းတွင် ရွာသား ၁၅ ဦးခန့်၊ မောင်ကြီးတောင်ကျေးရွာ၏ အနောက်ဘက်တောင်ကြားတွင် ၁၀ ဦးခန့်တို့ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းကလည်းကောင်း၊ ဂေါ်ဒူသာရ အရှေ့ကျေးရွာတွင် ၁၀ ဦးခန့်နှင့် ဒါးပိုင်ဆရာကျေးရွာရှိ ဆူနာလီ၏ ဥယျာဉ်ခြံဝင်း၌ ငါးဦးခန့်တို့ဖြင့် ဇူလိုင်လအတွင်းက လည်းကောင်း၊ ဆင်အိုးပြင်ကျေးရွာရှိ မာမက်ရှား၏ ဥယျာဉ်ခြံဝင်း၌ ငါးဦးခန့်ဖြင့် နိုဝင်ဘာလအတွင်းကလည်းကောင်း အသီးသီးဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရှိရသည်။

သင်တန်းတက်ရောက်နေစဉ်အတွင်း တစ်ဖက်နိုင်ငံသား နှစ်ဦးနှင့် သင်တန်းတက်ရောက်သူ မောင်ကြီးတောင်ကျေးရွာနေ ဆာဒတ်တို့က လုပ်သေနတ်များပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံသားနှစ်ဦးက သေနတ်ပြုလုပ်ရန် လိုအပ်သည့်အချက်အလက်များ တွက်ချက်ပေးပြီး သင်တန်းအတူတက်ရောက်သူ ဆာဒတ်နှင့် မာမောက်ရော်ရှီးတို့နှစ်ဦးက လိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ဘူးသီးတောင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ဆန်းသစ်စက်မှုလုပ်ငန်းသို့ သွားရောက်ဝယ်ယူခဲ့ကြောင်းနှင့် ဆာဒတ်၊ ကူမူရူးနှင့် တစ်ဖက်နိုင်ငံသား နှစ်ဦးတို့က လုပ်သေနတ်များကို တပ်ဆင်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လအတွင်း မောင်ကြီးတောင်ကျေးရွာသား မာမောက်ရှောနှင့် ဇော်တူလာယူစွပ်တို့ နှစ်ဦးသည် တစ်ဖက်နိုင်ငံ ကူတူပါလောင်ဒုက္ခသည်စခန်းမှ နယ်စပ် (စိစစ်ဆဲ)နေရာကို ဖြတ်ကျော်ကာ ကြိမ်ချောင်း-ဂုတ်ပိတောင်ကျော် လမ်းကြောင်းမှတစ်ဆင့် မောင်ကြီးတောင်ကျေးရွာရှိ မာမတ်ကာယာထံသို့ လုပ်သေနတ် ၁၆ လက်ခန့် လာရောက်ပို့ဆောင်ခဲ့ပြီး မောင်ကြီးတောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူငယ်များအား စုစည်းထားရှိရန်နှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ခန့်တွင် တစ်ဖက်နိုင်ငံမှတစ်ဆင့် အကြမ်းဖက်သောင်းကျန်းသူ ၁၀၀ ခန့်သည် လက်နက်များကိုယ်စီ ကိုင်ဆောင်ပြီး လာရောက်မည်ဖြစ်ကြောင်း၊ ၎င်းအဖွဲ့များ ဝင်ရောက်လာပါက စား၊ ဝတ်၊ နေရေးအတွက် မာမတ်ကာယာ၊ မာမတ်ရှားနှင့်လာလူးတို့က တာဝန်ယူပေးရမည်ဖြစ်ကြောင်း၊ ဘူးသီးတောင်ရှိ တပ်၊ စခန်းများကို လက်နက်ကိုင်ဆောင်ပြီး ဝင်ရောက်စီးနင်းတိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားကာ တစ်ဖက်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း၊ ၎င်းတို့အဖွဲ့အား ငွေကြေးထောက်ပံ့နေသူမှာ မောင်ကြီးတောင်ကျေးရွာတာဝန်ခံ မာမတ်ရှားဖြစ်ကြောင်း သိရှိရသည်။

အဆိုပါစစ်ဆေး ဖော်ထုတ်ချက်များအရ မောင်ကြီးတောင်ကျေးရွာတာဝန်ခံ မာမတ်ရှားကို ဖမ်းဆီးထိန်းသိမ်းစစ်ကြောလျက်ရှိပြီး ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ကြက်ရိုးပြင်၊ ပြောင်ပိုက်နှင့် ဒါးကြီးစားကျေးရွာများသို့ ပြည်နယ်အစိုးရက ထောက်ပံ့သော ဆန်၊ အဝတ်အထည်နှင့် ရွက်ဖျင်တဲများကို ယနေ့ နံနက်ပိုင်းက ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့နှင့်အတူ UNHCR နှင့် Malteser အဖွဲ့များက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။



မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာအုပ်စု ကြက်ရိုးပြင်ရွာရှိ အိမ်ထောင်စု ၂၉၈ စု လူဦးရေ ၃၈၉၅ ဦးအတွက် ဆန် ၇၅ အိတ်၊ ပဲငါးအိတ်နှင့် အဝတ်အထည် ၆၀၀ ကိုလည်းကောင်း၊ ငါးစားကြူးကျေးရွာအုပ်စု ပြောင်ပိုက်ကျေးရွာရှိ အိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ ၁၃၃၁ ဦးအတွက် ဆန် ၂၉ အိတ်၊ ပဲနှစ်အိတ်၊ အဝတ်အထည် ၂၀၀ခန့်ကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ ဒါးကြီးစားကျေးရွာရှိ အိမ်ထောင်စု ၈၃ စု၊ လူဦးရေ ၃၁၇၈ ဦးအတွက် ဆန် ၂၅ အိတ်၊ ပဲ နှစ်အိတ်၊ အဝတ်အထည် ၂၀၀ နှင့် ရွက်ဖျင်တဲကြီး ၁၂ ခုကို ထောက်ပံ့ပေးအပ်ခဲ့သည်။

"အခု ကျွန်တော်တို့ ရွာသုံးရွာကို သွားရောက်ထောက်ပံ့ခဲ့တာ တတိယအကြိမ်မြောက်ဖြစ်ပြီးတော့ ကျေးရွာသုံးရွာက စုစုပေါင်း အိမ်ထောင်စု ၅၉၇ စု၊ လူဦးရေ ၈၄၀၄ အတွက် ဆန်အိတ် ၁၂၈ အိတ်၊ ပဲ ၃၃၇ ပိဿာငါးဆယ်ကျပ်သားနဲ့ ရွက်ဖျင်တဲ ၁၂ လုံး သွားရောက်ပေးအပ်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ NGO တွေ ၊ INGO တွေနဲ့ပူးပေါင်းပြီး လိုအပ်တဲ့နေရာတွေမှာ ဆက်လက်ထောက်ပံ့ပေးသွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်"ဟု ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ပြောသည်။

ယနေ့ ထောက်ပံ့ပစ္စည်းများ သွားရောက်ထောက်ပံ့ပေးခဲ့သော ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများပါဝင်သော ရွှေလျားဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း - ဇင်ဦး၊ ကိုမင်း**
**ဓာတ်ပုံ - သီဟစည်သူ**

# မောင်တောမြို့နယ် ဆင်သေပြင်ကျေးရွာတွင် နေအိမ်မီးလောင်



**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ် ဆင်သေပြင်ကျေးရွာတွင် လူနေထိုင်ခြင်းမရှိသော နေအိမ်တစ်လုံး ဇန်နဝါရီ ၄ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ငါးခူရရဲစခန်းအပိုင် လောင်းဒုံကျေးရွာအုပ်စု ဆင်သေပြင် ကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် ပျဉ်ခင်း၊ ဝါးထရံကာ၊ သက်ငယ်မိုး နှစ်ထပ်အိမ်တစ်လုံး ယမန်နေ့ ည ၉ နာရီ ၁၅ မိနစ်က မီးစတင်လောင်သဖြင့် ဆင်သေပြင်ကျေးရွာ ရွာသားများက ဝိုင်းဝန်း၍ ငြှိမ်းသတ်ခဲ့ရာ နာရီဝက်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အဆိုပါ မီးလောင်မှုနှင့် စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်ရေး ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ခရီးသည်တင်ယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပဲရုံဆိပ်ကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၃၇/၁-၂) ကြားတွင် ဇန်နဝါရီ ၄ ရက်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



**အရေးယူထား**

ဖြစ်စဉ်မှာ ချောင်းကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ ပုသိမ်ဘက်သို့ ပုသိမ်မြို့ မြက်တိုရပ်နေ နေလင်းထွဋ် မောင်းနှင်လာသည့် မော်ကွန်းသစ် ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွား၍ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဦးမြင့်ဖြိုး (၅၂ နှစ်)တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ပုသိမ်မြို့နေ ဒေါ်စန်းစန်း(၅၅ နှစ်) ပါ ငါးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း နေလင်းထွဋ်ကို ချောင်းကြီးနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဘင်္ဂလားဒေ့ရှ်သို့ အခငွေယူပို့ဆောင်သူနှင့် သွားရောက်မည့်သူ ငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

မောင်တောမြို့နယ် ကွမ်းသီးပင်(အလယ်)ရွာ၌ အခကြေးငွေယူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ဆောင်ပေးနေသူတစ်ဦးနှင့် သွားရောက်မည့်သူ ငါးဦးအား ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိကြောင်း သိရသည်။

မောင်တောမြို့နယ် ကွမ်းသီးပင်(အလယ်)ရွာအနီး ကွမ်းသီးပင်ချောင်းဝကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကွမ်းသီးပင်(အလယ်) ရွာနေ တာဇော်မိုကုတ်နှင့် အောက်ပြူးမကျေးရွာနေ အဒူရှုက္ကူရ်ပါ ငါးဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရာ တာဇော်မိုကုတ်သည် အဒူရှုက္ကူရ်ပါ ငါးဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အခကြေးငွေယူ၍ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်းသိရသဖြင့် တာဇော်မိုကုတ်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**အခကြေးငွေယူ၍ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည့် တာဇော်မိုကုတ်အား တွေ့ရစဉ်** (ဝဲပုံ)

**တစ်ဖက်နိုင်ငံသို့ ခိုးထွက်မည့် အဒူရှုက္ကူရ်ပါ ငါးဦးအား တွေ့ရစဉ်** (အောက်ပုံ)



# ဘူးသီးတောင်မြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်ရေး သင်တန်းတက်ရောက်ပြီးသူနှစ်ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မောင်ကြီးတောင်ကျေးရွာ၌ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်ရေးသင်တန်းပို့ချသူနှင့် သင်တန်းတက်ရောက်ပြီးသူများအား ဇန်နဝါရီ ၄ ရက်က ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား စစ်ကြောမေးမြန်းချက်များအရ မောင်ကြီးတောင်ကျေးရွာအုပ်စု မြစ်နားကျေးရွာ၌လည်း လက်နက်ကိုင်အကြမ်းဖက်သင်တန်း တက်ရောက်ပြီးသူများ ခိုအောင်းနေကြောင်း ဖော်ထုတ်သိရှိရသဖြင့် တပ်မတော်စစ်ကြောင်းက မြစ်နားကျေးရွာအတွင်းနှင့် အနီးပတ်ဝန်းကျင်အား သွားရောက်ရှင်းလင်းစဉ် ယနေ့ ညနေ ၅ နာရီခန့်တွင် လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်ရေးသင်တန်း တက်ရောက်ပြီးသူ မြစ်နားကျေးရွာနေ အီဘရာဟိန်း (ဘ)အီဒီရက်စ်နှင့် မာမတ်ရှား (ဘ) အီဘရာဟိန်းတို့နှစ်ဦးအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။ **(အောက်ပုံ)**

ဖမ်းဆီးရမိသူများအား ဘူးသီးတောင်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ စနစ်တကျလွှဲပြောင်းအပ်နှံ၍ ဆက်စပ်သတင်းများထပ်မံရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမေရိကန်နိုင်ငံ စတော့ရှယ်ယာတိုးတက်ပြောင်းလဲရေး စတော့ရှယ်ယာ ရောင်းဝယ်ရေးကော်မတီဥက္ကဋ္ဌအား ထရန့်ရွေးချယ်ခန့်အပ်




**ဝါရှင်တန် ဇန်နဝါရီ ၅**
အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်သည် ဂျေကလေတန် (ဆူလီဗန်နှင့်ခရွန်ဝဲလ်ရှေ့နေဝန်ဆောင်မှုကုမ္ပဏီ၏ ရှေ့နေနှင့် ဒါရိုက်တာ)အား အမေရိကန်နိုင်ငံ၏ စတော့ရှယ်ယာ ရောင်းဝယ်ရေးကော်မတီဥက္ကဋ္ဌရာထူးအတွက် ရွေးချယ်ခဲ့ပြီး ဖက်ဒရယ်စောင့်ကြည့်ထိန်းချုပ်ရေးကို လျှော့ချကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည့် သတင်းတစ်ရပ်ကို ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် ဖော်ပြခဲ့သည်။

ဒေါ်နယ်ထရန့်က ကလေတန်သည် ငွေကြေးစောင့်ကြည့်ထိန်းချုပ်ရေးဆိုင်ရာဥပဒေတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်ကြောင်း၊ ငွေကြေးအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်ဖန်တီးရန်တို့ကို သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အမေရိကန်လုပ်ငန်းကုမ္ပဏီများအား အနှောင့်အယှက်ဖြစ်စေမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိန်းချုပ်သတ်မှတ်ချက်များကို ပယ်ဖျက်ပြီး ငွေကြေးဆိုင်ရာလုပ်ငန်းများကို ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကလေတန်သည် မာဂျာနှင့် အကွီဇီးရှင်း (အမ် အန်ဒ်အေ) ရောင်းဝယ်ခြင်း၊ စျေးကွက်တင်၍ ငွေကြေးစုဆောင်းရှာဖွေခြင်းနှင့် စောင့်ကြည့်ထိန်းချုပ်ခြင်းများတွင် အတွေ့အကြုံများစွာရှိသူဖြစ်ကြောင်း၊ ထို့ပြင် အလီဘာဘာလုပ်ငန်းကုမ္ပဏီ၏စျေးကွက်တင်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သူလည်းဖြစ်ကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြခဲ့သည်။

ငွေကြေးစျေးကွက်ဖြစ်သည့် ဝေါစထရိစ်မှ ရှေ့နေတစ်ဦးအား အမေရိကန်စတော့ရှယ်ယာရောင်းဝယ်ရေးကော်မတီ၏ ဥက္ကဋ္ဌ ရာထူးအားပေးအပ်ခြင်းသည် စတော့ရှယ်ယာရောင်းဝယ်ရေးပြောင်းလဲရန် တွန်းအားတစ်ခုဖြစ်နိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောကြားခဲ့သော်လည်း အမေရိကန်လွှတ်တော်ကိုယ်စားလှယ်အချို့က ကလေတန်သည် ဝေါစထရိစ်၏အကျိုးစီးပွားကိုသာ ဦးစားပေးပြီး ပြည်သူများ၏အကျိုးစီးပွားကို လျစ်လျူရှုမည်ကို စိုးရိမ်ကြောင်းပြောခဲ့သည်။ အမေရိကန်အထက်လွှတ်တော်ကအတည်ပြုမှသာ ကလေတန်ကို အတည်ပြုခန့်အပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ဥရောပသမဂ္ဂသို့ စေလွှတ်ရန် သံတမန်အဖြစ် တင်မ်ဘာရိုအားခန့်အပ်



**လန်ဒန် ဇန်နဝါရီ ၅**
ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂသို့ သံကိုယ်စားလှယ်အဖြစ် အကြီးတန်းသံတမန် အဖွဲ့ဝင်တစ်ဦးအား ခန့်အပ်လိုက်ကြောင်း သိရသည်။ ဝန်ကြီးချုပ်ထရီဆာမေ၏ နည်းဗျူဟာများနှင့်ပတ်သက်၍ အာဏာပိုင်များအား စိတ်ပျက်စေခဲ့သည့် စာတစ်စောင်ကို ရေးသားကာနုတ်ထွက်သွားခဲ့သည့် သံအမတ်တစ်ဦး၏ နေရာတွင် အစားထိုးရန် အဆိုပါပုဂ္ဂိုလ်အား ခန့်အပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားသံအမတ်ဟောင်း တစ်ဦးဖြစ်သည့် ပြည်ပနှင့် ဓနသဟာယနိုင်ငံများ ရုံးအဖွဲ့၏ နိုင်ငံရေးညွှန်ကြားသူ တင်မ်ဘာရိုသည် လာမည့်သီတင်းပတ်တွင် အဆိုပါရာထူးနေရာကို တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အီဗန်ရော်ဂျာ၏ နုတ်ထွက်မှုအပြီးတွင် မစ္စ ထရီဆာမေ၏ ဗြိတိန်အစိုးရအဖွဲ့ရုံးက ပြောကြားခဲ့သည်။

သံတမန်အဖွဲ့ဝင်လုပ်သက် အနှစ် ၃၀ ကျော်ရှိခဲ့သည့် ဘာရိုအား ရွေးချယ်လိုက်ခြင်းသည် အီးယူမှ ဗြိတိန်၏ နုတ်ထွက်ရေး လှုပ်ရှားနေသူအချို့ကို မကျေမနပ်ဖြစ်စေခဲ့သည်။

ဘာရိုသည် ဘရပ်ဆဲလ်ရှိ ဗြိတိန်သံရုံးတွင် အတွင်းရေးမှူးအဖြစ် ဦးစွာ တာဝန်ထမ်းဆောင်ခဲ့သည်။ သို့သော် ဗြိတိန်အီးယူမှ နုတ်ထွက်ရေးနှင့်ပတ်သက်၍ အများပြည်သူ၏ ထောက်ခံမှုကို များစွာရရှိခဲ့ခြင်းမရှိပေ။ ဗြိတိန်အစိုးရအဖွဲ့ရုံးက ၎င်းအား အတွေ့အကြုံများပြားပြီး ခိုင်မာမှုရှိသည့် စေ့စပ်ညှိနှိုင်းရေးသမားကောင်းတစ်ယောက်ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

## မိုဆူးလ်မြို့၏ ၇၀ရာခိုင်နှုန်းကို အိုင်အက်စ်တို့လက်အတွင်းမှ ပြန်လည်ရယူနိုင်ခဲ့

**မိုဆူးလ် ဇန်နဝါရီ ၅**
အီရတ်တပ်ဖွဲ့များသည် မိုဆူးလ် အရှေ့ပိုင်းရှိ နယ်မြေများ၏ ၇၀ ရာခိုင်နှုန်းကို အိုင်အက်စ်စစ်သွေးကြွများထံမှ ပြန်လည်ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မကြာမီရက်များအတွင်း မိုဆူးလ်မြို့ကို ပိုင်းခြားထားသည့် မြစ်အနီးသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးအဖွဲ့မှ အာဏာပိုင်တစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး တာလစ်ရှဟာတီသည် မြောက်ပိုင်းမြို့များကိုပါ ပြန်လည်ရရှိနိုင်ရေးအတွက် စစ်ဆင်ရေးတစ်ရပ်ကို ဦးဆောင်ချီတက်လျက်ရှိပြီး ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုက အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား တိုက်ခိုက်နှိမ်နင်းမှုများ တိုးချဲ့လုပ်ဆောင်နိုင်ရေး အထောက်အကူများစွာဖြစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။

လွန်ခဲ့သော တစ်ပတ်အကြာက အမေရိကန်ဦးဆောင်သည့် မဟာမိတ်အဖွဲ့များက အီရတ်တပ်မတော်အင်အားစုများအား ကျောထောက်နောက်ခံပေးခဲ့ချိန်မှစတင်ကာ အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့များသည် အရှိန်အဟုန်ဖြင့် အောင်ပွဲခံလျက်ရှိသည်။ ခုခံတိုက်ခိုက်မှုများရှိသော်လည်း အရှေ့ပိုင်းဒေသရှိ နယ်မြေများအား နယ်မြေရှင်းလင်းမှုများ ပိုမိုလုပ်ဆောင်လာနိုင်ခဲ့သည်။ အရှေ့ပိုင်းဒေသရှိ နယ်မြေများ၏ ၇၀ရာခိုင်နှုန်းခန့်သည် အိုင်အက်စ်အဖွဲ့၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**



## တူရကီနိုက်ကလပ် တိုက်ခိုက်မှုတွင် ဝီဂါမျိုးနွယ်စုမှလူများအား ရဲတပ်ဖွဲ့ကဖမ်းဆီး

**အန်ကာရာ ဇန်နဝါရီ ၅**
တူရကီနိုင်ငံတွင် လူ ၃၉ ဦးအား သေစေခဲ့သော နိုက်ကလပ်တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဝီဂါမျိုးနွယ်စုဝင်များစွာကို ဖမ်းဆီးအရေးယူခဲ့ကြောင်း နိုင်ငံပိုင်အနာဒိုလူသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းခံထားရသူများသည် တရုတ်နိုင်ငံ ရှင်ကျန့်ဒေသမှလာခဲ့ပြီး နိုက်ကလပ်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သူများနှင့်ပတ်သက်ဆက်နွှယ်လျက်ရှိကြောင်း အနာဒိုလူသတင်းစာ၌ ဖော်ပြထားသည်။ ဒုတိယဝန်ကြီးချုပ်ဗေစီကေနတ်က သံသယရှိသူများသည် တိုက်ခိုက်မှုလုပ်ဆောင်သည့် သေနတ်သမားကိုဖမ်းဆီးနိုင်ရန်နီးကပ်လာပြီဖြစ်ပြီး အဆိုပါသေနတ်သမားမှာလည်း ဝီဂါမျိုးနွယ်စုဝင်တစ်ဦးပင် ဖြစ်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့သည်။ **(အေပီ)**



## လာမည့်ဖေဖော်ဝါရီလတွင် အာကာသမစ်ရှင်တစ်ခုတည်းဖြင့် ဂြိုဟ်တု ၁၀၃ ခု အိန္ဒိယ လွှတ်တင်မည်

**နယူးဒေလီ ဇန်နဝါရီ ၅**
လာမည့်ဖေဖော်ဝါရီလပထမပတ်အတွင်း အိန္ဒိယနိုင်ငံက အာကာသမစ်ရှင်တစ်ခုတည်းဖြင့် ဂြိုဟ်တု ၁၀၃ ခုလွှတ်တင်လိုက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်အာကာသအေဂျင်စီက မကြာသေးမီက ထုတ်ပြန်ကြေညာသည်။

ဂြိုဟ်တုအကြီး သုံးခုနှင့် အသေးအခု ၁၀၀ အား ပိုလာဂြိုဟ်တုလွှတ်တင်ရေးယာဉ်ဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း ဆရီဟာရီကိုတာ အာကာသလွှတ်တင်ရေးစခန်းမှ လွှတ်တင်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အာကာသလေ့လာရေးအဖွဲ့အစည်း အိုင်အက်စ်အာအိုမှ သိပ္ပံပညာရှင်များက တီရူပတီမြို့တောင်ဘက် ဘုရားကျောင်းတွင် ပြုလုပ်ခဲ့သည့် အိန္ဒိယနိုင်ငံ သိပ္ပံကွန်ဂရက်တွင် ယမန်နေ့က ပြောခဲ့သည်။

ယခုလွှတ်တင်မှုသည် အိန္ဒိယနိုင်ငံ အာကာသ လေ့လာရေးအဖွဲ့အစည်း အိုင်အက်စ်အာအို၏ အာကာသမစ်ရှင်တစ်ခုတည်းဖြင့် အာကာသအတွင်းသို့ ဂြိုဟ်တုအများဆုံး လွှတ်တင်သည့် ပထမဆုံးမစ်ရှင်တစ်ခု ဖြစ်သည်။ လွန်ခဲ့သောနှစ် ဇွန်လတွင် အာကာသမစ်ရှင်တစ်ခုတည်းဖြင့် ဂြိုဟ်တု ၂၅ ခုလွှတ်တင်ခဲ့ဖူးကြောင်း သိရသည်။

ယခုအချိန်အထိ အာကာသမစ်ရှင်တစ်ခုတည်းဖြင့် ဂြိုဟ်တုအများဆုံးလွှတ်တင်နိုင်ခဲ့သည့် နိုင်ငံမှာ ရုရှားနိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဂြိုဟ်တု ၃၇ ခု လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်နိုင်ငံက ၂၉ ခု လွှတ်တင်ကာ ဒုတိယ အများဆုံးနေရာတွင် ရှိနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ထွန်းနိုင်ဦး(တောင်ငူ)က ယော့သစ်(ဒ)ပက်ဆနန်(ထိုင်း)အား အလဲထိုး

**တောင်ငူ ဇန်နဝါရီ ၅**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၁ နာရီက တောင်ငူခရိုင် မိုးလုံလေလုံ အားကစားရုံကြီး၌ ကျင်းပသည်။

ယှဉ်ပြိုင်ပွဲတွင် မျိုးဆက်သစ်ကြားပွဲ သုံးချီစိန်ခေါ်ပွဲ၌ ဆန္ဒအောင်(အဖြူရောင်သွေးသစ်)နှင့် မင်းသန်းလေး (T&T သထုံ)တို့ သရေကျခဲ့ပြီး ဘဝင်း (နဂါးမာန်)နှင့် ရဲဝင်းလှိုင် (AMT)တို့က လည်း သရေပွဲဖြစ်ခဲ့သည်။ သွေးသစ်အောင် (အဖြူရောင်သွေးသစ်)က သားဇော်ဦး(T&T သထုံ)ကို လည်းကောင်း၊ တက်လူ(ကေတုမတီမြို့သစ်)ကို မင်းထက်လှိုင်(တောင်ငူ)က အလဲထိုး အနိုင်ရရှိခဲ့သည်။ အထူးလေးချီ စိန်ခေါ်ပွဲတွင် ထယ်ကြီး (STL)နှင့် ဒိုးလေး(ခ) ဇွဲမာန်(ရိုးရာပုဂံ) တို့ပွဲ သရေကျခဲ့ပြီး စောသားငယ်(တောင်ငူ)နှင့် ဟံသာဝတီသား (အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ အနိုင်အရှုံးမပေါ်ဘဲ စောသားကြီး(တောင်ငူ)က နေအောင် (ရိုးရာပုဂံ)ကို အနိုင်ရရှိခဲ့သည်။ အထူး ငါးချီစိန်ခေါ်ပွဲတွင် သိန်းညီညီ(တောင်ငူ/ အဖြူရောင်သွေးသစ်) နှင့် သားကျော်ဖြောင့် (T&T သထုံ) တို့ ယှဉ်ပြိုင်ရာ သရေဖြစ်ခဲ့ပြီး နေရှုဘီ (STL တောင်ငူ)က ချိုင်းထူး(နဂါးမာန်)ကို အလဲထိုး အနိုင်ရရှိခဲ့သည်။

ယင်းနောက် နိုင်ငံခြားသားများ၏ အထူးစိန်ခေါ်ပွဲတွင် ထွန်းနိုင်ဦး (STL တောင်ငူ-မြန်မာ)က ယော့သစ်(ဒ) ပက်ဆနန် (ထိုင်း)ကို သုံးချီမြောက်တွင် အလဲထိုးအနိုင်ရခဲ့ပြီး ဖျံသွေး(ရွှေမိုးထိ ငြိမ်းချမ်းရေး-မြန်မာ)နှင့် စင်းမန်းနီး (ထိုင်း)တို့ယှဉ်ပြိုင်ရာ လက်ရည်တူကစားနိုင်ခဲ့ပြီး သရေပွဲအဖြစ် အဆုံးသတ်ခဲ့ကြောင်း သိရသည်။ **သူရ(တောင်ငူ)**




လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်

# ခြောက်စထောင်ပတ္တမြားလှည်းယဉ်ကြော့ဖြင့် ကျောင်းသူတစ်ဦးဘွဲ့ယူရန်လာရောက်မှု စိတ်ဝင်စားသူများပြား

**မုံရွာ ဇန်နဝါရီ ၅**

မုံရွာတက္ကသိုလ်၌ ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အတွက် အစမ်းလေ့ကျင့်သော ဇန်နဝါရီ ၅ ရက် နံနက်က ရက္ခပေဒ အထူးပြုဘွဲ့ယူမည့် ကျောင်းသူတစ်ဦးသည် ခြောက်စထောင် ပတ္တမြားလှည်း ယဉ်ကြော့စီးကာ လာရောက်ခဲ့သည်ကို တွေ့ရသည်။ **(ယာပုံ)**

ခြောက်စထောင် ပတ္တမြားလှည်း ယဉ်ကြော့ကို ဘွဲ့ယူမည့်ကျောင်းသူက စီးပြီးပြိုင်ပွဲဝင် လှည်းယဉ်ကြော့ကို တောင်သူလယ်သမားတို့ ဆောင်းသော ခမောက်ကြီးဖြင့် အမိုးလုပ်ကာ ကျောင်းသူ၏ မိဘနှစ်ပါးက မြန်မာ့ရိုးရာ ဓလေ့အတိုင်း ဝတ်စားဆင်ယင်၍ လာရောက်ကြခြင်းဖြစ်ရာ လာရောက်မှုများသော မော်တော်ကားများစွာတို့၏ အလယ် ထူးခြားပြီး အမြင်တင့်တယ်လှပကာ ကျက်သရေရှိသောကြောင့် ကျောင်းသား ကျောင်းသူအများစုနှင့် ဆရာ ဆရာမများအနေဖြင့် များစွာအားရ ကျေနပ်ဖြစ်နေကြသည်ကို တွေ့ရသည်။

မုံရွာတက္ကသိုလ်၌ နှစ်စဉ် ဘွဲ့နှင်းသဘင်ကို ကျင်းပလာသည်မှာ (၁၇)ကြိမ်မြောက် ရှိပြီဖြစ်သည်။ ယခုကဲ့သို့ မြန်မာ့ရိုးရာလှည်းယဉ်ကြော့ဖြင့် ဘွဲ့ယူသည်မျိုး တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသေးကြောင်း မုံရွာတက္ကသိုလ် ကျောင်းဆရာက ပြောကြားပြီး တက္ကသိုလ်အတွင်း ဝင်ရောက်လာသော လှည်းယဉ်ကြော့ နှစ်စီး၏ အလှကို စိတ်ဝင်တစားဖြင့် လှည်းနှင့်တွဲကာ ဓာတ်ပုံရိုက်သော ကျောင်းသား ကျောင်းသူ ဆရာ ဆရာမ၊ ကထိကများ အများအပြား ရှိခဲ့သည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



## ❂ ကျောဖုံးမှ

ယင်းပွဲတွင် အိမ်ရှင်စပါးအသင်း ၃-၄-၂-၁ ပုံစံဖြင့် ဟယ်ရီကိန်းကို အထောင်ထားခဲ့ပြီး ဧည့်သည် ချယ်လ်ဆီး အသင်းသည် ၃-၄-၃ ကစားကွက်ဖြင့် ဟာဇက်၊ ပက်ထရို၊ ကော်စတာတို့ အတွဲဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ခြေရည်တူ ကစားနိုင်ခဲ့ပြီး အပြန်အလှန် တိုက်စစ်ဖွင့်ကာ စပါးအတွက် အနိုင်ဂိုးများကို ဒယ်လီအလီက ပွဲချိန် ၄၅ မိနစ်နှင့် ၅၄ မိနစ်တွင် နှစ်ဂိုးစလုံး ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်စပါးအသင်းအနေဖြင့် ၁၀ ကြိမ် ဂိုးသွင်းခွင့်ရခဲ့ပြီး ငါးကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ချယ်လ်ဆီးသည် ကိုးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး နှစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ ယနေ့ပွဲတွင် ဒယ်လီအလီ၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွင်းလယ်ကစားသမား ဒယ်လီအလီက စပါးအတွက် ပရီမီယာလိဂ် လေးပွဲဆက်တိုက် ဂိုးများသွင်းယူထားသလို ပရီမီယာလိဂ် သွင်းဂိုးပေါင်း ၁၀ ဂိုးရရှိထားသည်။

ချယ်လ်ဆီးအသင်းသည် ယနေ့ပွဲရှုံးနိမ့်ခဲ့သည့်အတွက် နိုင်ပွဲဆက်ရပ်တန့်ခဲ့သလို ၂၀၀၂ ခုနှစ် အာဆင်နယ်၏ ၁၄ ပွဲဆက်တိုင် နိုင်ပွဲရစံချိန်ကို မီရန် တစ်ပွဲအလိုတွင် ကျရှုံးခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် ၂၀ အပြီးတွင် ချယ်လ်ဆီးအသင်းသည်ရမှတ် ၄၉ မှတ်ဖြင့် ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး အဆင့်(၂)လီဗာပူးကို ငါးမှတ်ဖြတ်ထားသည်။ စပါးနှင့် မန်စီးတီးသည် ရမှတ် ၄၂ မှတ် တူညီနေပြီး ဂိုးကွာခြားချက်ဖြင့် စပါးအသင်းက အဆင့်(၃)တွင် ရပ်တည်နေသည်။ အာဆင်နယ်သည် အဝေးကွင်းတွင် ဘုန်းမောက်ကို သရေကျခဲ့သည့်အတွက် အဆင့်(၅)သို့ ဆင်းပေးခဲ့ရပြီး မန်ယူအသင်းမှာ အဆင့်(၆)တွင် ရပ်တည်နေသည်။

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၂၇ ရက်နေ့မှ ဇန်နဝါရီ ၁ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | မောင်စစ်ကြည်(ပန်းတနော်) | လှေကလေးကိုလှော်မည် ... ကဗျာစုစည်းမှု | ၁၅၀၀ိ/- | ၇၇၇၇ စာပေ |
| ၂ | ဒေါက်တာမေမွန် | ကောင်းသောနေ့ ကောင်းသောည | ၁၀၀၀ိ/- | favorite Press Books |
| ၃ | ဒေါက်တာမေမွန် | သမီးလေးနဲ့ ဝါစိမ်းနီပြာ ပုံပြင်များ | ၁၅၀၀ိ/- | favorite Press Books |
| ၄ | ဒီနိုဗို(မြန်မာပြန်) | ဗီလိန် | ၂၅၀၀ိ/- | Momentum စာပေ |
| ၅ | ဒဂုန်ရွှေမျှား | မနုဿဆီနှင့် ထူးဆန်းသောအချစ်ဝတ္ထုများ | ၄၀၀၀ိ/- | Quality Publishing House |
| ၆ | ဒဂုန်ရွှေမျှား | နဂါးနက်အသင်းနှင့် ထူးခြားသောဝတ္ထုများ | ၃၀၀၀ိ/- | Quality Publishing House |
| ၇ | ဒဂုန်ရွှေမျှား | ကြွက်ဖူးစာနှင့်ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများ | ၂၅၀၀ိ/- | Quality Publishing House |
| ၈ | ဒဂုန်ရွှေမျှား | ငယ်ကချစ်အနှစ်တစ်ရာနှင့် လက်ရွေးစင်ဝတ္ထုများ | ၂၅၀၀ိ/- | Quality Publishing House |
| ၉ | | မာရီကျူရီ | ၁၅၀၀ိ/- | The Key Collection |
| ၁၀ | သိပ္ပံစာရေးဆရာကိုကိုအောင် | သဘာဝဘေးနှင့်လူဖန်တီးသော ဘေးအန္တရာယ်များ | ၆၀၀၀ိ/- | Wisdom:Knowledge Development Consultancy |
| ၁၁ | နန္ဒသူ | တာရာဒေဝီ(ပုဂံရာဇဝင်ဝတ္ထု) | ၂၂၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၂ | ဇဝန | ကောလိပ်ဂျင် | ၁၆၀၀ိ/- | ကံ့ကော်ဝတ်ရည်စာပေ |
| ၁၃ | ဦးအောင်လှ | SENTENCE CONSTUCTION AND STRUCTURE STUDY | ၃၀၀၀ိ/- | ကလောင်သစ်စာပေ |
| ၁၄ | ဒေါက်တာလှိုက်ကော်ခိုင် | (၁၀)တန်း ရူပဗေဒအောင်ပန်းဆင် ချဉ်းကပ်လမ်း | ၂၀၀၀ိ/- | စွယ်တော်စာပေ |
| ၁၅ | ဘနှင်း(မြန်မာပြည်) | ဘဝ၊အချစ်နှင့်အိမ်ထောင်ရေး၊ အောင်မြင်မှုလျှို့ဝှက်ချက် အင်ပြည့်အားဖြည့်စာများ | ၁၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၆ | နတ်နွယ်(မြန်မာပြည်) | တစ်ဖန်ပြန်၍ မနိုးသောဝေဒနာ | ၄၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၇ | တင်အောင်ထွန်း(သုတေသန) | မြန်မာ့ရိုးရာဆယ့်နှစ်လရာသီပွဲတော်များနှင့် အခါတော်နေ့များ | ၁၀၀၀ိ/- | ရွှေကျောင်းပျော်စာပေ |
| ၁၈ | ဒေါ်အေးအေးဦး | ကျန်းမာပါစေ ကမ္ဘာမြေ(အပိုင်း -၂) | ၂၀၀၀ိ/- | အေးမေတ္တာစာပေ |
| ၁၉ | ကိုမျိုး | အရောင်များနှင့်စကားပြောခြင်း | ၂၂၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၀ | ဦးသန်းဌေး(ဝေဒ) သားအောင်ကျေ | မြန်မာနေ့စဉ် ဂြိုဟ်သွားပြက္ခဒိန် ၂၀၁၇ | ၆၀၀ိ/- | စိုးနိုင်စာပေ |
| ၂၁ | ဆောင်းလုလင် | လှိုက်စားတတ်သော စိတ်တစ္ဆေနှင့် အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၂ | ဒေါက်တာမောင်မောင်စိုး | ဘဝအစနှင့်ဘဝမှလွတ်မြောက်ခြင်း | ၅၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၃ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | ဒွါဒသမ ရွှေကျင်သာသနာပိုင် စစ်ကိုင်း ရွှေဟင်္သာတိုက်သစ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တပဏ္ဍိတသိရီ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၄ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | တိပိဋကရေယေဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သိရိန္ဒာဝံသ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၅ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | ရေစကြိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဂန္ဓသာရ မဟာထေရ် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၆ | ဆုပြည့်စုံထွန်းအယ်ဒီတာအဖွဲ့ | သဲအင်းဂူ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဥက္ကဋ္ဌမထေရ် | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၂၇ | မြတ်(ကလေး) | မြူခိုးတွေ ဝှက်ထားတဲ့ ခေါန္နးစုမ် | ၂၅၀၀ိ/- | ဇင်ရတနာစောစာပေ |
| ၂၈ | အရှင်ပညာသီရိ(ရမ္မာကျွန်း) | လူဝတ်ကြောင်နှင့်ဝိပဿနာ | ၂၀၀၀ိ/- | ဇွန်ပွင့်စာပေ |
| ၂၉ | ဒေါက်တာအုန်းကျော် | ဆေးပညာအနှစ်သာရ ဖိုမ သဘာဝ | ၃၀၀၀ိ/- | တံခွန်တိုင်စာပေ |
| ၃၀ | ဇော်ဇော်ထက် | Google နှင့် ရာစုသစ်စီမံခန့်ခွဲမှု | ၃၀၀၀ိ/- | တူဒေးစာအုပ်တိုက် |
| ၃၁ | ကောင်းသာ(မြန်မာပြည်) | ဩဇာအာဏာ | ၃၀၀၀ိ/- | ပန်းဆက်လမ်းစာပေ |
| ၃၂ | စိုးနိုင်(မန္တလေးတက္ကသိုလ်) | ပင်လယ်ရေကိုအောင်ဆန်းနဲ့သူ့မိတ်ဆွေများ | ၄၀၀၀ိ/- | ဂုဏ်ထူးစာပေ |
| ၃၃ | ဗျူး | အလှနတ်သမီး သီရိမာ(သို့မဟုတ်)အလှတရား၏နိဂုံး | ၂၅၀၀ိ/- | ဗျူးစာပေ |
| ၃၄ | ဦးရဲမြင့် (မြန်မာစာကထိက-ငြိမ်း) | သိင်္ဂါလောဝါဒဆုံးမစာလာ လူ့ကျင့်ဝတ်များအဖွင့်နှင့် သုတအဖြာဖြာ | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၅ | ဂမ္ဘီရဆရာလှမျိုး | ကောင်းကျိုးဝေလျှံ ကိုးနဝင်းအခိဋ္ဌာန် | ၈၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၆ | ချစ်ဝေဝေ | ရုပ်ပုံများကိုကြည့်၍ အင်္ဂလိပ်စာဝါကျ တည်ဆောက်ခြင်း | ၂၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၇ | ဒေါက်တာအရှင်သူရိယ | သဘာဝပတ်ဝန်းကျင်နှင့်ဗုဒ္ဓဘာသာအမြင် | ၁၀၀၀ိ/- | မသိမဖြစ်စာပေ |
| ၃၈ | မနှင်းဖွေး | မန္တလေးသို့သွားနေသည်နှင့်အခြားအတွေးစာစုများ | ၂၅၀၀ိ/- | မျိုးသစ်စာပေ |
| ၃၉ | တင်ထွန်းနိုင် | မော်စီတုံး-အဘိဓမ္မာလေးစောင်တွဲ | ၁၅၀၀ိ/- | ယဉ်မျိုးစာပေ |
| ၄၀ | သောင်းဝေဦး | မိုးမိတ်တိုက်ပွဲ | ၂၀၀၀ိ/- | မြရတနာစာပေ |
| ၄၁ | ထွဋ်းအောင်ကျော် | ကုလားမနိုင်ရခိုင်မေး | ၁၅၀၀ိ/- | ရွက်ကျပင်ပေါက် |
| ၄၂ | ညိုမြ(သုမန)(မြန်မာပြည်) | တစ်ကိုယ်တော်(SHANE-Jack Schaefer) | ၁၅၀၀ိ/- | ရာပြည့်စာပေ |
| ၄၃ | ဥပဒေသုတေသီ ခင်ဝင်းမြင့် | တိုင်းနှင့်ပြည်နယ်အလိုက်ယစ်မျိုးခွန်ဥပဒေနှင့် သိမှတ်ဖွယ်ရာများစုစည်းမှု | ၂၅၀၀ိ/- | ရှုတိုင်းယဉ်စာပေ |
| ၄၄ | နောင်ကျော် | ငြိမ်းချမ်းရေးခရီးနှင့်ကွေ့ကောက်မတ်စောက်သောလမ်းများ | ၁၅၀၀ိ/- | လင်းသစ်ရောင်စဉ်စာပေ |
| ၄၅ | မောင်သာနိုး | အင်္ဂလိပ်သဒ္ဒါညီလာခံ | ၅၀၀၀ိ/- | သင်းစာပေ |
| ၄၆ | ဒေါက်တာထွန်းဝင်း | HR နယ်ပယ်မှ စိတ်ပညာကစားကွက်များ (HR Management and Psychology) | ၂၀၀၀ိ/- | သရဖီထွန်းဝင်းစာပေ |
| ၄၇ | မောင်ရင်မန်း | ကျွန်တော်ပြည်ပြေး (ကိုယ်တွေ့ဖြစ်ရပ်မှန်) | ၂၅၀၀ိ/- | သုခပြည့်စေစာပေ |
| ၄၈ | အောင်စွမ်း | တပ်ပြုတ်အရပ်ပြုတ် ပါတီပြုတ်တို့၏ဇာတ်ရှုပ်များ | ၂၅၀၀ိ/- | ဟန်သာဆုစာပေ |
| ၄၉ | ရဲမှူးချုပ်မောင်မောင်သန်း | စီအိုင်ဒီ၏ဖြစ်ရပ်မှန်အလင်းရောက်မှုခင်းများ | ၁၅၀၀ိ/- | ဟန်သာဆုစာပေ |

*(ဆက်လက်ဖော်ပြပါမည်)*

# Yangon books Street

## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

ပြည်သူများ စာပေအသိပညာ ထွန်းကားပြန့်ပွားတိုးတက်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇန်နဝါရီ (၇၊ ၈) ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူလမ်းပေါ်တွင် "Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း" စာအုပ်ဈေးတန်းကို ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏
စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၇ ၊ ၈ ရက်နေ့မှ စတင်၍
အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း
နံနက် (၀၉:၀၀) နာရီမှ ညနေ (၀၆:၀၀) နာရီထိ
ဖွင့်လှစ်ရောင်းချမည့်
Yangon Books Street
စနေ၊ တနင်္ဂနွေ ရန်ကုန် စာအုပ်လမ်း၊
(အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ သိမ်ဖြူလမ်းပေါ်)
စာအုပ် (အသစ်၊ အဟောင်း) ဆိုင်ခန်း (၁၀၀)

**လာရောက်ကြည့်ရှုဝယ်ယူနိုင်**

၂၀၁၇ ခုနှစ် ဧပြီလအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တိုင်း ဆိုင်ခန်း ၁၀၀ ခန့်ဖွင့်လှစ်ပြီး သုတ၊ ရသစာအုပ်မျိုးစုံကို ရောင်းချပေးမည်ဖြစ်သဖြင့် မည်သူမဆို လာရောက်ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**




## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။ **(မိုး/ဇလ)**

# ရန်ကုန်စာအုပ်များဈေးလမ်းအမည်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း စာအုပ်များရောင်းချမည်

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်စာအုပ်များဈေးလမ်း- Yangon Books Street အမည်ဖြင့် ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား သိမ်ဖြူလမ်းပေါ်တွင် ဇန်နဝါရီ ၇ ရက်မှစတင်၍ စနေ၊ တနင်္ဂနွေနေ့တိုင်း စာအုပ်အရောင်းပွဲတော်များ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ သိရသည်။

ရန်ကုန်စာအုပ်များ ဈေးလမ်း (Yangon Books Street) အစီအစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဦးဆောင်မှုဖြင့် ပြုလုပ်ရောင်းချခြင်းဖြစ်သည်။

ဓူဝံစာပေထုတ်လုပ်ရေးမှ ဦးဝင်းချိုက "ပြန်ကြားရေးဝန်ကြီးဌာနကဦးစီးပြီး ကျွန်တော်တို့နဲ့အတူတူ စာတမ်းဖတ်ပွဲတွေ၊ ရာသီအလိုက် ဈေးရောင်းပွဲတွေ လုပ်လာတယ်။ အခုဆိုရင်လည်း Yangon Books Street ရန်ကုန်စာအုပ်များဈေးလမ်းဆိုပြီး လုပ်ပေးတယ်။ ကျွန်တော်လည်း ဓူဝံစာပေတိုက်အနေနဲ့ ရောင်းချမှာပါ။ ကျွန်တော်တို့ တော်တော်လေး ဝမ်းသာပါတယ်။ နောင်ဆို ဒီနေရာက ခရီးသွားတွေကို ဆွဲဆောင်တဲ့နေရာတစ်ခုတောင် ဖြစ်လာနိုင်တယ်။ စာအုပ်စုဆောင်းသူ ဝါသနာအိုးတွေ၊ စာကြည့်ဖို့ လိုအပ်တဲ့သူတွေအတွက် အားကိုးရာဖြစ်လာနိုင်တယ်။ စာဖတ်စွမ်းရည်ကျလာတယ်။ စာဖတ်သူတွေကျလာတယ်လို့ တော်တော်များများက ပြောတယ်။ ဒါဟာမဟုတ်ပါဘူး။ ကျွန်တော်တို့ စာအုပ်ဈေးပွဲတော်တွေ လုပ်ရင် တော်တော်များများ ရောင်းရပါတယ်။ ဝယ်လိုအားရှိပါတယ်။ ကျွန်တော်တို့မှာ စာဖတ်ပရိသတ်ရှိတယ်။ ရောင်းမယ့်သူမရှိဘူးဖြစ်နေတာ" ဟု စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်ဈေးလမ်းတွင် စာအုပ်များရောင်းချမည့် အကြောင်းအရာနှင့်ပတ်သက်၍ ပြောသည်။

ဇန်နဝါရီ ၇ ရက်တွင် Yangon Books Street (ရန်ကုန်စာအုပ်များဈေးလမ်း) ၌ ရောင်းချမည့်စာအုပ်ဆိုင်အရေအတွက်ပေါင်း ၉၀ ခန့် ရှိနေပြီဖြစ်ကြောင်းသိရပြီး ဗဟုသုတစာအုပ်များ၊ ပညာရပ်ဆိုင်ရာစာအုပ်များ၊ ကလေးစာပေများ၊ စာအုပ်အဟောင်းများ၊ ကဗျာစာအုပ်များ၊ အက်ဆေး (ခေါ်) ရသစာတမ်း၊ ၊ဘာသာပြန်စာအုပ်များ၊ ပြဇာတ်စာပေများ၊ သရော်စာ စာအုပ်များနှင့် အပျော်ဖတ်စာအုပ်များအထိ အမျိုးအစားစုံလင်စွာ ရောင်းချသွားမည်ဖြစ်သည်။

ဦးဝင်းချိုက "ဘာကောင်းသွားသလဲဆိုတော့ စာအုပ်အဟောင်းရော၊ အသစ်ပါ တစ်နေရာတည်းမှာ စုံစုံလင်လင်ရနိုင်မယ်။ စာအုပ်စုဆောင်းသူတွေ၊ စာကြည့်တိုက်အတွက် စာအုပ်ဖြည့်ဆည်းမယ့်သူတွေ၊ နောက်နယ်က စာအုပ်ဆိုင်ပိုင်ရှင်တွေအတွက် တစ်နေရာတည်းမှာ စုစုစည်းစည်း ရနိုင်တာပေ့ါ။ ဒါကလည်း ရေရှည်မှာ အောင်မြင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

စာအုပ်ရောင်းချရာတွင် တစ်ရက်လျှင် မြေနေရာ၊ စည်ပင်သာယာအခွန်နှင့် သန့်ရှင်းရေးအခွန်တို့အတွက် ဆိုင်ခန်းတစ်ခန်းလျှင် ငွေကျပ် ၆၀၀၀ နှုန်း ပေးဆောင်ရမည် ဖြစ်သည်။

ဆိုင်ခန်းတစ်ခန်းလျှင် သတ်မှတ်ထားသည့် နှုန်းထားနှင့်ပတ်သက်၍ "ရန်ကုန်တိုင်းဒေသကြီးအစိုးရက လမ်းဘေးဈေးသည်တွေကို နေရာတကျစီမံခန့်ခွဲနေတယ်။ မြို့သူ မြို့သားတွေလည်း ဝမ်းသာ နေကြပါတယ်။ ဒါကလည်း စည်ပင်စရိတ်အတွက် ပေးရတာပါ။ တကယ်ကို စာအုပ်တန်းကြီးက စည်ကားလာပြီဆိုရင် စာအုပ်အဟောင်း ရောင်းသူတွေရဲ့နှစ်ရက်လုပ်ခက တစ်ပတ်လုပ်ခထက်တောင် ပိုသာနေပါလိမ့်မယ်" ဟု ဦးဝင်းချိုက ရှင်းပြသည်။

Yangon Books Street တွင် စာအုပ်ရောင်းချချိန်ကို စနေ၊ တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချခွင့်သတ်မှတ်ပေးထားပြီး ရောင်းချမည့်မြေနေရာအတွက် မျက်နှာစာအကျယ် အလျားရှစ်ပေနှင့် အနံခြောက်ပေ သတ်မှတ်ပေးထားကြောင်း သိရသည်။






မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဥယျာဉ်တော်ကျေးရွာ မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းဘေးရှိ စိန်စီအောင်စက်သုံးဆီအရောင်းဆိုင်၌ အမရပူရမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်၊ ဥယျာဉ်တော်ကျေးရွာ အရန်မီးသတ်တပ်စုမှူး ဦးမြင့်စိုး၊ စက်သုံးဆီဆိုင်မှ ဦးမင်းဆွေနှင့် ဆိုင်ဝန်ထမ်းများပူးပေါင်း၍ ဇန်နဝါရီ ၅ ရက်က မီးငြိမ်းသတ်မှု စုပေါင်းလေ့ကျင့်ကြစဉ် မောင်မောင်စိုး(မြစ်ငယ်)

## မြန်မာ့ရုပ်မြင်သံကြား

**၆.-၁-၂၀၁၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ဘုရား၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၉း၃၀ | အနုပညာသတင်းအစီအစဉ် |
| ၁၁ း၁၅ | "ချစ်ကြည်ရင်းနှီးမှုကိုဦးတည် အမျိုးသမီးကင်းထောက်များ၏ စွမ်းရည်" |
| ၁၁း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၃ း၀၅ | တေးဂီတအစီအစဉ် |
| ၁၃ း၂၀ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီချိုပြုံး) |
| ၁၃း၅၀ | မိခင်နို့ချိုတိုက်ကျွေးရေး စကားရည်လုပွဲ (ပထမပိုင်း) |
| ၁၄း၁၅ | အတီးပြိုင်ပွဲ (ပတ္တလား) |
| ၁၄ း၃၀ | လက်တွေ့အသုံးချဘဏ္ဍာရေး သုတများ |

**ညပိုင်း**

| | |
|---|---|
| ၁၅ း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း- ၄) |
| ၁၆ း၃၀ | မြန်မာဇာတ်လမ်းတွဲ "နတ်သမီးဒဏ္ဍာရီ" (အပိုင်း- ၂) |
| ၁၇ း၁၅ | "ငပလီကမ်းခြေ အပန်းဖြေခရီး တစ်ခေါက်" |
| ၁၇ း၃၅ | Hyper Sport |
| ၁၈ း၂၀ | ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်) (SIR ဆရာလေး၊ Caution သတိ) (ဒါရိုက်တာ - မိုးဇက်မော့က်(စ်)၊ ဖြိုးဇေယျာကျော်) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆိုသည်မှာ" (အပိုင်း- ၃) |
| ၂၀ း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁ း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ "လက်တွဲဖော်" (အပိုင်း- ၅) တမ်းတမ်းတတဖြစ်ခဲ့ရသောရုပ်ရှင်တေးသီချင်းများ(အပိုင်း- ၂၃) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## ယာဉ်မဆင်မခြင်မောင်းနှင်သဖြင့် လမ်းဘေးရှိ ဓာတ်တိုင်နှင့် ရပ်ထားသောကားကို တိုက်မိ

**ရန်ကုန် ဇန်နဝါရီ ၅**

ကြည့်မြင်တိုင်မြို့နယ်ဘက်မှ လမ်းမတော်မြို့နယ်ဘက်သို့ ယာဉ်မောင်း နေလင်းအောင်(၂၉ နှစ်) ကမ်းနားကွန်ကရစ်လမ်း ဗိုလ်တထောင်ကွန်တိန်နာဝင်း ဗိုလ်တထောင်မြို့နယ်နေသူ မောင်းနှင်လာသော 5A/---- ဟီးနိုးထရပ်ကွန်တိန်နာ(အငှားယာဉ်)သည် ဇန်နဝါရီ ၄ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က အလုံမြို့နယ် သစ်တောရပ်ကွက် အလုံမူလတန်းကြိုကျောင်းရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းစပ်ရှိ ဓာတ်တိုင်အား ဝင်ရောက်တိုက်မိပြီး ဓာတ်ကြိုးများ ပြတ်ကျကာ လမ်းဘေးတွင် ရပ်ထားသော 4I/---- HIJET ယာဉ်နှင့် 7A/---- KLUGER ယာဉ်တို့ကို ထပ်မံတိုက်မိမှုကြောင့် **(အပေါ်ပုံ)** နေလင်းအောင်တွင် ဒဏ်ရာများရရှိကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း နေလင်းအောင်ကို အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။



**ကိုတင်မောင်ဦး(အလုံ)**

## မိုးကုတ်မြို့၌ ကျောက်တွင်းဓာတ်လှေကားမတော်တဆမှုထပ်မံဖြစ်ပွားကာ လူခြောက်ဦးသေဆုံး

**မိုးကုတ် ဇန်နဝါရီ ၅**

မိုးကုတ်မြို့ သဒ္ဒတ်သျှိုကျေးရွာအုပ်စု ကျောင်းဆောင်ကျေးရွာအနီးရှိ ရတနာရှင်ကျောက်မျက်ကုမ္ပဏီ၏ ကျောက်မျက်လုပ်ကွက် (၅.၃) တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ကျောက်တွင်းပြိုကျမှုဖြစ်ပွားကာ ကျင်းသားခြောက်ဦး သေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက် ခြောက်ရက်အကြာ ဇန်နဝါရီ ၅ ရက် နံနက် ၆ နာရီခွဲခန့်က ပြောင်ပြင်ကျေးရွာအုပ်စု ကိုးလံကျေးရွာအနီး မိုးကုတ်ပရိုက်(ဒ်) ကျောက်မျက်ရတနာကုမ္ပဏီ၏ ကျောက်ပုတ်(၁) ကျောက်မျက်တူးဖော်ရေးလုပ်ကွက်တွင် ကျောက်တွင်းဓာတ်လှေကားမတော်တဆမှု ထပ်မံဖြစ်ပွားကာ လူခြောက်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေ့ဆိုင်းကျောက်တွင်း လုပ်ငန်းလုပ်ကိုင်ရန်အတွက် အနက်ပေ ၃၀၀ ခန့်ရှိ ကျောက်တွင်းသို့ ဓာတ်လှေကား(ဝင့်)ကို အတင်အချပြုလုပ်စဉ် ဓာတ်လှေကားချိတ်ထိန်းခလုတ် ပြုတ်ထွက်ပြီး ဓာတ်လှေကားအတွင်း စီးနင်းလိုက်ပါသည့် ငဖဲမြို့နယ်မှ ဝင်းဝင်းထွန်း၊ တင်ကိုဝင်း၊ ရန်နိုင်အောင်၊ စိုးသီဟနှင့် မင်းလှမြို့နယ်မှ ကျော်ရဲအောင်၊ ဒီးမောဆိုမြို့နယ်မှ ဂျော်ကင်းတို့မှာ ဓာတ်လှေကားအတွင်းမှ အနက်ပေ ၃၀၀ ခန့်ရှိ ကျင်းထဲသို့ ပြုတ်ကျကာ ပြင်းထန်ဒဏ်ရာများရရှိပြီး အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။



ကျောက်ပုတ်(၁) ကျောက်မျက်တူးဖော်ရေးလုပ်ကွက် ကျောက်တွင်းအဝင်ဝကို တွေ့ရစဉ်

မိုးကုတ်ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်းများ၏ ကျောက်မျက်လုပ်ကွက်များတွင် ကျောက်တွင်းပြိုကျမှုများ၊ လုပ်ငန်းခွင်မတော်တဆမှုကြောင့် ကျောက်တွင်းလုပ်သားများ သေဆုံးခဲ့ရမှုများနှင့် ပတ်သက်၍ မိုးကုတ်ဒေသခံတစ်ဦးကလည်း "ဒီနှစ်က လုပ်ကွက်ဟောင်းသက်တမ်းကုန်ရင် လုပ်ကွက်သစ်ချထားဖို့က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို အလေးထားစိစစ်ပြီးမှ ချထားမယ်လို့ ကြားနေရတယ်။ လုပ်ကွက်ရဖို့ မလွယ်တော့မယ့်သဘော၊ ရရင်လည်း အရင်လိုပရမ်းပတာမဟုတ်ဘဲ စိစစ်သေချာစွာ လုပ်ကိုင်ကြရမှာဆိုတော့ လုပ်ငန်းရှင်တွေက လက်ရှိ လုပ်ကွက်တွင်းထဲမှာရှိတဲ့ ဖြုန်းကျန်နေရာတွေကို အသည်းအသန်အလုပ်လုပ်နေကြတယ်။ လုပ်ငန်းရှင်တွေ အတွက်လည်း ကျောက်ရဖို့က နံပါတ်(၁)ပဲ။ ကျန်တာ နောက်ထားဆိုတော့ တကူထောက်တွေဖြို၊ လက်ကျန်အားလုံးနှိုက်တော့ ပြိုပြီပေါ့။ ကျောက်မျက်တူးဖော်ရေး လုပ်ငန်းအလုပ်ခွင်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဌာနအနေနဲ့က လည်း ကြီးကြပ်စစ်ဆေးမှုတွေ အားနည်းပါတယ်။ ဒီတော့ မရှိဆင်းရဲသား လခစားပဲလုပ်ကြရတဲ့ တွင်းသားတွေဘဝကတော့ မြေစာပင်ဖြစ်ပြီး သေကြ ရတာပေါ့။ ပွင့်လင်း ရာသီအစမှာတောင် ၁၂ ယောက် သေပြီးပြီ။ နောက်ထပ် ဒီလိုမဖြစ်အောင်ဘဲ ဆုတောင်းမိပါတယ်" ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

အဆိုပါ ကျောက်တွင်းဓာတ်လှေကား မတော်တဆမှု၊ ကျင်းသား ခြောက်ဦး သေဆုံးခဲ့ရမှုနှင့် ပတ်သက်၍ မိုးကုတ်မြို့ ကျပ်ပြင်နယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

## တာချီလိတ်-ဝမ်ပုံသွားလမ်းရှိ မြန်မာရောမွန်ဂိတ်၌ ပေါက်ကွဲမှုဖြစ်

**တာချီလိတ် ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေ့လေ့လန်ကျေးရွာ တာချီလိတ် - ဝမ်ပုံသွား ကားလမ်းပေါ်ရှိ မြန်မာရောမွန် လမ်းအသုံးပြုခကောက်ခံရေးစခန်းတွင် ဇန်နဝါရီ ၄ ရက် ည ၉ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာသို့ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ကိုထိုက် ဦးစီးသည့်အဖွဲ့နှင့် သက်ဆိုင်ရာရဲတပ်ဖွဲ့တို့မှ သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုကြောင့် အနက် ငါးလက်မ၊ အကျယ် တစ်ပေခန့် မြေသားများ ဖွာနေသည့် ကျင်းတစ်ခု၊ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်မှန်နှင့် လူနေအဆောက်အအုံမှန်များ၊ ခေါင်မိုးအုတ်ကြွပ်များ ပျက်စီးခဲ့သည့်အပြင် **(ယာပုံ)** ဂိတ်တာဝန်ကျ မောင်ကျော်ကျော်ထက် (၁၇ နှစ်)မှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပေါက်ကွဲမှု ဖြစ်ပွားရာနေရာနှင့် အနီးဝန်းကျင်သို့ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဗုံးစများတွေ့ရှိခြင်းမရှိသည့်အတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



**ဝေယံလင်း(ပြန်/ဆက်)**

## ရန်ကုန်- မော်လမြိုင်ကားလမ်းပေါ်၌ ဆိုင်ကယ်နှင့်ကားတိုက်၊ တစ်ဦးသေဆုံး

**သထုံ ဇန်နဝါရီ ၅**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာ၌ ဇန်နဝါရီ ၅ ရက်က ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ မိုင်တိုင်အမှတ် ၁၄၂/၂ နှင့် ၁၄၂/၃ ကြားတွင် ဘီးလင်းမြို့ဘက်မှ သထုံမြို့သို့ ဦးမင်းလွင် မောင်းနှင်လာသော ယာဉ်သည် နောင်ဘိုကျေးရွာအရောက်တွင် ရှေ့မှ ယာဉ်ကြောတူ မောင်းနှင်နေသည့် ယာဉ်မောင်း ကိုအာကာမောင်းနှင်ပြီး ကိုရွှေမိုး လိုက်ပါလာသော ဆိုင်ကယ်မှာ ရုတ်တရက် လမ်း၏ ယာဘက်ခြမ်းရှိ ပိတောက်ပင်လမ်းကြားသို့ ချိုးကွေ့စဉ် ယာဉ်၏ အရှေ့ယာဘက် ဦးခေါင်းပိုင်းနှင့် တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ ကိုအာကာသည် ပြင်းထန်စွာ ဒဏ်ရာရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး နောက်မှ စီးနင်းလာသူ ကိုရွှေမိုးမှာ ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ယာဉ် မဆင်မခြင်မောင်းနှင်သူ ဦးမင်းလွင်ကို သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ဖောယာဉ်တိမ်းမှောက်၊ ခြောက်ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၄၀၉/၇) နှင့် (၄၁၀/၀)ကြား ကွမ်းချောင်းရွာအနီး၌ ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၂ နာရီခွဲက ဇော်မင်း(၂၃ နှစ်)မောင်းနှင်ပြီး ထင်းချောင်းများတင်ဆောင်လာသည့် ဖောယာဉ်သည် ယာဘက်နောက်ဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ဇော်မင်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဘောင့်ဘင်ကျေးရွာနေ ဦးမြင့်ကြူပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း ဇော်မင်းအား မြိုင်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## KETAMINE စိတ်ပြောင်းမူးယစ်ဆေးဝါးများ ငွေကျပ်သိန်း ၇၂၀ ဖိုး ဖမ်းဆီးရမိ

**ကျိုင်းတုံ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် ဝမ်တာပုံစစ်ဆေးရေးစခန်းတွင် ဇန်နဝါရီ ၄ ရက်က KETAMINE စိတ်ပြောင်းမူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဝမ်တာပုံစစ်ဆေးရေးစခန်း၌ မိုင်းယန်း-ဘက်မှ ကျိုင်းတုံသို့ မိုင်းယန်းမြို့ မွန်ကဲရပ်နေ ယာဉ်မောင်း စိုင်းလုံထွန်း မောင်းနှင်ပြီး မိုင်းလားမြို့ ဝမ်ယန်းကျေးရွာနေ လီဆော်(ခ)အိုက်ရီဆွတ်နှင့် အိုက်ဆမ်တို့ လိုက်ပါလာသည့် ယာဉ်ကို စစ်ဆေးရာ KETAMINE စိတ်ပြောင်းမူးယစ်ဆေးဝါးများထည့်လျက် တစ်ထုပ်လျှင် တစ်ကီလိုပါ ၂၄ ထုပ် **(အောက်ပုံ)** ဒေသပေါက်ဈေး တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် ငွေကျပ် သိန်း ၇၂၀ ကို ဖမ်းဆီးရမိသည်။

အဆိုပါ KETAMINE စိတ်ပြောင်းမူးယစ်ဆေးဝါးများကို အထူးဒေသ-၂ မိုင်းဖျန်မြို့မှ တာချီလိတ်မြို့သို့ ထိုင်းဘတ်ငွေ ၁၄၄၀၀၀ ဖြင့် သုံးဦး ပူးပေါင်းသယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ယင်းမူးယစ်ဆေးဝါးများ သယ်ဆောင်သူ စိုင်းလုံထွန်း၊ လီဆော်(ခ)အိုက်ရီဆွတ်နှင့် အိုက်ဆမ်တို့ကို ကျိုင်းတုံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**



## မူးယစ်ဆေးဝါးရောင်းချသူနှင့် လက်ဝယ်ထားရှိသုံးစွဲသူကို ဖမ်းဆီး

**စဉ့်ကူး ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသုံးစွဲသူ သုံးဦးနှင့် ၎င်းတို့၏ ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဇန်နဝါရီ ၁ ရက်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဒိုးနွယ်ရွာကွက်သစ်ရှိ ရွှေလုပ်ကွက်သွားရာ တောလမ်းဘေးတွင် လူငယ်သုံးဦး မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးမေးမြန်းရာ ချမ်းအေး၊ မောင်ကြီးနှင့် လှိုင်မင်းစိုးတို့ဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့ကို ရှာဖွေရာ ချမ်းအေး၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ ပြားခွဲနှင့် ငွေကျပ် နှစ်သိန်းသုံးသောင်း တွေ့ရှိသိမ်းဆည်းရမိသဖြင့် မေးမြန်းရာ ၎င်းတို့သုံးဦး ရွှေလုပ်ငန်းအင်းအတွင်း လုပ်ကိုင်ရာတွင် သုံးစွဲရန်အတွက် ဒိုးနွယ်ရွာ တုံးကြီးလှဲရပ်နေ မောင်ဆယ်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ ကွင်းဆက်ဖော်ထုတ်ချက်အရ မောင်ဆယ်ကို ဖမ်းဆီးခဲ့ပြီး လက်ပန်လှရဲကင်းစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(စဉ့်ကူး)**

## သာစည်မြို့နယ်၌ လူငယ်နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**သာစည် ဇန်နဝါရီ ၅**

သာစည်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဇော်မျိုးသန်း ဦးစီး၍ ဒုတိယရဲအုပ်ဖြိုးကျော်ခိုင်တို့ ပါဝင်သော မှုခင်းနှိမ်နင်းရေးအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ညနေ ၄ နာရီက လှိုင်းတက်ကျေးရွာ၌ စောင့်ဆိုင်းနေစဉ် မိတ္ထီလာ-တောင်ကြီး-ကားလမ်း မိုင်တိုင်အမှတ် (၂၀/၁)နှင့် (၂၀/၂)ကြားတွင် အနောက်မှ အရှေ့သို့ ဆိုင်ကယ်နှစ်စီး အတူယှဉ်တွဲမောင်းနှင်လာသည့် လူငယ်နှစ်ဦးကို ရပ်တန့် ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေရာတွင် ကိုဇော်မြင့်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်မှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၁၆ ပြားကို ရှာဖွေတွေ့ရှိခဲ့သဖြင့် သာစည် မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ကာမိန်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တမုနိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် ဟတ်ကာကျေးရွာ ခမည်းတော် ဦးပူလွယ်ဆိုင်စိန်စံ+မယ်တော်ဒေါ်အောက်လွယ်ဆွယ်ငင်းတို့မှ ၁၂၉၃ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၇ ခုနှစ်တွင် လားရှိုးမြို့နယ်ပိုင်ကြီး ဦးပညာ၊ အောက်လွယ်မုံစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ကာမိန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောလိယကို ဥပဇ္ဈယ်ပြုလျက် ရှင်အဖြစ်သို့လည်းကောင်း၊ ၁၃၁၃ ခုနှစ်တွင် ကာမိန်းကျောင်းတိုက်ခဏ္ဍသိမ်၌ ကာမိန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောလိယကို ဥပဇ္ဈာယ်ပြုလျက် နယ်ပိုင်ကြီးဦးပညာ၊ အောက်လွယ်မုံစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လျောင်းလျာသည် သိန်းနီမြို့ ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တအာလောက၊ မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း ဗာရာဏသီကျောင်းဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ၊ စာချဆရာတော်ဘဒ္ဒန္တဝိဇယာနန္ဒ၊ ရန်ကုန်မြို့ ဗဟန်းဓမ္မသုခတိုက် ပိဋကတ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသြဘာသ၊ စာချဆရာတော်ဘဒ္ဒန္တကုသလတို့ထံ၌လည်းကောင်း ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် သီရိမင်္ဂလာမာန်ဆူကျောင်းတိုက်၊ အောင်ရတနာပုံလုံလောကျောင်းတိုက်၊ မာန်တောင်းကျောင်းတိုက်၊ တာပုံကျောင်းတိုက်၊ မိုင်းတင်ကျောင်းတိုက်၊ တောင်နောက်ကျောင်းတိုက်၊ ရွှေလီကျောင်းတိုက်များကို တည်ထောင်ခဲ့ပါသည်။ ၁၃၂၇ ခုနှစ် သိန်းနီမြို့ ဂိုဏ်းထောက်အဖြစ်လည်းကောင်း၊ ၁၃၂၉ ခုနှစ် ဒုတိယဂိုဏ်းချုပ်အဖြစ်ကိုလည်းကောင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့၏ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဝင်၊ တတိယအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေး စာပြန်ပွဲတော် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ယနေ့အချိန်ထိ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးအနက်ထားခြင်း၊ သည်းခံခြင်း၊ ခမာစသောနာယကဂုဏ်များဖြင့် ပြည့်စုံတော်မူသဖြင့် **ဆရာတော်ဘဒ္ဒန္တမုနိန္ဒသည် ၁၃၅၅ ခုနှစ် (၁၉၉၄) ခုနှစ်၊** ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ် ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသဖြင့် ၁၃၇၇ (၂၀၁၆) ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါအရ ၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ (၃၀-၁၂-၂၀၁၆) သောကြာနေ့၊ မွန်းတည့် ၁၂:၀၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

# ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၅**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အထက်မြန်မာပြည် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းများနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ပညာရေးကောလိပ်များ၏ ကာယဗလမောင်အကြီးတန်းနှင့် အငယ်တန်း ကာယအလှမယ်အကြီးတန်းနှင့် အငယ်တန်းပြိုင်ပွဲများကို ဇန်နဝါရီ ၃ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမ၌ကျင်းပသည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၀ ဦးတို့က အစီအစဉ်အတိုင်း သတ်မှတ်ကိုယ်ဟန်များနှင့် စိတ်ကြိုက်ကိုယ်ဟန်တို့ဖြင့် ယှဉ်ပြိုင်ကြပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက စိစစ်အမှတ်ပေးရွေးချယ်ပေးကြသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာယဗလမောင်အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲနှင့် ကာယအလှမယ်အကြီးတန်းနှင့်အငယ်တန်းပြိုင်ပွဲတို့၌ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် မှုခင်းပညာပေးယာဉ်ဖြင့် လှည့်လည်ပညာ ပေးလျက်ရှိရာ ဇန်နဝါရီ ၂ ရက်က ပုဗ္ဗသီရိမြို့နယ် လယ်သာအုပ်စု ဂုံမင်းကွင်းကျေးရွာရှိ ရွာလယ်လမ်းမ၌ မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးစဉ်

ကိုကိုရှုပ(နေပြည်တော်)

# သဘာဝဘေးဒဏ်ခံရသည့် ကျေးရွာသို့ မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**ရမည်းသင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဘာဝဘေးဒဏ်ခံခဲ့ရသည့် ကန်ဆွယ်ကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃ ရက်က ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထက်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ်များက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးသောင်းထိုက်က စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်မိုးက ကျေးရွာကော်မတီသို့ မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ သက်တမ်းလွန်ဆေးများ မီးရှို့ဖျက်ဆီး

**မအူပင် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက်က ခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဇော် ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အခြေခံစားသုံးကုန်များ၌ ယနေ့ခေတ်တွင်မပါမဖြစ်သည့် ဆိုးဆေးများနှင့် အန္တရာယ်များ၊ ပြုပြင်ပြောင်းလဲ ပြုလုပ်ရောင်းချသည့် စားသုံးဆီများ၊ ပိုးသတ်ဆေးအလွန်အကျွံအသုံးပြုထားသည့် ငါးခြောက်လုပ်ငန်းများစသည့် အခြေခံစားသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ စားသုံးခြင်းမပြုရအောင် အသိပညာပေးခြင်း၊ သတိပေးတားမြစ်ခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်နိုင်ရေး ဆွေးနွေးခဲ့သည်။

ထို့ပြင် ဇန်နဝါရီ ၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ သက်တမ်းလွန်ဆေးဝါးများကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတို့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။

သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီးရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဆေးဆိုင် ၁၂ ဆိုင်မှ ဆိုင်ရှင် ၁၀ ဦးတို့ တက်ရောက်ခဲ့ပြီး ဖျက်ဆီးခဲ့သည့်ဆေးဝါးတန်ဖိုးစုစုပေါင်းငွေကျပ် ၁၃၆၀၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

# တောင်သူများ နေ့စဉ်အသုံးပြုနေသည့်လမ်း ပျက်စီးနေမှုကို ပြုပြင်ပေးစေလို

**ထင်သာမြင်သာပြုပြင်စရာ**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူများ နေ့စဉ်သွားလာအသုံးပြုနေရသော လှည်းလမ်းမကြီးတစ်ခုဖြစ်သည့် ရွာတောင်ဖျားရှိ လှည်းလမ်းမကြီးမှာ ရေစီးမြောင်း (ချောက်) နှင့် အလွန်နီးကပ်နေပြီး ယခုနှစ်တွင် မိုးရေတိုက်စားမှုဒဏ်ကြောင့် လမ်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံတောင်သူများအတွက် သွားလာမှုအခက်အခဲများ ကြုံတွေ့ရဖွယ်ရှိနေသည့်အပြင် ယင်းလှည်းလမ်းမကြီးအနီး နေထိုင်လျက်ရှိသည့် နေအိမ်အချို့အတွက်လည်း တဖြည်းဖြည်းမိုးရေတိုက်စားမှုများလာပါက စိုးရိမ်ရသည့်အခြေအနေများ ရှိသည်။

“ကျွန်တော်တို့တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့စဉ်သွားလာအသုံးပြုနေရတဲ့ ရွာရဲ့တောင်ဖျားကလှည်းလမ်းမကြီး ဒီနှစ်မိုးရေတိုက်စားမှုကြောင့် လမ်းပျက်စီးမှုတွေဖြစ်ခဲ့ပါတယ်။ ဒီလှည်းလမ်းမကြီး ပျက်စီးမှုဖြစ်ရတဲ့အကြောင်းကတော့ အဲဒီလှည်းလမ်းမကြီးရဲ့အနီးက ရေစီးမြောင်း(ချောက်)ကြောင့် မိုးရေတိုက်စားမှုတွေဖြစ်ပြီး လမ်းပျက်စီးမှုတွေဖြစ်နေရတာပါ။

“ပြီးခဲ့တဲ့နှစ်ကလည်း ဒီလှည်းလမ်းမကြီးဟာ မိုးရေတိုက်စားမှုကြောင့်ပျက်စီးခဲ့လို့ ကျွန်တော်တို့ရွာသူရွာသားတွေစုပေါင်းပြုပြင်ဆောင်ရွက်ခဲ့ကြပါတယ်။ အခုပြန်ပြီးပျက်စီးသွားပါပြီ။ ဒီလှည်းလမ်းမကြီး ပျက်စီးနေမှုကိုပြန်ပြီးတော့သာ မပြုပြင်ဘဲနေရင် လမ်းအသုံးပြုသွားနေရတဲ့ တောင်သူအချို့နဲ့ လှည်းလမ်းမကြီးအနီးက လူနေအိမ်တွေအတွက် အခက်အခဲကြုံတွေ့နိုင်ပါတယ်။

“ဒါ့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကျွန်တော်တို့ နေ့စဉ်သွားလာအသုံးပြုနေရတဲ့ လမ်းပျက်စီးနေမှုကို လာရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြုပြင်ဆောင်ရွက်ပေးဖို့ ဒေသခံပြည်သူများက မျှော်လင့်နေကြပါတယ်” ဟု ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်
(ညောင်ဦး)**



ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၅၀)

# ဖြူစင်သန့်ရှင်းသောစိတ်ထား



— ဦးဟန်ညွန့်(ဥပဒေ) —

**ပထမဆုံးနေ့မှစပြီး**

“၂၀၁၇ ခုနှစ်၏ ပထမဆုံးနေ့မှစပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့်စိတ်ဓာတ်များနှင့် ဆက်ပြီးသွားကြစို့ဟု တိုက်တွန်းချင်ပါကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးသင်္ကေတသည် ချိုးဖြူလေးဖြစ်ပါကြောင်း၊ ဖြူစင်ခြင်းဟု ဆိုချင်ပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက်အပေါ် ဖြူစင်သန့်ရှင်းသော စိတ်ထားများမထားဘဲ တကယ့်စစ်မှန်သည့်ငြိမ်းချမ်းရေးကိုမရနိုင်ပါကြောင်း၊ ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို မိမိတို့မတည်ဆောက်နိုင်ပါကြောင်း၊

ငြိမ်းချမ်းရေးအတွက် ဖြူစင်သည့်စိတ်ထားများထားချင်လျှင် မိမိကိုယ်ကို တစ်ချိန်လုံးသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လောဘကို အလှူဒါနဖြင့် အောင်နိုင်စေရာ၏ဟုဆိုသည့်အတိုင်း ကိုယ့်လောဘများနှင့်လိုချင်စိတ်များကို ပေးကမ်းချင်သည့်စိတ်၊ တခြားသူ၏ဆန္ဒများကို တတ်နိုင်သလောက် မှန်မှန်ကန်ကန်နည်းလမ်းဖြင့် ဖြည့်ဆည်းပေးချင်သည့်စိတ်များဖြင့် အောင်နိုင်ယူရမည် ဖြစ်ပါကြောင်း၊

မိမိတို့၏ဒေါသများကိုလည်း မေတ္တာထားခြင်းဖြင့် အောင်နိုင်ယူရမည်။ လောဘနှင့်ဒေါသကို အောင်နိုင် နိုင်မည်ဆိုလျှင် မိမိတို့နိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိစရာအကြောင်း ဘာမျှမရှိပါကြောင်း၊ ယင်းစိတ်နှစ်ခုသာ ပျောက်ကွယ်သွားမည်ဆိုလျှင် လုံးဝပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ အများကြီးလျော့ကျသွားမည်ဆိုလျှင် မိမိတို့၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အောင်မြင်မည်ဟု လုံးဝယုံကြည်ပါကြောင်း”

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနဖွင့်ပွဲ၌ ပြောကြားချက်**

**ဖြူစင်သန့်ရှင်းသောစိတ်ထား**

**“စိတ်” ၏ အဓိပ္ပာယ်**

အာရုံကို သိတတ်သောသဘောတရား။ အကြောင်းတစ်စုံတစ်ရာကိုသိမှု၊ကောင်းမကောင်းကို ကျိုးကြောင်းဖြစ်ဟန်၊ သိမြော်လွန်သည်။ အကြံအတွေး။ အကြိုက်။ လိုလားချက်။ ဆန္ဒ။ အယူအဆ။ သဘောထား။ စွဲလမ်းချက်။

[မြန်မာအဘိဓာန်ဖွင့်ဆိုချက်၊ စာမျက်နှာ-၂၂၅]

**“ဖြူစင်”၏ အဓိပ္ပာယ်**

အညစ်အကြေးမထင်။ သန့်ရှင်းသော။

[မြန်မာအဘိဓာန်ဖွင့်ဆိုချက်၊ စာမျက်နှာ-၉၀]

**သန့်ရှင်း၏အဓိပ္ပာယ်**

သန့်-စင်ကြယ်သော အညစ်အကြေးအရောအနှောစသည်မရှိသော၊ သန့်စင်သော

**သန့်ရှင်း-သန့်ပြန့်စင်ကြယ်သော**

[မြန်မာအဘိဓာန်ဖွင့်ဆိုချက်၊ စာမျက်နှာ-၂၂၄]

အထက်ပါ ရည်ညွှန်းဖွင့်ဆိုချက်များအရ ဖြူစင်သန့်ရှင်းသောစိတ်ထားဟူသည် အညစ်အကြေးမထင်သော သန့်ပြန့်စင်ကြယ်သော၊ ကောင်းမကောင်း ကျိုးကြောင်းဖြစ်ထွန်းသည့် အကြံအတွေး၊ ဆန္ဒ၊ အယူအဆ၊ သဘာထားဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းတို့သည် အညစ်အကြေးကင်းစင်ခြင်း၏ သရုပ်သကန်ကို မှန်မှန်ကန်ကန်ဖော်ထုတ်ခြင်းလည်း မည်ပါပေ၏။ လောဘ၊ ဒေါသများကို အောင်နိုင်ခြင်းလည်းဖြစ်ပါပေ၏။

**ဒေါသကြောင့်**

“ဒေါသကြောင့် ရာဇဝတ်မှုတွေဖြစ်ရပေ၏။ “ဒေါသ” ဟူသည် စိတ်ဆိုးခြင်း၊ စိတ်တိုခြင်း၊ အမျက်ထွက်ခြင်းဖြစ်ပါ၏။ ကိုယ့်ဒေါသကို ကိုယ်မထိန်းနိုင်။ လူသတ်၏။ ရိုက်၏။ နှက်၏။ ကိုယ်ထိလက်ရောက် စော်ကား၏။

**လောဘကြောင့်**

“လောဘ”ဟူသည် လိုချင်ခြင်း၊ တပ်မက်ခြင်းဖြစ်ပါ၏။ လိုချင်တပ်မက်မှု၊ ရလိုမှုများ အတိုင်းထက်အလွန်ကြီးမားလာပါ၏။ ကိုယ်ကျိုးဖက်လာပါ၏။ အများအကျိုးမလိုလား။ ကိုယ်ကြီးပွားဖို့သာ ဦးစားပေးလာပါ၏။ “ဘယ်သူသေသေ ငတေမာလျှင်ပြီးရော”ဆိုသည့်လောဘဖြစ်ပါ၏။ လောဘကြောင့် မကောင်းစီးပွားရှာလာပါ၏။ ခိုးလာ၏။ ဝှက်လာ၏။ ခားပြတိုက်လာ၏။ အလွဲသုံးစားလာ၏။ ဤကားရာဇဝတ်မှုဖြစ်လာပါ၏။

**ဆန့်ကျင်ဘက်**

ဥပဒေအမြင်ဖြင့် တင်ပြရလျှင် ဖြူစင်ခြင်းမရှိ၊ သန့်ရှင်းခြင်းမရှိ၊ စိတ်ထားမကောင်း၊ လောကမကင်း ဒေါသမရှင်းသောကြောင့် ရာဇဝတ်မှုများ ပေါ်ပေါက် ရခြင်းဖြစ်ပါသည်။ ဖြူစင်သန့်ရှင်းသောစိတ်ထား၏ဆန့်ကျင်ဘက်မှာ ရာဇဝတ်မှုများသာ ဖြစ်ပါ၏။ ရာဇဝတ်များ၊ ပြစ်မှုများကို တရားဥပဒေဖြင့်သာ ကာကွယ်ကြစမြဲ။ တရားဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာဖြစ်ပါသည်။

**ကြိုတင်ကာကွယ်ခြင်း**

ရာဇဝတ်မှုများ၊ ပြစ်မှုများမဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ်ရပါ၏။ တိုင်းပြည်ငြိမ်းချမ်းဖို့၊လုံခြုံဖို့၊ ပြည်သူအပေါင်းအေးအေးချမ်းချမ်းနေထိုင်ဖို့တရားဥပဒေစိုးမိုးစေရပါ၏။ အစီအမံများရေးဆွဲဆောင်ရွက်ရပါ၏။ ကိုယ်ကျင့်တရားကောင်းမွန်စေဖို့လိုအပ်ပြန်ပါ၏။ အများပြည်သူကိုအနှောင့်အယှက်မဖြစ်အောင် ကာကွယ်ရပါ၏။ အများပြည်သူအသက်အိုးအိမ်စည်းစိမ်များကိုလည်း စောင့်ရှောက်ရပါ၏။

**အမှုများတွင်ဥပဒေအရ ခုခံချေပပိုင်ခွင့်ရှိပါသည်။ တရားသူကြီးက အပြစ်ရှိ/မရှိ မေးလျှင်စွပ်စွဲခံရသူက အပြစ်မရှိကြောင်း ခုခံနိုင်ပါသည်။ ချေပနိုင်ပါသည်။ ကိုယ်တိုင်ထုချေနိုင်ပါသည်။ ရှေ့နေဖြင့်ထုချေနိုင်ပါသည်။ အများပြည်သူမြင်စေနိုင်သော တရားခွင်ရှေ့မှောက်တွင် တရားစီရင်ခြင်းဖြစ်ပါသည်။ ဥပဒေမဲ့တရားစီရင်လျှင် ထောက်ပြနိုင်ပါသည်။ တရားစီရင်ရေးမှုများနှင့် ဆန့်ကျင်ခွင့်မရှိ**

**ခုခံချေပပိုင်ခွင့်**

အမှုများတွင်ဥပဒေအရ ခုခံချေပပိုင်ခွင့်ရှိပါသည်။ တရားသူကြီးက အပြစ်ရှိ/မရှိ မေးလျှင်စွပ်စွဲခံရသူက အပြစ်မရှိကြောင်း ခုခံနိုင်ပါသည်။ ချေပနိုင်ပါသည်။ ကိုယ်တိုင်ထုချေနိုင်ပါသည်။ ရှေ့နေဖြင့်ထုချေနိုင်ပါသည်။ အများပြည်သူမြင်စေနိုင်သောတရားခွင်ရှေ့မှောက်တွင် တရားစီရင်ခြင်းဖြစ်ပါသည်။ ဥပဒေမဲ့ တရားစီရင်လျှင် ထောက်ပြနိုင်ပါသည်။ တရားစီရင်ရေးမှုများနှင့် ဆန့်ကျင်ခွင့်မရှိပါ။

**အယူခံပိုင်ခွင့်**

အယူခံပိုင်ခွင့်အပြည့်အဝရယူပါ။ ဥပဒေအရာတွင်အညီအမျှဖြစ်ပါသည်။ မည်သူကမျှ ပိတ်ပင်၍မရနိုင်ပါ။ ဥပဒေအထက်တွင် မည်သူမျှ မရှိစေရပါ။

**တရားသူကြီးများ၏ကျင့်ဝတ်**

တရားသူကြီးများ၏ ကျင့်ဝတ်အကြောင်းမကြာခဏရေးခဲ့ကြပါပြီ။ ဆွေးနွေးခဲ့ကြပါပြီ။ အမှန်တရားကို သွေဖည်သော၊ အကျင့်ပျက်သော အချို့တရားသူကြီးများအား သက်ဆိုင်ရာကအရေးယူလျက်ရှိပါပြီ။ ပူးပေါင်းကူညီရန်သာ (ပြည်သူ့ထံမှအကူအညီသာ) ဖြစ်ပါသည်။

**အပြန်အလှန်ထိန်းကျောင်းခြင်း**

တရားရေးသာမကဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင်ပါ အပြန်အလှန်ထိန်းကျောင်းဖို့ လိုပါမည်။ အရေးအရာကဏ္ဍအစုံဘက်ကို ပြည်သူတို့အပေါ်တာဝန်ခံနိုင်မှုရှိ/မရှိက အဓိကကျလှပါသည်။ တာဝန်ယူမှုများကို ထင်ရှားဖို့လိုပါသည်။ ဖုံးဖုံးဖိဖိလုပ်ရမည့်ကာလများ ဖြတ်ကျော်သွားခဲ့ပြီဖြစ်ပါ သည်။ ပွင့်လင်းမြင်သာမှုဖြင့် နေရာယူသင့်ပါပြီ။

**စောင့်ကြည့်အဖွဲ့**

တရားရုံးများသို့ “စောင့်ကြည့်အဖွဲ့”ဖွဲ့ပြီးကြပ်မတ်မည်လား စဉ်းစားခဲ့ကြသည်။ ဆွေးနွေးခဲ့ကြသည်။ ဥပဒေနှင့်အညီပါမည်လား။ ပို၍ဆိုးမည်လား ဝေခွဲကြ သည်။ အဓိကကျသူများမှာ“တရားသူကြီးများသာ”ဖြစ်ပါသည်။ ကိုယ်ကောင်းလျှင်ခေါင်း ဘယ်မှ မရွှေ့နိုင်ပါ။

**ကော်မရှင်သတင်း**

ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဥက္ကဋ္ဌဦးဆောင်ပြီး အဖွဲ့ဝင်များကွင်းဆင်းခဲ့ကြသည်။ ၁၈-၁၁-၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခဲ့သည်။ Rule of Law Center နှင့် အနောက်ပိုင်းခရိုင်တရားရုံးများသို့ သွားရောက်ခဲ့ကြသည်။ တရားဥပဒေနှင့်ပတ်သက်သည်များ ဆွေးနွေးလေ့လာအကြံပြုခဲ့သည်။

၁၆-၁၂-၂၀၁၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးသို့ ကော်မရှင်သွားရောက်ခဲ့သေးသည်။ မြို့တော်ခန်းမတွင် တရားစီရင်ရေးနှင့်ပတ်သက်၍ ဆက်နွှယ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်းအင်အား ၇၀၀ ခန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တရားရုံးသို့လည်း သွားရောက်ခဲ့ကြသည်။ အမှုစစ်ဆေးသည်များကိုလက်တွေ့လေ့လာခဲ့သည်။ အကြံပြုဆွေးနွေးခဲ့သည်။ Rule of Law Center သို့လည်းသွားရောက်ခဲ့၊ ဆွေးနွေးခဲ့သေးသည်။ ဥပဒေနှင့်အညီ ဖြစ်ပါသည်။

**လက်စွဲတွေက ရှိပြီးသား**

**တရားသူကြီးများ**အတွက်တရားရုံးများလက်စွဲ။ **ဥပဒေအရာရှိများ**အတွက် ဥပဒေရုံးလက်စွဲ။ **ရဲအရာရှိများ**အတွက် ရဲလက်စွဲရှိပြီးသားတွေပဲ။ အသစ်ပြန်ရေးနေဖို့ပင်မလိုအပ်။ ခိုင်ခိုင်မာမာရှိပြီးသားပါ။ ရှေ့နေဆိုလျှင် ရှေ့နေကျင့်ဝတ်၊ ဆရာဝန်ဆိုလျှင် ဆရာဝန်ကျင့်ဝတ်၊ သက်ဆိုင်ရာ တည်ဆဲဥပဒေတွေကလည်း ပြဋ္ဌာန်းပြီးသား။ ပြဋ္ဌာန်းပြီးသား၊ ရှိပြီးသား လက်စွဲတွေ၊ ကျင့်ဝတ်တွေ၊ ဥပဒေတွေ၊ ညွှန်ကြားချက်တွေကို မေ့နေကြလေရော့သလား။ ကြီးကြပ်ရမည့်၊ ကွပ်ကဲရမည့်၊ ပုံမှန်စစ်ဆေးရမည့် အထက်အကြီးအကဲတွေ၊ အုပ်ချုပ်သူတွေ၊ တာဝန်ရှိသူတွေက တစ်နှစ်တစ်ကြိမ် (ပုံမှန်ဖြစ်စေ၊ အထူးဖြစ်စေ) မစစ်ဆေးကြဘူးလား။ မကြီးကြပ်ကြဘူးလား။ စစ်ဆေးဇယား(check list) မထားကြဘူးလား။ ဘာများမှားနေပါလိမ့်။

စစ်ဆေးတွေ့ရှိချက်၊အရေးယူဆောင်ရွက်ချက်တွေမကြေညာဘူးလား။ ပြည်သူသိအောင်မထုတ်ပြန်ဘူးလား။ အလုပ်မလုပ်ကြဘူးလား။ တာဝန်ရှိသူတွေက ဘာမှမလုပ်၍၊ လက်ပိုက်ကြည့်နေ၍(မထူးခြား၍) တရားရုံးတွေကို စောင့်ကြည့်အဖွဲ့ ထားပြီးကြီးကြပ်သင့်ပြီဟု အသံထွက်လာခြင်းလားဟု အနှစ်ငါးဆယ်ကျော် အတွေ့အကြုံရှိသည့် ဥပဒေပညာရှင်ကြီးတစ်ဦးက စာရေးသူအားမေးသည်။ မည်သို့ဖြေဆိုသင့်ပါသလဲခင်ဗျား။

**စေတနာ**

(၁)ဖြူစင်သန့်ရှင်းသော စိတ်ထားများမထားဘဲ တကယ့်စစ်မှန်သည့်ငြိမ်းချမ်းရေးကို မရနိုင်ကြောင်း ၂၀၁၇ ခုနှစ် နှစ်သစ်မင်္ဂလာနေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားရင်ဝယ် မှတ်သားပွားများလျက် ငြိမ်းချမ်းသာယာကြပါစေကြောင်း။

(၂)ထို့အတူ ဖြူစင်သန့်ရှင်းသော စိတ်ထားဖြင့်သာ တရားဥပဒေစိုးမိုးရေး စိတ်အေးချမ်းမြေ့နိုင်ပါကြောင်း တွေးမိသည့် ကျွန်တော်၏စေတနာ ဥပဒေအတွေး မျှသာပါ။

# တောင်သူလယ်သမားများ လက်တွေ့အကျိုးရှိမည့် တောင်သူမိတ်ဆွေအသင်းများ နေပြည်တော်ကောင်စီဖွဲ့စည်း



**နေပြည်တော် ဇန်နဝါရီ ၅**

လယ်ယာကဏ္ဍဖွံ့ဖြိုးလာစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက နေပြည်တော် ကောင်စီတွင် လယ်သမားများ လက်တွေ့အကျိုးရှိမည့် တောင်သူမိတ်ဆွေ (FARMERS' FRIEND) အဖွဲ့များ ဖွဲ့စည်း၍ လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည်။

စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ တောင်သူများ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရေးအတွက် တောင်သူမိတ်ဆွေများအဖွဲ့ကို နေပြည်တော်ကောင်စီရှိ ငလိုက်၊ ရေဆင်း၊ ဆင်သေ၊ ပေါင်းလောင်း၊ ချောင်းမငယ်ဟူ၍ အဓိကကျသော ဆည်တမံကြီးများတွင် စတင်ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

တောင်သူ မိတ်ဆွေများသည် တောင်သူများကိုယ်စားလုပ်ငန်းများဖြစ်သည့် တောင်သူများစိုက်ပျိုးသည့် သီးနှံအမျိုးအစား၊ စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးသည့်ကာလနှင့် ပိုးမွှားကျရောက်မှုစသည့်အခြေအနေအား စိုက်ပျိုးရေးဦးစီးဌာနသို့ သတင်းပေးပို့ဆက်သွယ်ဆောင်ရွက်ခြင်း၊ တောင်သူများလိုအပ်လျက်ရှိသော လယ်ယာသုံးစက်ကိရိယာများ (လယ်ထွန်စက်၊ ကောက်စိုက်စက်၊ ကောက်ရိတ်စက်စသည်) တို့ကို စက်မှုလယ်ယာဦးစီးဌာနသို့ သတင်းပေးပို့ဆက်သွယ် ဆောင်ရွက်ခြင်း၊ တောင်သူများ စိုက်ပျိုးထားသောသီးနှံများအတွက် ရေစတင်ယူမည့်ရက်၊ ရေလိုအပ်မှုအခြေအနေ၊ ရေနစ်မြုပ်မှုအခြေအနေစသည်တို့ကို ဆည်မြောင်းဦးစီးဌာနနှင့် ဆက်စပ်ဆောင်ရွက်ပေးခြင်း၊ တောင်သူများစိုက်ပျိုးထားသောသီးနှံများအတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများချေးယူရာတွင် ကူညီဆက်စပ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။

တောင်သူ မိတ်ဆွေများအား နေပြည်တော်ကောင်စီနယ်တွင် ရေသောက်စနစ်အလိုက် လက်တံမြောင်းတစ်မြောင်းတွင်နှစ်ဦးနှုန်း အဖွဲ့ဝင် ၅၀ ကျော်ဖြင့်ဖွဲ့စည်းကာစတင် ကွင်းဆင်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**တင်လှိုင်**
**(မိတ္ထီလာ)**

# အောင်မြင်မှုများဆီ အရောက်လှမ်းနေသည့် မြန်မာမြားပစ်အဖွဲ့

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မလေးရှားနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲစတင်ရန် ရှစ်လဝန်းကျင်လိုသေးသော်လည်း ပြိုင်ပွဲဝင်မည့်နိုင်ငံများမှာ ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ “ပွဲမဝင်ခင် အပြင်က ကျင်းပ”ဆိုသလို မြန်မာအားကစားအဖွဲ့များမှာ သက်ဆိုင်ရာအားကစားနည်းများအလိုက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ပြီး မြားပစ်အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် ၂၀၁၆ ခုနှစ်တွင် လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ် နိုင်ငံတကာပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ခဲ့သလို ယခုနှစ်တွင်လည်း ပြိုင်ပွဲများ ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့သည် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခြင်းမရှိသည့်အပြင် ဆုတံဆိပ်နှင့်ပါ လွဲချော်ခဲ့သောကြောင့် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အချိန်ယူပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့သည် အောင်မြင်မှုရရန် ပဏာမကစားသမား ၂၄ ဦးဖြင့် လေ့ကျင့်လျက်ရှိပြီး ကစားသမားဘဝမှ အနားယူကာ နည်းပြအဖြစ် ဆောင်ရွက်နေသည့် ယခင်ဆီးဂိမ်း ရွှေတံဆိပ်ဆုရှင် ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့လည်း ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် လက်ရွေးစင် ကစားသမားစာရင်းတွင် ပြန်လည်ပါဝင်လာခဲ့သည်။မြန်မာမြားပစ်အဖွဲ့သည် အောက်တိုဘာလကကျင်းပခဲ့သည့် မလေးရှားဆီးဂိမ်းပြိုင်ပွဲအကြိုမြားပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့သလို စန်းယုထွေးမှာ ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲတွင် ၁၆ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ စန်းယုထွေးသည် အိုလံပစ်ပြိုင် ပွဲယှဉ်ပြိုင်ခဲ့သည့် မြန်မာကစားသမားများအနက် အမြင့်ဆုံးစွမ်းဆောင်မှုဖြစ်ခဲ့သည်။

(၂၉) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သည် (၆) ကြိမ်မြောက် အရှေ့တောင်အာရှ မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး မတ်လတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှဖလား မြားပစ်ပြိုင်ပွဲကိုလည်း ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးကျော်ဦး (ဒုတိယအမြဲတမ်း အတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)က “ကျွန်တော်တို့ မြားပစ်အဖွဲ့ချုပ်အနေနဲ့ (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ လေ့ကျင့်ပြင်ဆင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အား/ကာ ညွှန်ကြားရေးမှူးချုပ်တို့ရဲ့ လမ်းညွှန်မှုတွေကို ခံယူပြီး ပြင်ဆင်လျက်ရှိပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ ယှဉ်ပြိုင်လျက်ရှိသလို ပြည်တွင်းမှာလည်း လက်ရည်စစ်ပွဲ ကျင်းပပေးလျက်ရှိပါတယ်။ လက်ရည်စစ်ပွဲကို ဆီးဂိမ်းပြိုင်ပွဲ ပုံစံအတိုင်း ကျင်းပနေတာဖြစ်ပြီး ဆီးဂိမ်းမှာ ထည့်သွင်းကျင်းပမယ့် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုးစလုံး ကျင်းပပေးနေပါတယ်။ ဆီးဂိမ်းအတွက် ကြိုတင်ပြင်ဆင်တဲ့ အနေနဲ့ နိုင်ငံတကာပြိုင်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ဖို့ရှိပါတယ်။ ဒီပြိုင်ပွဲနှစ်ပွဲမှာ ကျွန်တော်တို့အနေနဲ့ အောင်မြင်မှုရဖို့ ရည်ရွယ်ယှဉ်ပြိုင်တာမဟုတ်ဘဲ ပြိုင်ဘက်အသင်းတွေရဲ့ အနေအထား၊ ကိုယ့်ကစားသမားတွေရဲ့ အနေအထားကို သိရှိနိုင်ဖို့ ယှဉ်ပြိုင်မှာပါ။ အောင်မြင်မှု ရချင်လည်းရမှာပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်က ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်ရှင်လုပ်မယ့် ပြိုင်ပွဲမှာ ရွှေတံဆိပ် ၁၄ ခုချီးမြှင့်မှာဖြစ်ပြီး လောလောဆယ် အိမ်ရှင်မြန်မာအသင်းအပါအဝင် မလေးရှား၊ ဗီယက်နမ်၊ ဟောင်ကောင်နဲ့ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ဖို့ စာရင်းပေးထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆီးဂိမ်းမှာထည့်သွင်းကျင်းပမယ့် ပြိုင်ပွဲ ၁၀ မျိုး အပါအဝင် ၁၄ မျိုးကျင်းပမှာပါ။ တခြားနိုင်ငံတွေကလည်း ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ယှဉ်ပြိုင်မှာဖြစ်ပြီး မလေးရှားဆိုရင် ကစားသမား ၃၀ ကျော်နဲ့ လာပြိုင်မှာပါ။ ကျွန်တော်တို့က ဒီပြိုင်ပွဲနှစ်ခုစလုံးမှာ တန်းပြည့်ပြိုင်မှာဖြစ်ပြီး ဒီပွဲတွေပြီးရင် ဆီးဂိမ်းပြိုင်မယ့် လူစာရင်းကို ရွေးချယ်နိုင်မှာပါ။ ဒီပြိုင်ပွဲတွေက အရေးကြီးပြီး ဆီးဂိမ်းအတွက် သုံးသပ်လို့ရမှာပါ။ ရွှေတံဆိပ်ရရှိရေးထက် ဒီပြိုင်ပွဲမှာ ကျွန်တော့် ကစားသမားတွေရဲ့ အခြေအနေတွေကို သုံးသပ်ပြီး ဘာတွေ ထပ်ပြင်ဆင်ရမလဲဆိုတာ သိနိုင်မှာပါ။ ကျွန်တော်တို့ မြားပစ်အဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်တွေ မလွတ်အောင်ရယူနိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ဆုတံဆိပ်လွတ်ပြီး တာဝန်မကျေခဲ့ပါဘူး။ ဒါကြောင့် (၂၉) ကြိမ်မြောက်ဆီးဂိမ်းမှာ ဆုတံဆိပ် မလွတ်ဖို့နဲ့ ရွှေတံဆိပ်ပြန်လည်ရယူနိုင်ဖို့ ကြိုးစားနေပါတယ်။ ပြိုင်ပွဲစတင်ဖို့ လိုသေးတာကြောင့် အခုအချိန်မှာ ဆုတံဆိပ်ဘယ်လောက်ရမလဲဆိုတာ ပြောဖို့စောပါသေးတယ်။ မေလလောက်ဆိုရင်တော့ ပြောလို့ရပါပြီ။ ဝါရင့်ကစားသမားတွေဖြစ်တဲ့ ရဲမင်းဆွေနဲ့ အောင်ငိုမ်းတို့ ပြန်ပါလာတာကြောင့် အသင်းအနေအထားက ပိုပြီး အားကောင်းလာပါတယ်။ အောင်ငိုမ်းဆိုရင် လေ့ကျင့်တာရက်ပိုင်းပဲရှိသေးပြီး ဒီဇင်ဘာလကုန်ပိုင်းက ကျင်းပတဲ့ ဆီးဂိမ်းအကြိုလက်ရည်စစ်ပွဲမှာ အမှတ်တွေကောင်းခဲ့ပါတယ်။ ရဲမင်းဆွေဆိုရင် (၂၈)ကြိမ်မြောက် ဆီးဂိမ်းမှာ ရွှေဆုရခဲ့တဲ့ ကစားသမားထက် အမှတ်ပိုကောင်းအောင် ပစ်ခတ်နိုင်ခဲ့ပါတယ်။ ဆီးဂိမ်း မတိုင်ခင် ပြည်ပနိုင်ငံတွေမှာ သွားရောက်လေ့ကျင့်ဖို့ရှိပြီး နိုင်ငံခြားသား နည်းပြတော့ ခန့်ဖို့မသေချာသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ လက်ရှိလက်ရွေးစင်ကစားသမားတွေအပြင် မျိုးဆက်သစ် ကစားသမားတွေကိုလည်း လေ့ကျင့်ပေးနေပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းတို့က လိုအပ်တဲ့ ပံ့ပိုးမှုတွေ ပြုလုပ်ပေးနေသလို မြားနဲ့ ဆက်စပ်ပစ္စည်းတွေကိုလည်း လိုလေသေးမရှိအောင် ပံ့ပိုးပေးထားပါတယ်။ ဆီးဂိမ်းမှာ အောင်မြင်မှုရဖို့ ကျွန်တော်တို့ အစွမ်းကုန်လေ့ကျင့်ပြင်ဆင်နေပါတယ်”ဟု ပြောကြားခဲ့သည်။



မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးကျော်ဦး (ဒုတိယအမြဲတမ်းအတွင်းဝန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်သည် ပဏာမလက်ရွေးစင်ကစားသမားများကို ပြည်တွင်းနည်းပြဆရာများဖြင့် လေ့ကျင့်ပေးလျက်ရှိပြီး လက်ရွေးစင် ကစားသမား ၂၄ ဦး၊ မျိုးဆက်သစ် ကစားသမား ၁၀ဦးရွေးချယ်ထားသည်။

(၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာခဲ့ခြင်းမှာ (၂၉)ကြိမ်မြောက် ဆီးဂိမ်းတွင် ပိုမိုအောင်မြင်ရေးအတွက် ကြိုးစားလာရန် တွန်းအားတစ်ရပ်ဖြစ်လာပေသည်။ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများစွာရယူနိုင်ခဲ့သည့် မြန်မာမြားပစ်အဖွဲ့သည် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုနှင့် ဝေးကွာခဲ့သော်လည်း စနစ်တကျပြင်ဆင်ပြီး ပြင်းပြင်းထန်ထန်လေ့ကျင့်နေသောကြောင့် (၂၉) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုများ ပြန်လည်ရယူနိုင်မည်မှာ အသေအချာပင်ဖြစ်ပါသည်။



မြန်မာမြားပစ်အားကစားသမားများ လေ့ကျင့်နေစဉ်

## ရပ်ကွက်အဆင့်မြှင့်တင်ရေးနှင့် ရပ်ကွက်သစ်များ ထပ်မံတိုးချဲ့ရန် လိုအပ်နေ

**မုံရွာ ဇန်နဝါရီ ၅**

ယခုနှစ်မိုးရာသီတွင် ရာသီဥတုဆိုးရွားသဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့တွင်းရှိ လမ်းများ၊ ရေနုတ်မြောင်းများ ပြိုပျက်ပြီး မြေပြိုသဖြင့် အချို့နေအိမ်များ ပြောင်းရွှေ့ရသည်များ ရှိသလို ပညာရေး၊ ကျန်းမာရေးအတွက် ပိုမိုအဆင်ပြေသည့် မြို့ပြများသို့ ပြောင်းရွှေ့လာသဖြင့် ကျေးရွာမှ ပြောင်းရွှေ့လာသူ ပိုမိုများပြားလာနေခြင်းတို့ကြောင့် ရပ်ကွက်အဆင့်မြှင့်တင်ရေးနှင့် ရပ်ကွက်သစ်များ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အမှတ်(၂) မဲဆန္ဒနယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကယ်ထံမှ သိရသည်။

“လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့တွေ သန့်ရှင်းသာယာလှပဖို့အတွက်ကွန်ကရစ်လမ်းတွေ၊ ကတ္တရာလမ်းတွေ၊ ရေနုတ်မြောင်းတွေ၊ ပန်းခြံတွေမဖြစ်မနေ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဆောင်ရွက်ဖို့ဖြစ်ပေမယ့် လေးနှစ်၊ ငါးနှစ်အတွင်း စည်ပင်သာယာရေးကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုတွေဟာ ရပ်တန့်နေတာကို တွေ့ရပါတယ်။ အခုနှစ်မိုးရာသီမှာ ရာသီဥတုဆိုးရွားတော့ မြို့တွင်းလမ်းတွေ၊ ရေနုတ်မြောင်းတွေ မြေပြိုတဲ့အတွက် အချို့အိမ်တွေ ပြောင်းရွှေ့ရတာမျိုးရှိခဲ့ပါတယ်။ အခုအခါ အများပြည်သူတွေအနေနဲ့ ပညာရေး၊ ကျန်းမာရေးအတွက် ပိုပြီးအဆင်ပြေတဲ့ မြို့ပြကိုပြောင်းတာတွေရှိတဲ့အတွက် ကျေးရွာကနေ ပြောင်းလာသူတွေ ပိုများလာနေပါတယ်။ ဒါ့ကြောင့် ရပ်ကွက်အဆင့်မြှင့်တင်ရေးနဲ့ ရပ်ကွက်သစ်တွေ ထပ်မံတိုးချဲ့တဲ့လုပ်ငန်းတွေ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင်မြို့နယ်ခွဲတွေဟာလည်း မြို့အင်္ဂါရပ်နဲ့ ညီညွတ်တာမရှိဘဲ သစ်ပင်ချုံနွယ်တွေ ပိတ်ဖုံးနေတာတွေရှိပါတယ်”ဟု ၎င်းက ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်သုံးခု၊ မြို့နယ်ခွဲ ရှစ်ခုဖြင့်ဖွဲ့စည်းထားသော်လည်း ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်ဝန်းကျင်ခန့်မှစပြီး စည်ပင်သာယာရေးလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေ ငွေလုံးငွေရင်းခွဲဝေပေးမှုအလွန်နည်းပါးလာခဲ့သလို လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တို့တွင် ကဏ္ဍအရပ်ရပ်အတွက် တစ်နှစ်လုံးကောက်ခံငွေကျပ်သိန်း ၄၀ ခန့်သာကောက်ခံရရှိသော မြို့နယ်များဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသဝေးလံခေါင်သီသော မြို့ရွာများ တစ်ပြေးညီ အချိုးကျဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ပြစည်ပင်သာယာရေးအတွက် ပြည်သူထည့်ဝင်ငွေ စည်ပင်ခွန်အလွန်နည်းပါးသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရသို့ရန်ပုံငွေထည့်သွင်းတောင်းဆိုပေးသင့်သလို အဆိုပါဒေသများ နောက်ကျမကျန်ခဲ့စေရန် အချိုးညီဖွံ့ဖြိုးတိုးတက်သည့် အစီအမံများ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပြီး အမှန်တကယ် လိုအပ်လျက်ရှိသောစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေ ငွေလုံးငွေရင်းခွဲဝေချထားမှုများကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း ၎င်းက အကြံပြုထားသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ကလေးစာပေပွဲတော် မန္တလေး၌ ကျင်းပရေး ညှိနှိုင်းစည်းဝေး



**မန္တလေး ဇန်နဝါရီ ၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော် ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃ ရက် နံနက်က မန္တလေး ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology-MIIT) ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစိုင်းကျော်ဇောက မန္တလေးတွင် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ ကလေးစာပေပွဲတော်ကို မန္တလေးသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) တွင် ကျင်းပမည့်အကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဇေက ကလေးများနှင့်ပတ်သက်သည့်စာအုပ်ပြပွဲ၊ စာအုပ်အရောင်းပွဲတော်၊ ဉာဏ်ရည်ဉာဏ်သွေးဖော်ထုတ်သည့်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ပုံပြင်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကာတွန်းပြခန်းနှင့် ကာတွန်းရေးဆွဲပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ရုပ်သေးပွဲ၊ ခြင်းလုံးခတ်ပြိုင်ပွဲစသည်ဖြင့် ကလေးများနှင့်ပတ်သက်သည့် ပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း၊ ကလေးများ မကင်းကွာရန် လုပ်ဆောင်ပေးနေကြောင်း၊ ကျောင်းအသီးသီးမှ ကလေးများ စုံလင်စွာ ပါဝင်နိုင်ရန် ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်သူများက သိရှိလိုသည်များ မေးမြန်းရာ ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေး

**မြင်းခြံ ဇန်နဝါရီ ၅**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခ ဒေါက်တာကိုကိုစိုး ဦးဆောင်သော သွားဘက်ဆိုင်ရာဆရာဝန်များအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့မှ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါများကို ဇန်နဝါရီ ၃ ရက်က အခမဲ့စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည် ။



သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှအဖွဲ့သည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဒေါက်တာအောင်ကျော်ဦး ဦးဆောင်သောအဖွဲ့သည် မြင်းခြံမြို့ အာယုပါလဆေးခန်းတွင်လည်းကောင်း၊ ဒေါက်တာဆန်းဝင်း ဦးဆောင်သောအဖွဲ့သည် အမှတ် (၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့လည်းကောင်း ကွင်းဆင်း၍ ဒေသခံပြည်သူများအား သွားနှင့်ခံတွင်းရောဂါဝေဒနာများအကြောင်း ပညာပေးဟောပြောခြင်းနှင့် သွားနှင့်ခံတွင်းရောဂါ အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် မြင်းခြံမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် မူကြိုကျောင်းသို့သွားရောက်ကာ ကလေးများအား သွားနှင့်ခံတွင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး ကလေးများအား မုန့်များ ၊ ရေသန့်ဘူးများ၊ အချိုရည်များကိုလည်း ထောက်ပံ့ပေးခဲ့ကြသည်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)မှ အဖွဲ့သည် မြင်းခြံမြို့နယ်အတွင်းရှိ ဆီမီးခုံတိုက်နယ်၊ ထနောင်းတိုင်တိုက်နယ်၊ ယုန်ထိုး၊ ကုက္ကဲ၊ နဘူးအိုင်၊ တလုပ်မြို့ သာပေါင်းနှင့် ပျော်ဘွယ် ကျေးရွာများသို့လည်း ကွင်းဆင်းသွားရောက်၍ သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများ ပညာပေးဟောပြောခြင်းနှင့် ရောဂါများ အခမဲ့ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကလေးမြို့၌ ချင်းအမျိုးသားနေ့အခမ်းအနား စည်ကားစွာကျင်းပမည်

**ကလေး ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ ချင်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနက ကြီးမှူး၍ ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သော (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား

အဆိုပါ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ချင်းတိုင်းရင်းသား ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ တိုင်းရင်းသားရိုးရာ အကပဒေသာများဖြင့် ဂုဏ်ပြုကပြခြင်း၊ ခေတ်ပေါ်စင်တင်တေးဂီတနှင့် အဆိုပြိုင်ပွဲများဖြင့် တင်ဆက်ခြင်း စသည့် အစီအစဉ်များအပြင် ပြပွဲ၊ ဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများလည်း ပါဝင်ကာ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်၍ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေထိုင်ကြသော ချင်းတိုင်းရင်းသားလူမျိုးများနှင့် အခြားဒေသများတွင် နေထိုင်ကြသော ချင်းတိုင်းရင်းသားလူမျိုးများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း ပွဲတော်ကျင်းပရေးကော်မတီ(ကလေး)မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဂျူနိုင်း**

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

**ကလေး ဇန်နဝါရီ ၅**

ကလေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂ ရက်က ကလေးမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကလေးခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ အဖွဲ့အတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး အဖွဲ့ ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖွဲ့စည်းပုံအရ စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသောက်ကုန်များကို စစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးကြပ်မတ်ခြင်း၊ ပညာပေးခြင်း၊ သတိပေးခြင်း၊ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရာတွင် ဥပဒေအတိုင်း မိမိဘက်မှ ခိုင်မာအောင် ဆောင်ရွက်ရန်၊ ဒေသအတွင်း ထုတ်လုပ်ရောင်းချနေသော အစားအသောက်များကိုလည်း အန္တရာယ်ကင်းသော၊ လုံခြုံစိတ်ချရသော စားသောက်ကုန်များဖြစ်အောင် ထုတ်လုပ်ရောင်းချနေသော လုပ်ငန်းရှင်များအား စုစည်း၍ ဆွေးနွေးခြင်း၊ ပညာပေးခြင်းများကို စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အဖွဲ့အတွင်းရေးမှူးက အဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ စားသုံးသူရေးရာဦးစီးဌာန၏ တာဝန်များ၊ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရန်အတွက် လစဉ်လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ ရပ်ကွက်၊ ဈေးနှင့် စာသင်ကျောင်းများတွင် စားသုံးသူကာကွယ်ရေးအသင်းများဖွဲ့စည်းနိုင်ရေးအတွက် ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက် အကောင်အထည်ဖော်နေသည့် အခြေအနေများ၊ FDA မှ စားသုံးရန်မသင့်ကြောင်း ထုတ်ပြန်ထားသော ငရုတ်သီးမှုန့်နှင့် မဆလာမှုန့်များ ကလေးခရိုင်အတွင်း မြို့နယ်များရှိ စည်ပင်ဈေးများ၌ ရောက်ရှိနေနိုင်သဖြင့် အဖွဲ့စုံပူးပေါင်း၍ စစ်ဆေးနိုင်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ စသည့်အကြောင်းအရာများကို တင်ပြဆွေးနွေးပြီး အဖွဲ့ဝင်များ၏ ဆွေးနွေးချက်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကာကွယ်ဆေးများထိုးနှံပေး

**ခမ်းပါတ် ဇန်နဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့ ကနန်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာနတွင် ဇန်နဝါရီ ၃ ရက်က မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်၊ ဂျိုက်သိုး စသည့် ရောဂါကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးခဲ့ရာ စုစုပေါင်း ကလေးငယ် ၄၈ ဦးကို ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ကိုယ်ဝန်ဆောင်မိခင်များကိုလည်း ကိုယ်ဝန်ဆောင်နေစဉ် သိသင့်သိထိုက်သည်များ၊ ရှောင်ရန်ဆောင်ရန်များကို ပညာပေးဆွေးနွေးခဲ့ကြပြီး မေးခိုင်ရောဂါကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ရာ စုစုပေါင်း ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးကို ကာကွယ်ဆေးများ ထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးသင်တန်းဖွင့်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စက်ဝန်းအတွက် လူထုစည်းရုံးရေးမှူးသင်တန်း အပိုင်း (၁)ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ သင်ကြားပို့ချလျက်ရှိသည်။ သင်တန်းကို ဒီဇင်ဘာ ၃၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၈ ရက်အထိဖြစ်ကာ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### လွတ်လပ်ရေးနေ့အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေ

(၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၃ ရက်က မြို့နယ်အတွင်း လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ အဆိုပါလက်ကမ်းစာစောင်တွင် လွတ်လပ်ရေးနေ့ဦးတည်ချက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ၏ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းအကျဉ်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းကောက်နုတ်ချက်၊ လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သည့် ကာတွန်း၊ ကဗျာ၊ ဆောင်ပုဒ်များ၊ သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများ ဝေဝေဆာဆာ ပါရှိပြီး စာစောင်များကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးများ၊ ရပ်ကွက်များနှင့် လူစည်ကားရာနေရာများတွင် လိုက်လံဖြန့်ဝေခဲ့ကြောင်း သိရသည်။

**လှလှ**

# ခြင်အန္တရာယ်ကာကွယ်ရေး ဟောပြောပြီး ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေး

**နတ်တလင်း ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်(အနောက်ခြမ်း) ချင်းကုန်းကံကျေးရွာအုပ်စုရှိ ကံကလေးကျေးရွာနှင့် သံကြိုးကံကျေးရွာများမှ ဒေသခံပြည်သူများအား ခြင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများနှင့် ခြင်အန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၃ ရက်က ပြုလုပ်ခဲ့သည်။

ချဉ်ယုတ်ကွင်းရွာ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးဦးထွန်းဝင်းလတ် ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၀ ဦးပါ အဖွဲ့က ဒေသခံပြည်သူများအား ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်သည့် ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ဇီကာရောဂါ စသည့် ရောဂါများအကြောင်းနှင့် အဆိုပါရောဂါများ မဖြစ်ပွားအောင် ကြိုတင်ဆောင်ရွက်ရမည့် ကာကွယ်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ခြင်နှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ကျန်းမာရေးဌာနနှင့်အတူ ပြည်သူလူထုကပါ ပူးပေါင်းလက်တွဲပြီး တစ်ညီတစ်ညွတ်တည်း ကျန်းမာရေးအသိစိတ်ဓာတ်ရှိစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြမှသာ အောင်မြင်မှုရှိမည်ဖြစ်ကြောင်း၊ အဓိကလုပ်ရမည့် ခြင်လောက်လန်းနှိမ်နင်းရေးနှင့် သက်ကြီးခြင်ကောင်များ ခိုအောင်းနိုင်မည့်နေရာများကို ရှင်းလင်းခြင်းလုပ်ငန်းများတွင်လည်းကောင်း၊ မကြာသောကာလတွင် တိုက်ကျွေးတော့မည့် ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးအတွက် သံချဆေးပေါင်းတိုက်ကျွေးရေး လုပ်ငန်းတွင်လည်းကောင်း ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်၊ ပြည်သူများအနေဖြင့် ခြင်အန္တရာယ်မှကင်းဝေးအောင် အခမဲ့ဖြန့်ဝေပေးသော ဆေးစိမ်ခြင်ထောင်ကို အသုံးပြုပုံ၊ ထိန်းသိမ်းပုံများအား သေချာသဘောပေါက်နားလည်အောင် နားထောင်ကြပြီး လိုက်နာလုပ်ဆောင်ကြရန် စသည်တို့ကိုလည်း တိုက်တွန်းဟောပြောခဲ့သည်။

ထို့နောက် ကံကလေးရွာဘုရားရှိခိုးကျောင်းတွင် စုရပ်ပြုလုပ်၍ ကံကလေးကျေးရွာရှိ အိမ်ထောင်စု ၈၃ စုမှ လူဦးရေ ၃၂၀ အတွက် ဆေးစိမ်ခြင်ထောင် ၁၇၂ လုံးကိုလည်းကောင်း၊ သံကြိုးကံရွာရှိ အိမ်ထောင်စု ၁၈၆ စုမှ လူဦးရေ ၆၇၃ ဦးအတွက် ဆေးစိမ်ခြင်ထောင် ၃၇၅ လုံးကိုလည်းကောင်း၊ လေ့ကြပ်ကုန်းကျေးရွာအုပ်စု ကြာကံကျေးရွာရှိ အိမ်ထောင်စု ၁၁၉ စုမှ လူဦးရေ ၄၆၁ ဦးအတွက် ဆေးစိမ်ခြင်ထောင် ၂၅၂ လုံးကိုလည်းကောင်း အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**



# ကမ်းနားလမ်း နံနက်ဈေးတန်းဈေးသည်များ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများနေ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်အတွင်း ဖွင့်လှစ်ထားသော ကမ်းနားလမ်း ညဈေးနေရာ၌ နံနက်ဈေးတန်းကို ဒီဇင်ဘာ ၇ ရက်မှစတင်၍ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပြီးနောက် အဆိုပါ နံနက်ဈေးတန်းမှ ဈေးသည်အချို့အနေဖြင့် အမှိုက်များ စွန့်ပစ်ရာတွင် စည်းကမ်းလိုက်နာမှု အားနည်းနေကြောင်း တွေ့ရသည်။

နံနက်ဈေးတန်းဖွင့်ခွင့်ပြုချိန်က ဈေးသည်တစ်ဦးလျှင် လေးပေအကျယ်သာ နေရာယူရောင်းချရန်၊ အမှိုက်များကို စနစ်တကျထုပ်ပိုး၍ အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်စသည့် စည်းကမ်းချက်များကို အသိပေးချိတ်ဆွဲထားကာ ဈေးသည်များအနေဖြင့် အမှိုက်များကို အမှိုက်ပုံးများအတွင်း စွန့်ပစ်ရန် သန့်ရှင်းရေးဝန်ထမ်းများက လိုက်လံအသိပေးပြောဆိုခြင်းများ ရှိသော်လည်း ဈေးသည်အချို့မှာ ဈေးရောင်းရာမှ ထွက်သော အမှိုက်များကို ဈေးရောင်းချရာနေရာတွင် စုပုံထားရှိသည်ကို တွေ့ရသည်။

ဈေးသည်များအနေဖြင့် တစ်ဦးလျှင် သန့်ရှင်းရေးဝန်ဆောင်ခ တစ်ရာကျပ်နှုန်း ပေးဆောင်နေရသည်ဟု ပြောဆိုမှုနှင့်အတူ အမှိုက်များကို အမှိုက်ပုံးကြီးများတွင် သွားရောက်မစွန့်ပစ်ဘဲ လွယ်လင့်တကူ ပစ်ထားကြသည်ကို တွေ့ရကြောင်း ဈေးဝယ်သူတစ်ဦးက ဆိုသည်။ အဆိုပါ နံနက်ဈေးတန်း စတင်ဖွင့်လှစ်သည့်ရက်မှ တစ်လနီးပါးကြာသည့် ယခုအချိန်တွင်မူ ဈေးသည်များ ရောင်းချသည့်နေရာများတွင် ကျန်နေခဲ့သည့် အမှိုက်ပုံများနှင့် စနစ်တကျ ထုပ်ပိုး၍ ပစ်ခြင်းမရှိသဖြင့် အမှိုက်ပုံးကြီးများအနီးတွင် ပြန့်ကျဲနေသော အမှိုက်များကို မြင်တွေ့နေရပြီဖြစ်သည်။

ဈေးရောင်းချသူများ၏ ရေအသုံးပြုမှုအတွက်မူ အဆိုပါ နံနက်ဈေးတွင် ရေပိုက်လိုင်းများရှိသဖြင့် အဆင်ပြေကြောင်း သိရသည်။ သားငါးများ ရောင်းချသည့်နေရာများတွင် ရေပိုက်များမှရေကို သုံးစွဲ၍ ဆေးကြောထားသည်ကို တွေ့ရသော်လည်း အနံ့များမပျောက်ဘဲ စွဲနေပြီး သားငါးရောင်းချသည့် နေရာအနီးရှိ သန့်စင်ခန်းနေရာဝန်းကျင်တွင် ခွေးလေခွေးလွင့်များ အုပ်စုလိုက်ရှိနေသည်ကို တွေ့ရသည်။ လမ်းမတော်မြို့နယ်ကို ခွေးရူးရောဂါကင်းစင်သည့် မြို့နယ်အဖြစ် သက်ဆိုင်ရာက ကြေညာထားသော်လည်း ခွေးလေခွေးလွင့်အုပ်စုများကို မြင်တွေ့ရဆဲဖြစ်ရာ ယခုအခါ အဆိုပါ နံနက်ဈေးတစ်ဝိုက်တွင်ပါ တွေ့လာရခြင်းဖြစ်ကာ ဈေးသွားဈေးလာများမှာ သတိပြု၍ သွားလာနေကြရသည်။


အမှိုက်ပုံးတစ်ခု၏ဘေးတွင် ပြန့်ကျဲနေသောအမှိုက်များ

နိုဝင်ဘာ ၂၃ ရက်က စတင်ဖွင့်လှစ်ခဲ့သော ကမ်းနားလမ်း ညဈေးတန်းမှာမူ အမှိုက်စွန့်ပစ်မှု စနစ်တကျရှိကြောင်း သိရသည်။ ညဈေးဖွင့်လှစ်သည်မှာ ရက်ပေါင်း ၄၀ ကျော်လာသော်လည်း ရေဖိုး၊ လျှပ်စစ်မီးဖိုး၊ သန့်ရှင်းရေးအခွန်အခများ၊ ကောက်ခံမှုမရှိသေးကြောင်း ညဈေးတန်းတွင် ဈေးရောင်းသူတစ်ဦးက ပြောသည်။ နံနက်ဈေးတွင်မူ တရားဝင် ပြေစာဖြတ်၍ ကောက်ခံခြင်းမဟုတ်ဘဲ သန့်ရှင်းရေးအတွက် တစ်ရက်လျှင် ၁၀၀ ကျပ် ပေးဆောင်နေရခြင်းကြောင့် ဈေးသည်အချို့အနေဖြင့်လည်း အမှိုက်စွန့်ပစ်ရာတွင် စည်းကမ်းလိုက်နာမှု အားနည်းလာခြင်းဖြစ်ကြောင်း ဈေးသည်အချို့က ဆိုသည်။

သက်ဆိုင်ရာမှ အသိပေးထားချက်အရ ညဈေးတန်းတွင် သန့်ရှင်းရေး ဝန်ဆောင်ခအဖြစ် ရှစ်ပေပတ်လည် တစ်ခန်းလျှင် တစ်ရက် ကျပ် ၃၀၀၊ လေးပေ×ရှစ်ပေနှင့် ခြောက်ပေပတ်လည် အခန်းများအတွက် တစ်ခန်းလျှင် တစ်ရက် ကျပ် ၁၅၀၊ လျှပ်စစ်ဓာတ်အားခအဖြစ် ရှစ်ပေပတ်လည် တစ်ခန်းလျှင် တစ်လ ကျပ် ၇၀၀၊ လေးပေ× ရှစ်ပေနှင့် ခြောက်ပေပတ်လည် တစ်ခန်းလျှင် တစ်လကျပ် ၃၅၀၊ ရေဖိုးအဖြစ် ရှစ်ပေပတ်လည်ဆိုင်ခန်းတစ်ခန်းလျှင် တစ်ရက်လျှင် ၃၀၀ ကျပ်၊ သုံးပေ× ရှစ်ပေနှင့် ခြောက်ပေပတ်လည်ဆိုင်ခန်းတစ်ခန်းလျှင် ကျပ် ၁၅၀ နှုန်း အသီးသီးပေးဆောင်ရမည်ဟု သိရသည်။ မြို့နယ်အတွင်း လမ်းဘေးယာယီဈေးရောင်းချခွင့် သက်သေခံလက်မှတ် ထုတ်ပေးထားသော ဈေးသည်များအနေဖြင့် နှစ်စဉ်မှတ်ပုံတင်ကြေး ကျပ် ၅၀၀ နှင့် သန့်ရှင်းရေးဆောင်ရွက်ခအဖြစ် ဈေးရောင်းချမှုအပေါ်မူတည်၍ တစ်ရက်လျှင် ၅၀၊ ၁၀၀၊ ၂၀၀ ပေးသွင်းရမည်ဟု သိရှိရသည်။

ထိုသို့ သတ်မှတ်ချက်များ ရှိသော်လည်း ညဈေးတန်းရောင်းချမှု တစ်လကျော်လာသည်အထိ မှတ်ပုံတင်နှစ်စဉ်ကြေး ကျပ် ၅၀၀ မှလွဲ၍ မည်သည့် အခွန်အခမှ ကောက်ခံမှုမရှိသေးသဖြင့် ဈေးရောင်းချသူများအနေဖြင့် ကောက်ခံမည့်ငွေကြေး သတ်မှတ်ချက်အပေါ် ရှင်းလင်းစွာ သိရှိလိုကြသည်။ ထို့အတူ ဈေးသည်တိုင်းမှာ ရေသုံးစွဲမှု မရှိသည့်အပြင် ဈေးရောင်းချမှုအပေါ်မူတည်၍ ရေသုံးစွဲသည့်ပမာဏ ကွာခြားခြင်းကြောင့် ရေသုံးစွဲခကို ဆိုင်ခန်းပေအကျယ်ဖြင့် သတ်မှတ်ခြင်းအစား သုံးစွဲသည့်နှုန်းထားအပေါ် အခြေခံတွက်ချက်ကောက်ခံစေလိုသည်ဟုလည်း ရေသုံးစွဲခြင်းမရှိသော ဈေးရောင်းချသူတစ်ဦးက ဆိုသည်။

ထို့အတူ သန့်ရှင်းရေးငွေကြေးကို တရားဝင်ပြေစာမပါဘဲ ကောက်ခံနေမှုကြောင့် လမ်းဘေးဈေးရောင်းချသူများအနေဖြင့် စည်းကမ်းလိုက်နာမှုမရှိတော့ဘဲ လွယ်လင့်တကူ အမှိုက်စွန့်ပစ်မှုများ ပြုလုပ်လာကြကြောင်း၊ သန့်ရှင်းရေးအတွက် မဖြစ်မနေလိုက်နာရမည့် စည်းကမ်းချက်ကို ငွေကြေးပေးထားခြင်းကြောင့် လိုက်နာရန် မလိုဟူသော စိတ်ဓာတ်မျိုး ဈေးသည်များတွင် ဖြစ်ပေါ်လာခြင်းမရှိစေရန် ဆောင်ရွက်သင့်ကြောင်း လမ်းမတော်မြို့နယ်အတွင်းနေထိုင်သည့် ပြည်သူအချို့က သုံးသပ်ပြောကြားသည်။

**ခင်ဆိုင်**

# ဆောင်းမြေပဲနှင့် ဆောင်းနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့အတွင်းရှိ ကျေးရွာများမှ ကိုင်းကျွန်းမြေများတွင် ဆောင်းသီးနှံများအဖြစ် ဒေသခံတောင်သူများ အဓိကထား စိုက်ပျိုးခဲ့ကြသည့် မြေပဲနှင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါစိုက်ခင်းများတွင် ရောဂါကျရောက်မှုမှ ကာကွယ်ပေးနိုင်ရေးနှင့် ခေတ်မီနည်းပညာများ နည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဇန်နဝါရီ ၄ ရက်တွင် စိုက်ခင်းများသို့ ကွင်းဆင်းကာ စစ်ဆေးပညာပေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်း၊ ပိုင်ကျုံမြို့ စိုက်ပျိုးရေးတာဝန်ခံနှင့် တာဝန်ရှိသူများက နောင်ဘိုကြီးကျေးရွာရှိ မြေပဲစံပြ စိုက်ကွက် ငါးကေတွင်လည်းကောင်း၊ ဝင်းဖရကျေးရွာရှိ နှမ်းစိုက်ခင်း စံပြကွက်တွင်လည်းကောင်း ဒေသခံ ဆောင်းသီးနှံစိုက်တောင်သူများအား တွေ့ဆုံကာ စိုက်ခင်းများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများကို စနစ်တကျ ကာကွယ်နိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးကာ ခေတ်မီနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် နှမ်းစိုက်ခင်းများတွင် စက်ဖြင့်ရိတ်သိမ်းနေမှုများကိုလည်း လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

နောင်ဘိုကြီးကျေးရွာတွင် မြေပဲစိုက်ဧက စုစုပေါင်း ၁၁၀ ရှိကြောင်း၊ မြေပဲနှင့် နှမ်းဒေသပေါက်ဈေးသည် လက်ရှိအချိန်တွင် မြေပဲအဆံတစ်တင်းလျှင် ကျပ် ၅၂၀၀၀ နှုန်းနှင့် နှမ်းတစ်တင်းလျှင် ကျပ် ၆၀၀၀၀ နှုန်းရှိရာ တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် သီးနှံများ ဈေးကွက်ဝင်သည်အထိ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နောင်ဘိုကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစောသိန်းစိုးက ပြောကြားသည်။

**နေမျိုးလွင်**

# ကြံခင်းအလုပ်သမားများ အဆိပ်ပြင်းမြွေများကို သတိပြုကြရန်လို

**ရေတာရှည် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တွေ့ရှိရလေ့ရှိသော အဆိပ်ပြင်းသည့်မြွေပွေးများကို ကြံခင်းများအတွင်း မကြာခဏဆိုသလို တွေ့ရှိနေရသဖြင့် ကြံခင်းများတွင် ကြံခုတ်၊ ပေါင်းရှင်း လုပ်ကိုင်ကြသည့် အလုပ်သမားများအနေဖြင့် အထူးသတိထားလုပ်ကိုင်ကြရန်လိုအပ်ကြောင်း သိရသည်။

“မရှိလို့လုပ်စားပါတယ်ဗျာ။ အဲဒီမြွေကိုပဲ ဂရုစိုက်ကြည့်ပြီးလုပ်နေရတယ်။ အကိုက်ခံရလို့ကတော့ မလွယ်ဘူး။ ကျွန်တော်တို့အလုပ်သမားတွေ မကြာခဏ တွေ့နေလို့ အချို့ဆို ကြောက်ပြီး အလုပ်တောင်မဆင်းတော့ဘူး”ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ကြံခင်းအလုပ်သမားတစ်ဦးက ပြောသည်။

အဆိုပါ အဆိပ်ပြင်းသည့်မြွေများမှာ တောင်ပေါ်ဒေသများတွင် တွေ့ရှိရခြင်းမရှိဘဲ မြေပြန့်ဒေသများမှ ခြောက်သွေ့ပြီး အောက်ခြေရှင်းသည့် ခြုံပုတ်များ၊ ကိုင်းပင်များအကြားတွင် နေထိုင်လေ့ရှိကာ အကိုက်ခံရပါက ဆေးရုံဆေးခန်းများသို့ အချိန်မီရောက်နိုင်မှသာ အသက်ရှင်ခွင့်ရရှိနိုင်သည့် မြွေအမျိုးအစားလည်းဖြစ်သည်။ အဆိပ်ပြင်းသည့် အဆိုပါမြွေပွေး အကိုက်ခံရပါက လူနာကို ဆေးရုံသို့ အမြန်ဆုံးတင်ပို့နိုင်ရန်လိုအပ်



ပြီး နောက်ကျပါက အဆိပ်ပြန့်နှံ့ခြင်းကြောင့် ကျောက်ကပ်ပျက်စီးကာ အသက်အန္တရာယ်ထိခိုက်နိုင်ကြောင်း ဆွာမြို့နေ ဒေါက်တာမောင်မောင်ထွေးက ပြောကြားသည်။ **ကိုလွင်(ဆွာ)**

# (၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ

**မန္တလေး**

(၆၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် မော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂုဏ်ပြု ပွဲကို မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးဆောင်၍ မန္တလေးမြို့(၂၆) လမ်းရှိ ပဒုမ္မာခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတို့ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားသည်။ ဆက်လက်၍ လွတ်လပ်ရေးတိုက်ပွဲဝင် မော်ကွန်းဝင် ပုဂ္ဂိုလ်ကြီးများက အမှတ်တရစကား ပြောကြားကြပြီး စာရေးဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)က လွတ်လပ်ရေးနှင့်ပတ်သက်၍ ဟောပြောခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကျင်းပခြင်းမှာ ယခုနှစ်သည် တတိယအကြိမ်ဖြစ်ပြီး မော်ကွန်းဝင်ပုဂ္ဂိုလ်ငါးဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

**ကျောက်တန်း**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပခဲ့သော သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရတနာခန်းမ၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးစန္ဒာခိုင်က အမှတ်ပေးစည်းကမ်းများဖြစ်သည့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ကာကွယ်ဆေးထိုးထားမှု၊ တစ်ကိုယ်ရည်သန့်ရှင်းမှု၊ ကျန်းမာရေးစစ်ဆေးချက်နှင့် ကိုယ်အလေးချိန်မှတ်တမ်းထားရှိမှုများကို ရှင်းလင်းပြောကြားပြီး အသက်အလိုက် ပြိုင်ပွဲများဖြစ်သည့် မွေးစမှ သုံးလ၊ သုံးလမှ ခြောက်လ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ တစ်နှစ်ခွဲနှင့် တစ်နှစ်ခွဲမှ နှစ်နှစ်တန်း ပြိုင်ပွဲများတွင် ဆုရရှိသောကလေးများ၊ အမြွှာဆုရ ကလေးများနှင့် သားကောင်းမိခင်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

**စိုးဝင်း(ကျောက်တန်း)**

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဗိုလ်ချုပ်ပန်းခြံ၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်အချိန်က ကျင်းပပြီး ဆက်လက်၍ လွတ်လပ်ရေးနေ့အခမ်းအနားကို သရက်ခရိုင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ပေးပို့သော (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက ဖတ်ကြားခဲ့သည်။ အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခမ်းအနားတက်ရောက်သူများထံ ဖြန့်ဝေပေးခဲ့ကြသည်။

**ဇော်ထက်(သရက်)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပခဲ့ပြီး အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်မှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးက ဖတ်ကြားသည်။ ထို့နောက် မရမ်းကုန်းမြို့နယ် ပညာရေးမှူးဦးစီးဌာနက ကြီးမှူးကျင်းပခဲ့သော (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာရေးဖြေပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**မော်လူး**

(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။ အလံတင် အခမ်းအနားတွင် မော်လူး(အထက)မှ ဘင်ခရာတပ်ဖွဲ့နှင့် မော်လူးရဲတပ်ဖွဲ့တို့က နိုင်ငံတော်အလံကို လွှင့်တင်ခဲ့ကြပြီး မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးက လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲအဖြစ် အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်သော ကျောင်းသား ကျောင်းသူ လူငယ်များ လေ့လာမှတ်သားနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှု မှတ်တမ်းများနှင့် ဓာတ်ပုံများ ပြပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်းသိရသည်။

**(ဝ၆၇)**

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၌ လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပခဲ့ပြီး သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို မြစ်သာခန်းမ၌ ဆက်လက်ကျင်းပကာ နိုင်ငံတော်သမ္မတမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်က ဖတ်ကြားသည်။ ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပခဲ့သည့် အထက်တန်းနှင့် အလယ်တန်း ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**(၁၀၁)**

# လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ



**တာလေ ဇန်နဝါရီ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့၌ လားဟူတိုင်းရင်းသားများ၏ ရိုးရာအခမ်းအနားတစ်ခုဖြစ်သော နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပခဲ့ပြီး တိုင်းရင်းသားများ စုပေါင်းကာ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

နှစ်သစ်ကူးပွဲကို တာလေမြို့ရှိ မိုင်းကိုး လားဟူ ပြည်သူ့စစ်ဒုခေါင်းဆောင် ဦးကျလော နေအိမ်၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တာချီလိတ်၊ တာလေနှင့် မိုင်းဖြတ်မြို့နယ်များအတွင်းရှိ တောင်ပေါ်ဒေသများနှင့် ကျေးရွာအသီးသီးတွင် နေထိုင်သော လားဟူတိုင်းရင်းအကအဖွဲ့ ၁၅ ဖွဲ့က အဖွဲ့အလိုက် ရှေးရိုးရာ ဘူးပုလွေ မြေဝိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရိုးရာလက်ဆေးမင်္ဂလာကို ကျင်းပခဲ့ကြသည်။ ပွဲတော်သို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဒွေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ နယ်မြေခံ တပ်မတော်တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ နိုင်ငံရေးပါတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

လားဟူတိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်စီကို တိရစ္ဆာန်အကောင် ၁၂ ကောင်ဖြင့် သတ်မှတ်ထားရှိရာ ယခင် ၂၀၁၆ ခုနှစ်သည် မျောက်နှစ်ဖြစ်ပြီး ယခု ၂၀၁၇ ခုနှစ်မှာ ကြက်နှစ်သို့ကူးပြောင်းရောက်ရှိခြင်းဖြစ်ကြောင်း၊ တစ်နှစ်တာ ရာသီကာလအတွင်း လားဟူတိုင်းရင်းသားတို့ ကျင်းပကြသည့် ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ ရှေးအစဉ်အဆက်က နှစ်သစ်ကူးပွဲတော်များကို မိမိတို့နေထိုင်ရာဒေသအလိုက် ကျင်းပခဲ့ရာ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေထွက် ဆန်၊ စပါး၊ အသီးအနှံများနှင့် ပစ္စည်းဥစ္စာများကို နှစ်သစ်ကူးပွဲတော်တွင် ဦးဦးဖျားဖျား စုပေါင်းပါဝင်လှူဒါန်းကြကြောင်း၊ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားကာ ထင်းရှူးပင်ကိုဝိုင်းပတ်ပြီး ယင်းတို့၏အထိမ်းအမှတ် ဘူးပုလွေဖြင့်တီးမှုတ်၍ ထင်ရှားသော မြေဝိုင်းအကဖြင့် ဖျော်ဖြေကပြကာ သက်ကြီးဝါကြီးနှင့် အကြည်ညိုခံပုဂ္ဂိုလ်များအား လူငယ်များက ရိုးရာလက်ဆေးမင်္ဂလာပြုလုပ်ခံယူသော ပွဲတော်ဖြစ်ကြောင်း သိရသည်။

လားဟူတိုင်းရင်းသားများသည် ယင်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကို အကြောင်းပြု၍ ကျိုင်းတုံခရိုင်နှင့် ဒေသအလိုက်တွင် အများဆုံးနေထိုင်သော လားဟူအနက်၊ မိုင်းဆတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ ထိုင်းနယ်စပ်နှင့် လာအိုနယ်စပ်များတွင် ပျံ့နှံ့နေထိုင်သော လားဟူအဖြူနှင့် လားဟူရှီးဟူ၍ မျိုးနွယ်စုများရှိရာ လက်ရှိအချိန်တွင် လားဟူမျိုးနွယ်စု ၃၀ ခန့်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## သက်တမ်းလွန်ဆေးဝါးနှင့် မှတ်ပုံတင်မပါသော ဆေးဝါးများကို မီးရှို့ဖျက်ဆီး

**မအူပင် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ဆေးဝါးပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဆေးဝါးများကို မြို့နယ်အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက ဦးဆောင်၍ လိုက်လံစစ်ဆေးခဲ့ပြီး သက်တမ်းလွန်ဆေးများနှင့် ဆေးဝါးမှတ်ပုံတင် မပါသော ဆေးဝါးများကို ဇန်နဝါရီ ၃ ရက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မအူပင်မြို့နယ် အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီက ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းကာ ဆေးဆိုင်များကို လိုက်လံစစ်ဆေးရာတွင် တွေ့ရှိရသည့် သက်တမ်းလွန်ဆေးဝါး ကိုးမျိုး၊ ဆေးဝါးမှတ်ပုံတင် မပါရှိသောဆေး ၁၄ မျိုး၊ စုစုပေါင်း ကာလတန်ဖိုး ၁၄၂၇၀၀ ကျပ်ခန့်ကို မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြက်ခင်းပြင်၌ တာဝန်ရှိသူများက ဆိုင်ရှင်များ၏ရှေ့မှောက်တွင် မီးရှို့၍ ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။

**(ခရိုင် ပြန်/ဆက်)**

# သံဃာတော်အပါး ၇၀ လိုက်ပါလာသည့် ခရီးသည်တင်ယာဉ်တိမ်းမှောက်

**ညောင်ဦး ဇန်နဝါရီ ၅**

ပခုက္ကူမြို့နယ်တွင် သာမဏေကျော် စာမေးပွဲ ဖြေဆိုရန် လိုက်ပါလာသည့် သံဃာတော်အပါး ၇၀ အား တင်ဆောင်လာသော ခရီးသည်တင်မော်တော်ယာဉ် တိမ်းမှောက်မှု ညောင်ဦးမြို့နယ် ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းပေါ်၌ ဇန်နဝါရီ ၃ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ်တွင် သာမဏေကျော်စာမေးပွဲ ဖြေဆိုရန်အတွက် တံတားဦးမြို့နယ် သူငယ်တော်တောရကျောင်းမှ ဆရာတော် ဦးတေဇောဘာ ဦးဆောင်ပြီး သံဃာတော်အပါး ၇၀ လိုက်ပါလာသည့် ရွှေကြယ်စင်မော်တော်ယာဉ်သည် ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်းပေါ် စုတည်ကျေးရွာအနီး မိုင်တိုင်အမှတ် (၁၂/၄)နှင့် (၁၂/၅)ကြား၌ မျက်နှာချင်းဆိုင်မှလာသော ထော်လာဂျီကို တိမ်းရှောင်စဉ် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှုကြောင့် ကားပေါ်တွင်စီးနင်းလိုက်ပါလာသည့် သံဃာတော် အပါး ၇၀ အနက် သံဃာတော် ၁၆ ပါးတွင် ထိခိုက်ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့ကာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက တောင်ဇင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးကုသမှုများ ခံယူအပြီးတွင် သံဃာတော်များအားလုံးကို ပခုက္ကူမြို့ရှိ ဓမ္မဝိဇရစာသင်တိုက်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ခရီးသည်တင်ယာဉ်ကို မောင်းနှင်သူ မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာနေ ယာဉ်မောင်း ဦးဝဏ္ဏစိုးအား တောင်ဇင်းရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

## မှုခင်းသတင်းတိုများ

### မီးလောင်မှုဖြစ်ပွားပြီး ခုနစ်လသားကလေးငယ်တစ်ဦးသေဆုံး

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ညောင်တွင်းကျေးရွာအုပ်စု ညောင်တွင်း(ရှေ့)ကျေးရွာ၌ ဇန်နဝါရီ ၂ ရက်က နေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ခုနစ်လသား ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာရှိ ဦးအောင်ကို၏နေအိမ် မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ ထန်းလက်ကာနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးအောင်ကို၏ ဇနီးဖြစ်သူ မသင်းငွေနှင့် ခုနှစ်လသားအရွယ် ကလေးငယ်မောင်ရဲမာန်အောင်တို့မှာ မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိစဉ် ကလေးငယ်မှာ သေဆုံးသွားခဲ့ကြောင်း၊ မီးလောင်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

### ကားနှင့်ဆိုင်ကယ်တိုက်၍ လူတစ်ဦးသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မာန်ဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာအနီး ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဒီဇင်ဘာ ၃၁ ရက်က ကားနှင့်ဆိုင်ကယ်တိုက်မှု ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။ ရွှေဘိုဘက်မှ ယာဉ်မောင်း စိုးနွယ် မောင်းနှင်လာသော လင်ခရူဆာကားနှင့် မြစ်ကြီးနားဘက်မှ ဟိန်းမင်းအောင် မောင်းနှင်ပြီး နောက်မှ ထွန်းလုဝင်း(၂၁ နှစ်) လိုက်ပါလာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဟိန်းမင်းအောင်မှာ နေရာတွင် သေဆုံးခဲ့ပြီး ထွန်းလုဝင်းမှာ (စိုးရိမ်ရ) ဒဏ်ရာများ ရရှိကာ ကချင်ပြည်နယ် မိုးညှင်းဆေးရုံသို့ ပို့ဆောင်ထားရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ လင်ခရူဆာကားမောင်းနှင်သူ စိုးနွယ်(၄၂နှစ်)အား မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဝ၆၉)**

### စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းမည်းများဖမ်းမိ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အိုင်မကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းမည်းများ လက်ဝယ်ထားရှိသူတစ်ဦးအား ဇန်နဝါရီ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ အိုင်မကျေးရွာ၌ မူးယစ်ဆေးဝါးများ ရောင်းချလျက်ရှိကြောင်း သတင်းအရ မြို့သစ်မြို့မရဲစခန်းမှ ရဲအုပ်မင်းမင်းစိုးနှင့်အဖွဲ့က အိုင်မကျေးရွာနေ ဒေါ်သန်းရီ၏ နေအိမ်သို့ သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ အမည်မသိသူတစ်ဦးမှာ နေအိမ်ခေါင်းရင်းပြတင်းပေါက်မှ ထွက်ပြေးတိမ်းရှောင်သွားပြီး အိမ်ရှင် ဒေါ်သန်းရီထံမှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၅၃၀ ပြား၊ ဘိန်းမည်းဟုယူဆရသော အထုပ် ၂၁ ထုပ်၊ မူးယစ်ဆေးဝါးအာနိသင်ပါရှိသည်ဟု ယူဆရသည့် ခပ်ပုံ ၃၅ ထုပ်နှင့်အတူ မူးယစ်ဆေးဝါးအသုံးပြုရာတွင်သုံးသော ပစ္စည်းများကို ရှာဖွေတွေ့ရှိရသဖြင့် ဒေါ်သန်းရီနှင့် အမည်မသိ ထွက်ပြေးတိမ်းရှောင်သွားသူတို့အား မြို့သစ်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

### မုန့်စက်ရုံ၌ မီးလောင်မှုဖြစ်ပြီး လူငါးဦးဒဏ်ရာရ

မန္တလေးမြို့ ချမ်းမြသာစည်တောင်ရပ်ကွက်ရှိ Family မုန့်စက်ရုံ၌ ဇန်နဝါရီ ၂ ရက်က ဂက်စ်အိုးလဲပြီး မီးဖိုမှအပူရှိန်ကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုကြောင့် မုန့်ဖိုတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားငါးဦးတွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ပြီး ပစ္စည်းတန်ဖိုး ကျပ်သုံးသောင်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မုန့်ဖိုမှ လုပ်သား ချစ်စန်းအောင်အား အရေးယူထားကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

### မီးဖိုမီးကျန်မှ နေအိမ်မီးလောင်မှုဖြစ်

ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဒညင်းကုန်းကွက်သစ်၌ ဇန်နဝါရီ ၃ ရက်က နေအိမ်တစ်လုံးမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်ပွားရာသို့ မြို့ချောင်းအမြန်လမ်း မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးကျော်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖဒိုနယ်မြေရဲစခန်းမှ ရဲတပ်ကြပ်ကြီး တင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဇင်ကိုဦး(၂၀နှစ်)၏ နေအိမ်ဖြစ်ပြီး မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ကြောင်း၊ ပတ်ဝန်းကျင်ရှိပြည်သူများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့၍ ခဏအကြာတွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးကို ပေါ့ဆစွာသုံးစွဲသူ ဇင်ကိုဦးအား ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို (ကျောက်တံခါး)**

### အိမ်ဆောက်ရန် ထန်းပင်ခုတ်လှဲစဉ် ထန်းပင်ပိ၍သေဆုံး

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကုန်းတဲ(တောင်)ကျေးရွာ၌ နေအိမ်ဆောက်ရန်အတွက် ထန်းပင်ခုတ်လှဲစဉ် ထန်းပင်ပိ၍ လူတစ်ဦးသေဆုံးမှု ဇန်နဝါရီ ၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းအရ မလှိုင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဆန်းမြိုင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ ဦးဝင်းမောင် (၅၈နှစ်)ဖြစ်ပြီး ဦးဝင်းမောင် ဦးစီး၍ ငြိမ်းအောင်၊ စိုးလင်းနိုင်တို့နှင့်အတူ ထန်းပင်ကို လွှနှင့်တိုက်လှဲနေရာမှ ထန်းပင်ပြတ်ခါနီးတွင် ဦးဝင်းမောင်က ငြိမ်းအောင်နှင့် စိုးလင်းနိုင်တို့အား လွတ်ကင်းရာသို့ဖယ်ခိုင်းပြီး သပ်ရိုက်၍လှဲစဉ် ဦးဝင်းမောင်အား ထန်းပင်ပိပြီး နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မလှိုင်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# စပါးကစားသမား ဒါလေအလီကို ခေါ်ယူရေး ယှဉ်ပြိုင်မှု၌ မန်ယူအသင်း ပါဝင်လာ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် စပါးအသင်း လူငယ်ကွင်းလယ်ကစားသမား ဒါလေအလီကို ခေါ်ယူနိုင်ရေး ယှဉ်ပြိုင်မှုတွင် ပါဝင်လာပြီး လာမည့်နွေရာသီဈေးကွက် ကာလအတွင်း ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ သို့သော်လည်း စပါးအသင်းအနေဖြင့် အင်္ဂလန်လူငယ်ကွင်းလယ်ကစားသမား အလီအား မည်သည့် ပြောင်းရွှေ့ကြေးနှင့်မျှ ရောင်းချလိမ့်မည်မဟုတ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

အသက် ၂၀ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အလီအား စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်။ ရီရဲမက်ဒရစ်အသင်းသည် ကစားသမားဈေးကွက်ကာလတစ်ခုအတွင်း အရောင်းအဝယ်ပြုလုပ်ခြင်း မပြုရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ပိတ်ပင်တားမြစ်ခြင်း ခံထားရသော်လည်း အဆိုပါပြစ်ဒဏ်ကို ဇန်နဝါရီဈေးကွက်ကာလအတွင်း ကျခံရမည်ဖြစ်ပြီး ၂၀၁၆-၁၇ ခုနှစ် ဘောလုံးရာသီပြီးဆုံးချိန်၌ ဖွင့်လှစ်မည့် နွေရာသီဈေးကွက်ကာလတွင်မူ ကစားသမားအရောင်းအဝယ်များ ပြန်လည်ပြုလုပ်နိုင်မည်ဖြစ်သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား အလီအပြင် သူ၏ စပါးအသင်းဖော်ဖြစ်သူ တိုက်စစ်မှူး ဟယ်ရီကိန်းကိုလည်း ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည့်အသင်းဖြစ်သည်။ သို့သော်လည်း အလီနှင့် ဟယ်ရီကိန်းကမူ စပါးအသင်းတွင်သာ ပျော်ရွှင်နေပြီး စပါးအသင်းအနေဖြင့်လည်း အဆိုပါ ကစားသမားနှစ်ဦးအတွက် ကမ်းလှမ်းမှုများကို လက်ခံစဉ်းစားဖွယ်မရှိပေ။

စပါးအသင်းနှင့် ကွင်းလယ်ကစားသမား အလီတို့သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်းတွင် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုခဲ့ပြီး စာချုပ်သစ်အရ တစ်ပတ်လုပ်ခငွေ ပေါင် ၆၀၀၀၀ ရရှိနေသူဖြစ်သည်။

ကွင်းလယ်ကစားသမား အလီသည် ယခုနှစ် ဘောလုံးရာသီ၌ စပါးအတွက် စုစုပေါင်း ၂၄ ပွဲ ပါဝင်ကစားထားကာ ကိုးဂိုး သွင်းယူထားနိုင်သူဖြစ်သည်။

## အက်ဖ်အေဖလားတတိယအဆင့်

| | | | |
|---|---|---|---|
| **သောကြာနေ့ (၆-၁-၁၇)** | | | |
| နံနက် ၂း၂၅ | ဝက်စ်ဟမ်း | - | မန်စီးတီး |
| **စနေနေ့ (၇-၁-၁၇)** | | | |
| ည ၇း၀၀ | မန်ယူ | - | ရက်ဒင်း |
| ည ၉း၃၀ | အစ်ဝှစ်ချ် | - | လင်ကွန်းစီးတီး |
| ည ၉း၃၀ | ဟားလ် | - | ဆွမ်ဆီး |
| ည ၉း၃၀ | ဆန်းဒါးလန်း | - | ဘန်လေ |
| ည ၉း၃၀ | ကျူပီအာ | - | ဘလက်ဘန်း |
| ည ၉း၃၀ | ဘရိုက်တန် | - | မီလ်တန် |
| ည ၉း၃၀ | မီလ်ဝေါ | - | ဘုန်းမောက် |
| ည ၉း၃၀ | ဘလက်ပူးလ် | - | ဘန်စလေ |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | ဒါဘီ |
| ည ၉း၃၀ | အဲဗာတန် | - | လက်စတာ |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | ဘာတန် |
| ည ၉း၃၀ | စတုတ် | - | ဝုဖ် |
| ည ၉း၃၀ | ဟတ်ဒါဖီးလ် | - | ပို့ဗေးလ် |
| ည ၉း၃၀ | ဘရန်ဖို့ဒ် | - | အိစ်လိုက်ချ် |
| ည ၉း၃၀ | ဘာမင်ဂမ် | - | ကာဆယ် |
| ည ၉း၃၀ | ဘော်လ်တန် | - | ပဲလေ့စ် |
| ည ၉း၃၀ | ဆက်တန် | - | ဝင်ဘယ်ဒန် |
| ည ၉း၃၀ | အက်ခရင်တန် | - | လူတန် |
| နံနက် ၀၀း၀၀ | ပရက်စတန် | - | အာဆင်နယ် |
| **တနင်္ဂနွေနေ့ (၈-၁-၁၇)** | | | |
| ည ၆း၀၀ | ကာဒစ်ဖ် | - | ဖူလ်ဟမ် |
| ည ၈း၀၀ | လီဗာပူး | - | ပလိုင်းမောက် |
| ည ၉း၃၀ | ချယ်လ်ဆီး | - | ပီတာဘရော့ချ် |
| ည ၉း၃၀ | မစ်ဒယ်ဘရော့ | - | ရှက်ဖီးလ်ဝင့်စ်ဒေး |
| ည ၁၀း၃၀ | စပါး | - | ဗီလာ |
| **တနင်္လာနေ့ (၉-၁-၁၇)** | | | |
| နံနက် ၂း၁၅ | ကိန်းဘရစ်ချ် | - | လိဒ်စ် |

## စပိန်လာလီဂါပွဲစဉ်(၁၇)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၆-၁-၁၇)** | | | |
| နံနက် ၂း၁၅ | အက်စ်ပန်ညို | - | ဒီပိုတီဗို |
| **စနေနေ့ (၇-၁-၁၇)** | | | |
| ည ၆း၃၀ | ရီးရဲ | - | ဂရန်နာဒါ |
| ည ၉း၄၅ | အီဘား | - | အက်သလက် |
| နံနက် ၀၀း၀၀ | လက်စ်ပဲလ်မက်စ် | - | ဂီဂျွန် |
| နံနက် ၂း၁၅ | ဆိုစီဒက်စ် | - | ဆီဗီလာ |
| **တနင်္ဂနွေနေ့ (၈-၁-၁၇)** | | | |
| ညနေ ၅း၃၀ | ဘီဘာအို | - | အလာဗက်စ် |
| ည ၉း၄၅ | ဘက်တစ် | - | လီဂါနက်စ် |
| နံနက် ၀၀း၀၀ | ဆယ်တာဗီဂို | - | မာလာဂါ |
| နံနက် ၂း၁၅ | ဗီလာရီးရဲ | - | ဘာစီလိုနာ |
| **တနင်္လာနေ့ (၉-၁-၁၇)** | | | |
| နံနက် ၂း၁၅ | အိုဆာဆူနာ | - | ဗလင်စီယာ |

## စီးရီးအေပွဲစဉ်(၁၉)

| | | | |
|---|---|---|---|
| **စနေနေ့ (၇-၁-၁၇)** | | | |
| ည ၁၁း၃၀ | အမ်ပိုလီ | - | ပါလာမို |
| နံနက် ၂း၁၅ | နာပိုလီ | - | ဆမ်ဒိုးရီးယား |
| **တနင်္ဂနွေနေ့ (၈-၁-၁၇)** | | | |
| ည ၆း၀၀ | အူဒီးနိစ် | - | အင်တာမီလန် |
| ည ၈း၃၀ | ချီယေဗို | - | အတလန္တာ |
| ည ၈း၃၀ | ဂျီနိုအာ | - | ရိုးမား |
| ည ၈း၃၀ | လာဇီယို | - | ခရိုတိုနီ |
| ည ၈း၃၀ | ပက်စ်ကာရာ | - | ဖီအိုရင်တီးနား |
| ည ၈း၃၀ | ဆက်ဆူအိုလို | - | တိုရီနို |
| ည ၁၁း၃၀ | အေစီမီလန် | - | ကယ်ဂလီယာရီ |
| နံနက် ၂း၁၅ | ဂျူဗင်တပ်စ် | - | ဘလော့ဂ်နာ |

# အသင်းကြီးအများစု အနိုင်ရမယ့် အက်ဖ်အေဖလား

**လာမယ့် ဇန်နဝါရီလ ၇ ရက်၊ ၈ရက်၊ ၁၀ ရက်နေ့တွေမှာ အက်ဖ်အေဖလားပြိုင်ပွဲရဲ့တတိယအဆင့်ပွဲစဉ်တွေကို ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါပွဲစဉ်တွေမှာတော့ ပရီမီယာလိဂ်အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ ချယ်လ်ဆီး၊ မန်စီးတီး၊ စပါးတို့ပါဝင်လာပြီဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါကြောင့်လည်း အဆိုပါအသင်းကြီးတွေအနေနဲ့ နိုင်ပွဲကိုယ်စီရယူနိုင်ကာနောက်တစ်ဆင့် တက်ရောက်နိုင်မှာလားဆိုတာကို လေ့လာနိုင်ဖို့ အက်ဖ်အေဖလားပွဲတွေအနက်က စိတ်ဝင်စားဖို့ကောင်းတဲ့ အပွဲအချို့ကို သုံးသပ်တင်ပြလိုက်ရပါတယ်။**

### ဝက်စ်ဟမ်း VS မန်စီးတီး

**နောက်ဆုံးရလဒ်** မန်စီးတီး ၃-၁ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းက နောက်ပိုင်းပွဲတွေမှာ အသင်းလိုက် ကစားပုံ ကောင်းမွန်မှုရှိနေတယ်။ ဒါပေမယ့် ဝက်စ်ဟမ်း တိုက်စစ်ရဲ့စွမ်းဆောင်ရည်က တည်ငြိမ်မှုအားနည်းနေတာကြောင့် မန်စီးတီးခံစစ်ကိုဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ မန်စီးတီးကလည်း ကစားပုံမာကျောမှုရှိနေကာ တိုက်စစ်ကစားသမားတွေရဲ့ စွမ်းဆောင်ရည်ကောင်းမွန်နေတယ်။ ဂိုးမပြတ်နိုင်ပေမယ့် အဝေးကွင်းမှာ မန်စီးတီးတို့ နိုင်ပွဲ ကပ်ရနိုင်ပါတယ်။

### ချယ်လ်ဆီး VS ပီတာဘရော့

**နောက်ဆုံးရလဒ်** မရှိ

ချယ်လ်ဆီးအသင်းရဲ့ ကစားပုံကောင်းမွန်နေပြီး ခံစစ်ပိုင်းကလည်း မာကျောမှုရှိတယ်။ အိမ်ကွင်းအခွင့်အရေးလည်းရှိနေလို့အဝေးကွင်း ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ ပီတာဘရော့အသင်းကို ဖိအားပေးနိုင်စွမ်းရှိတယ်။ လိဂ်ဝမ်းက လပ်ပီတာဘရော့က ရုန်းအားမဆိုးဘူးဆိုပေမယ့် ချယ်လ်ဆီးကိုပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့အတွက်တော့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အိမ်ကွင်းမှာ ချယ်လ်ဆီးကသာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### မန်ယူ VS ရက်ဒင်း

**နောက်ဆုံးရလဒ်** မန်ယူ ၁-၀ ရက်ဒင်း

အက်ဖ်အေဖလား ချန်ပီယံမန်ယူအသင်းအနေနဲ့ ချန်ပီယံဖလားကာကွယ်နိုင်ဖို့နဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်း ရရှိဖို့အဓိက ကစားသမားအများစုကို ထည့်သွင်းအသုံးပြုလာမှာပါ။ လိဂ်ချန်ပီယံရှစ်ကလပ် ရက်ဒင်းရဲ့ခြေစွမ်းပိုင်း မဆိုးဘူးဆိုပေမယ့် အဝေးကွင်းမှာ မန်ယူကို ယှဉ်ဖို့ခက်ပြီး မန်ယူသာ နိုင်ပွဲရသွားမှာပါ။

### ပရက်စတန် VS အာဆင်နယ်

**နောက်ဆုံးရလဒ်** ပရက်စတန် ၂-၀ အာဆင်နယ်

လိဂ်ချန်ပီယံရှစ်ကလပ် ပရက်စတန်ဟာ အိမ်ကွင်း စွမ်းဆောင်ရည် သာမန်သာရှိသလို တိုက်စစ်နဲ့ခံစစ်ကလည်း အားနည်းမှုရှိနေလို့ အာဆင်နယ်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အာဆင်နယ်က ခြေစွမ်းမဆိုးပေမယ့် အဝေးကွင်းမှာ အနည်းငယ် အားနည်းမှုရှိနေတယ်။ အာဆင်နယ်ကပ်ပြီးသာ နိုင်နိုင်တယ်။

### ဆန်းဒါးလန်း VS ဘန်လေ

**နောက်ဆုံးရလဒ်** ဘန်လေ ၄-၁ ဆန်းဒါးလန်း

ဆန်းဒါးလန်းက ခြေစွမ်းမတည်ငြိမ်ဘူးဆိုပေမယ့် အိမ်ကွင်းမှာတော့ ရုန်းအားကောင်းမွန်မှုရှိပြီး လက်စတာကိုတောင်အနိုင်ယူနိုင်ခဲ့တယ်။ ဘန်လေအသင်းက အဝေးကွင်းမှာ ကစားပုံမဆိုးဘူးဆိုပေမယ့် တိုက်စစ်ပိုင်းအားနည်းတတ်လို့ အမှတ်ပေးပြိုင်ပွဲမှာလိုအသာ မရနိုင်ဘူး။ ဆန်းဒါးလန်းကပ်နိုင်မယ်။

### ဟားလ် VS ဆွမ်ဆီး

**နောက်ဆုံးရလဒ်** ဆွမ်ဆီး ၀-၂ ဟားလ်စီးတီး

ဟားလ်စီးတီးက ခြေစွမ်းမတည်ငြိမ်ဘူး ဆိုပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲမှာ အဲဗာတန်ကို သရေကစားနိုင်ခဲ့သလို တိုက်စစ်ပိုင်းစွမ်းဆောင်ရည်လည်း မဆိုးဘူး။ ဆွမ်ဆီးကတော့ အဝေးကွင်းခြေစွမ်းပိုင်းအားနည်းသလို ခံစစ်ကလည်း ပေးဂိုးများနေတယ်။ ခြေမကွာပေမယ့် ဟားလ်စီးတီးပဲ ကပ်နိုင်သွားဖို့များတယ်။

### အဲဗာတန် VS လက်စတာ

**နောက်ဆုံးရလဒ်** လက်စတာ ၀-၂ အဲဗာတန်

အဲဗာတန်ဟာ အိမ်ကွင်းကစားပုံ မာကျောသလို လက်စတာရဲ့အိမ်ကွင်းမှာ သွားရောက် ကစားခဲ့စဉ်ကလည်း ခြေစွမ်းအသာနဲ့ ကစားပြီး နိုင်ပွဲရယူနိုင်ခဲ့တယ်။ လက်စတာအသင်းကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပြီး တိုက်စစ်ကလည်း ပုံမှန်ဂိုးသွင်းခြေမရှိဘူး။ အဲဗာတန်အသင်းပဲ ကပ်နိုင်သွားနိုင်တယ်။

### မစ်ဒယ်ဘရော့ VS ရှက်ဖီးလ်ဝင့်စဒေး

**နောက်ဆုံးရလဒ်** မစ်ဒယ်ဘရော့ ၁-၀ ရှက်ဖီးလ်ဝင့်စဒေး

မစ်ဒယ်ဘရော့ရဲ့ အိမ်ကွင်းရုန်းအား ကောင်းမွန်သလို တိုက်စစ်မှူးရှွန်ဒွန်လည်း ဂိုးသွင်းခြေရနေတယ်။ ဒါပေမယ့် လိဂ်ချန်ပီယံရှစ်ကလပ် ရှက်ဖီးလ်ဝင့်စဒေးအသင်းကလည်း ခြေစွမ်းပိုင်း မာကျောမှုရှိနေပြီး ခံစစ်ကလည်း ကစားပုံကောင်းမွန်နေတယ်။ ရှက်ဖီးလ်အသင်းရဲ့ရုန်းအားကြောင့် သရေကျသွားနိုင်တယ်။

### မီလ်ဝေါလ် VS ဘုန်းမောက်

**နောက်ဆုံးရလဒ်** မီလ်ဝေါလ် ၀-၂ ဘုန်းမောက်

မီလ်ဝေါလ်အသင်းက နောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်း ကောင်းမွန်နေတယ်ဆိုပေမယ့် အသင်းလိုက် စုစည်းမှုသာမန်သာရှိတယ်။ ဒါ ပေမယ့် ဘုန်းမောက်အသင်းက လည်း ခြေစွမ်းအားနည်းမှုတွေရှိနေသလို တိုက်စစ်နဲ့ ခံစစ်ကလည်း အကောင်းဆုံးပုံစံရဖို့ ရုန်းကန်နေရတယ်။ သရေရလဒ်ထွက်ပေါ်လာနိုင်တယ်။

### စတုတ် VS ဝုဗ်ဟမ်တန်

**နောက်ဆုံးရလဒ်** စတုတ် ၂-၁ ဝုဖ်

စတုတ်က ခြေစွမ်းအားနည်းပေမယ့် အိမ်ကွင်းမှာတော့ ရုန်းအားကောင်းမွန်မှုရှိပြီး ဂိုးသွင်းခြေလည်း ပြန်ရနေတယ်။ ဒါပေမယ့် ဝုဖ်ဗာဟမ်တန်ကလည်း ကစားပုံ မဆိုးလို့ စတုတ်ကို အခက်တွေ့စေမှာပါ။ အိမ်ကွင်းမှာနိုင်ပွဲရ ယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် စတုတ်တို့ ကပ်ပြီးသာ အနိုင်ရနိုင်တယ်။

### လီဗာပူး VS ပလိုင်းမောက်

**နောက်ဆုံးရလဒ်** မရှိ

လီဗာပူးဟာ ဒီပွဲမှာ အဓိက ကစားသမားအစုံအလင် အသုံးပြုလာဖို့မရှိပေမယ့် အိမ်ကွင်းမှာနိုင်ပွဲရဖို့ အားစိုက်လာမှာပါ။ လိဂ်တူးကလပ် ပလိုင်းမောက်ကခြေစွမ်းပိုင်း မဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာတော့ အကောင်းဆုံး ပုံစံရဖို့ ရုန်းကန်နေရတယ်။ လီဗာပူးအသင်းသာနှစ်ဂိုး အသာနဲ့ အနိုင်ရသွားနိုင်တယ်။

### စပါး VS ဗီလာ

**နောက်ဆုံးရလဒ်** ဗီလာ ၀-၂ စပါး

စပါးက ဒီပွဲမတိုင်ခင် ရက်သိပ်မခြားဘဲ ချယ်လ်ဆီးနဲ့ အမှတ်ပေးပွဲကစားခဲ့ရလို့ ပွဲပန်းလာနိုင်ပေမယ့်ခြေစွမ်းပိုင်းကောင်းမွန်သလို အိမ်ကွင်းအားလည်းရှိနေလို့ ဗီလာကို ဖိအားပေးနိုင်မှာပါ။ ဗီလာကတော့အဝေးကွင်းမှာ ရုန်းကန်နေရပြီး တိုက်စစ်နဲ့ခံစစ်လည်း အားနည်းတတ်တယ်။ စပါးပဲနှစ်ဂိုးအသာနဲ့ အနိုင်ရနိုင်တယ်။

### နော့ဝှစ်ချ် VS ဆောက်သမ်တန်

**နောက်ဆုံးရလဒ်** နော့ဝှစ်ချ် ၁-၀ ဆောက်သမ်တန်

နော့ဝှစ်ချ်အသင်းက ခြေစွမ်းပိုင်းမဆိုးပေမယ့် တိုက်စစ်နဲ့ခံစစ်ကတော့အားနည်းမှုရှိနေတယ်။ ဆောက်သမ်တန်ကတော့ကစားပုံမာကျောမှုရှိတယ်။ ဒါပေမယ့် နောက်ပိုင်းပွဲတွေမှာ ဆောက်သမ်တန်ရဲ့တိုက်စစ်ပိုင်းအားနည်းနေတယ်။ အဝေးကွင်းမှာ ဆောက်သမ်တန် ကပ်ပြီးသာ နိုင်မှာပါ။

### ဘာမင်ဂမ် VS နယူးကာဆယ်

**နောက်ဆုံးရလဒ်** နယူးကာဆယ် ၄-၀ ဘာမင်ဂမ်

ဘာမင်ဂမ်ရဲ့ ခြေစွမ်းပိုင်း သာမန်သာရှိတာကြောင့် အိမ်ကွင်းအားရှိပေမယ့် နယူးကာဆယ်ကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမှာပါ။ နယူးကာဆယ်ရဲ့အဝေးကွင်းခြေကလည်း ကောင်းမွန်မှု ရှိနေပါတယ်။ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ဆုံခဲ့တုန်းက ကာဆယ်ကပဲအနိုင်ရခဲ့သလို ဒီပွဲမှာလည်း ကာဆယ်ပဲအနိုင်ရမယ်။

# အီတီဟတ်မှာ တောက်ပမယ့် ဘရာဇီးကြယ်ပွင့် ဂါဘရီရယ်ဂျီဇက်စ်



ဇန်နဝါရီဈေးကွက်ကတော့ အသင်းတိုင်းအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အခိုက်အတန့်ဖြစ်မှာ သေချာပါတယ်။ အသင်းတိုင်းကလည်း အင်အားဖြည့်တင်းမှုတွေနဲ့အတူ ဒုတိယရာသီဝက်အတွက် ပြင်ဆင်မှုတွေလည်း ပြုလုပ်နေပြီဖြစ်ပါတယ်။ အဲ့ဒီထဲမှာမှ ဇန်နဝါရီနဲ့အတူ စိတ်လှုပ်ရှားစွာ စောင့်ကြည့်ချင်စရာကောင်းနေသူကတော့ မန်စီးတီးအသင်းကို ရောက်ရှိလာမယ့် ဘရာဇီးလူငယ်တိုက်စစ်မှူး ဂါဘရီရယ်ဂျီးဇက်စ်ဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ပြီးခဲ့တဲ့ နွေရာသီဈေးကွက်ကတည်းက ဂါဘရီရယ်ဂျီးဇက်စ်နဲ့ သဘောတူညီမှု ရရှိခဲ့တာဖြစ်ပေမယ့် အခု ဇန်နဝါရီ ၁ ရက်နေ့မှသာ မန်စီးတီးအသင်းရဲ့တရားဝင်ကစားသမား ဖြစ်လာသူလည်း ဖြစ်ပါတယ်။

ဘရာဇီးလူငယ်တိုက်စစ်မှူး ဂါဘရီရယ်ဂျီးဇက်စ်ဟာ မန်စီးတီးအသင်းကို ပေါင် ၂၇ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းမန်နေဂျာ ဂွါဒီယိုလာအနေနဲ့ အသင်းရဲ့အင်အားကို အကောင်းဆုံးဖြည့်တင်းနိုင်မယ့်လို့ ယုံကြည်တာကြောင့်လည်း သူ့ကိုအရခေါ်ယူခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဂါဘရီရယ်ဂျီးဇက်စ်နဲ့ပတ်သက်ပြီး ဘရာဇီးဂန္ထဝင်ကစားသမား ပီလီကတော့ ဘာစီလိုနာတိုက်စစ်မှူး နေမာထက်တောင် ပိုကောင်းတဲ့ ကစားသမားတစ်ဦးဖြစ်တယ်လို့ ဖွင့်ပြောခဲ့ပါတယ်။

ဒါ့အပြင်ပြီးခဲ့တဲ့လက ရန်ပုံငွေပွဲတစ်ခုမှာ ဂါဘရီရယ်နဲ့အတူ ကစားခဲ့တဲ့ ဘရာဇီးတိုက်စစ်မှူးဟောင်း ရိုမာရီယိုကလည်း သူ့ရဲ့ခြေစွမ်းနဲ့ပတ်သက်ပြီး "သူဟာ ပါမီးယက်စ်အသင်းအတွက် အကောင်းဆုံး ကစားထားနိုင်သလို ဘရာဇီးအသင်းအတွက်လည်း အကောင်းဆုံး ကစားထားနိုင်သူ ဖြစ်ပါတယ်။ ကျွန်တော်ပြောနိုင်တာကတော့သူဟာ ဘရာဇီးရဲ့ နောက်ထပ်ထွက်ပေါ်လာမယ့် နံပါတ် ၉ ကစားသမားကောင်းတစ်ဦး ဖြစ်လာမှာပါ။ သူဟာအခု လူငယ်ပဲရှိပါသေးတာကြောင့် ကစားသမားဘဝအစလို့ ပြောရမှာပါ။ ဒါပေမယ့် သူဟာကြိုးစားတဲ့သူလို့လည်း ပြောနိုင်ပါတယ်။ လာမယ့်ကမ္ဘာ့ဖလားမှာတော့ ကျွန်တော်တို့ရဲ့ ဘရာဇီးတိုက်စစ်ဟာ အကောင်းဆုံးဖြစ်တာကိုမြင်ရတော့မှာပါ"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဂါဘရီရယ်ဂျီးဇက်စ်ဟာ ပီလီ၊ ရိုမာရီယိုတို့ရဲ့ခြေရာကို အမီလိုက်နိုင်သူလို့လည်း ဆိုရမှာ ဖြစ်ပါတယ်။ ဂျီးဇက်စ်ဟာ ၂၀၁၆ ခုနှစ်မှာ ပါမီးယက်စ်အသင်းအတွက် ဆုဖလားရယူနိုင်ခဲ့သလို သူ့ရဲ့တစ်ဦးတည်း စွမ်းဆောင်ရည်ကောင်းမှုကြောင့်လည်း ရွှေဘောလုံးဆုကို ရရှိခဲ့ပါတယ်။ သူဟာလူငယ်ကစားသမားတစ်ဦး ဖြစ်ပေမယ့် ပြီးခဲ့တဲ့ရာသီက ပါမီးယက်စ်အသင်းမှာ ၂၇ ပွဲ ပါဝင်ကစားကာ ၁၂ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့ ငါးကြိမ်တိုင် ကူညီနိုင်ခဲ့ပါတယ်။ အဲ့ဒါတွေကြောင့်လည်း ဘရာဇီး လက်ရွေးစင်အသင်းကြီးမှာ ပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဂါဘရီရယ်ဂျီးဇက်စ်ဟာ ဘရာဇီးလက်ရွေးစင်အသင်းကြီးမှာ ပါဝင်ကစားတဲ့ ပွဲတွေတိုင်းကို ကြည့်မယ်ဆိုရင်လည်း အကောင်းဆုံးခြေစွမ်းတွေနဲ့တူ ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်တာကြောင့် ဘရာဇီးပရိသတ်တို့ရဲ့အကြိုက် ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာ ဘရာဇီးယူ ၂၃ အသင်းနဲ့အတူ အိုလံပစ်ရွှေတံဆိပ်ဆုကိုလည်း ရယူနိုင်ခဲ့ပါတယ်။ ဘရာဇီးအသင်း ခြေစစ်ပွဲမှာလည်း ရလဒ်ကောင်းတွေနဲ့အတူ အုပ်စုထိပ်ဆုံးမှာ ရပ်တည်နိုင်ဖို့ကိုလည်း ကူညီပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ဘရာဇီးလက်ရွေးစင်အသင်းကြီးမှာ ပါဝင်ကစားတဲ့ ခြောက်ပွဲမှာ လေးဂိုးသွင်းယူထားနိုင်ခဲ့တာကြောင့် နေမာ တစ်ဦးတည်းအပေါ် အဓိကအားပြုနေရတဲ့ ဘရာဇီးတိုက်စစ်အတွက်တော့ အားရ စရာ အခြေအနေကောင်းတစ်ခုလည်း ဖြစ်ပါတယ်။

ဂါဘရီရယ်ဂျီးဇက်စ်အနေနဲ့ကလည်း မန်စီးတီးအသင်းကို ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်အသင်းတို့ထက် ပိုနှစ်သက်လို့ ရွေးချယ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီဇင်ဘာလ အစောပိုင်းတုန်းကလည်း သူဟာ မန်နေဂျာဂွါဒီယိုလာ၊ ဖာနန်ဒင်ညို၊ ဖာနန်ဒိုတို့နဲ့အတူ အီတီဟတ်ကွင်းကိုတောင် လာရောက်ခဲ့ပါသေးတယ်။ မန်စီးတီးအသင်းမှာကလည်း ဘရာဇီးကစားသမားဖော်တွေရှိတဲ့အပြင် မန်နေဂျာဂွာဒီယိုလာရဲ့ နွေးထွေးတဲ့ ကြိုဆိုမှုတွေက ဂျီးဇက်စ်အတွက်တော့ ကျေနပ်နှစ်သက်စရာလည်း ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းအနေနဲ့ကလည်း ဂါဘရီရယ်အနေနဲ့ အသင်းအတွက် အကောင်းဆုံးအရာတွေ ရယူပေးနိုင်မယ်လို့တော့ ယုံကြည်နေပါတယ်။ လက်ရှိအချိန်မှာတော့ သူဟာဘောလုံးလောကရဲ့ အလားအလာအရှိဆုံး လူငယ်ကစားသမားတစ်ဦးလို့လည်း သတ်မှတ်ထားခြင်းခံရသူ ဖြစ်ပါတယ်။

မန်စီးတီးအသင်းမှာတော့ တိုက်စစ်မှူး အဂူရိုဟာ အဓိက တိုက်စစ်ကစားသမားအဖြစ် ရှိနေခဲ့တာကြောင့် ဂါဘရီရယ်ဂျီးဇက်စ်အနေနဲ့ တောင်ပံမှာ ထွက်ကစားရဖို့တော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် စွယ်စုံကစားနိုင်တဲ့ ဂါဘရီရယ်ဂျီးဇက်စ်ကတော့ သူ့ရဲ့နည်းစနစ် ပိုင်းကောင်းမွန်မှုနဲ့ အရှိန်အဟုန်မြင့်မြင့်နဲ့ လျင်မြန်စွာ ကစားနိုင်မှုတွေကတော့ အသင်းသစ်မှာ လျင်မြန်စွာအသားကျကစားနိုင်မယ်လို့လည်း ပညာရှင်တွေကတော့ ဟောကိန်းထုတ်ထားခဲ့ကြပါတယ်။

ဒါကြောင့် ဇန်နဝါရီအတွင်းမန်စီးတီးအသင်းကိုရောက်လာတဲ့ အသက် ၁၉ နှစ်အရွယ်သာရှိနေသေးတဲ့ ဂါဘရီရယ်ဂျီးဇက်စ်ရဲ့ အီတီဟတ်မှ တောက်ပမယ့် နေ့ရက်တွေကို ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**အောင်က**

## ကစားသမားဘဝမှ ဘတ်ဖွန်အနားယူမည့်အချိန်ကို မပြောနိုင်သေးဟုအေးဂျင့်ဖြစ်သူ ပြောဆို



အီတလီနှင့် ဂျူဗင်တပ်အသင်းဂိုးသမား ဘတ်ဖွန်အနေဖြင့် ဘောလုံးကစားခြင်းမှ အနားယူရန် အချိန်ကာလ သတ်မှတ်ထားခြင်းမရှိသေးကြောင်း ဘတ်ဖွန်၏ အေးဂျင့်ဖြစ်သူက ထုတ်ဖော်ပြောဆို လိုက်သည်။ ဝါရင့်ဂိုးသမား ဘတ်ဖွန်အနေဖြင့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီအသင်းနှင့်အတူ ပါဝင် ယှဉ်ပြိုင်ခွင့်ရရန် ရည်မှန်းထားကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

ဂိုးသမားဘတ်ဖွန်သည် လာမည့် ဇန်နဝါရီ ၂၈ ရက်တွင် အသက် ၃၉ နှစ် ပြည့်မည် ဖြစ်သည်။ ဘတ်ဖွန်သည် ၁၉၉၅ ခုနှစ်တွင် ပါးမားအသင်း၌ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်ခဲ့ကာ ၂၀၀၁ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အီတလီလက်ရွေးစင်အသင်းအတွက် ၁၉၉၇ ခုနှစ်တွင် စတင်ပါဝင်ခွင့် ရရှိခဲ့သူဖြစ်သည်။

အီတလီအသင်းနှင့်အတူ ၂၀၀၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုကို ရယူနိုင်ခဲ့သူ ဘတ်ဖွန်သည် ဂျူဗင်တပ်စ်နှင့်အတူ စီးရီးအေချန်ပီယံဆုဖလား ၇ ကြိမ် အပါအဝင် ဆုဖလား ၁၅ လုံး ရယူနိုင်ခဲ့သူဖြစ်သည်။ ဂိုးသမား ဘတ်ဖွန်အနေဖြင့် မည်သည့်အချိန်တွင် ကစားသမားဘဝမှ အနားယူရန် စီစဉ်ထားပါသလဲဟု မေးမြန်းမှုကို အေးဂျင့်ဆီလ်ဗာနိုမာတီနာက "ဒါက ကျွန်တော် အဖြေမပေးနိုင်တဲ့ မေးခွန်းတစ်ခုပါ။ လာမယ့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အီတလီအသင်းနဲ့အတူ ပါဝင်ကစားဖို့က သူ့ရဲ့ပစ်မှတ်တစ်ခုဖြစ်တယ်လို့ ဂိုးသမား ဘတ်ဖွန်က ပြောဆိုထားပါတယ်။ အဲဒီနောက်ပိုင်းမှ ဘတ်ဖွန်ရဲ့ကစားသမားဘဝနဲ့ပတ်သက်ပြီး ဘယ်လိုဆုံးဖြတ်ဖြစ်မလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ သေချာတာကတော့ ဘတ်ဖွန်အနေနဲ့ နောက်ထပ် ၁၀ နှစ်လောက် ဆက်မကစားနိုင်ဘူးဆိုတာပါပဲ"ဟု ဖြေဆိုသွားခဲ့သည်။

ဂိုးသမားဘတ်ဖွန် အနားယူသွားချိန်၌ အီတလီလက်ရွေးစင်အသင်းတွင် ဘတ်ဖွန်၏နေရာကိုအစားဝင်နိုင်လိမ့်မည်ဟု ထင်ကြေးပေး ခံနေရသူ အေစီမီလန် လူငယ်ဂိုးသမား ဒွန်နာရမ်မာနှင့်ပတ်သက်၍ အေးဂျင့်မာတီနာက "ဒွန်နာ ရမ်မာဟာ ထိပ်တန်းအဆင့် စွမ်းရည်မျိုးရှိပြီး အေစီမီလန်အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနေနိုင်သူပါ။ ဒါ့အပြင် အလားအလာကောင်းတွေရှိနေတဲ့ အခြားလူငယ်ဂိုးသမားတွေလည်း ရှိနေပါတယ်"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

## ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ရန် ဝန်လေးခဲ့မိကြောင်း ရော်ဘင် ဖွင့်ဟ



ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရေးအတွက် ဆုံးဖြတ်ချက်ချရန် တွန့်ဆုတ်ခဲ့မိကြောင်း ဘိုင်ယန်အသင်း တောင်ပံကစားသမား အာဂျန်ရော်ဘင်က ဝန်ခံပြောဆိုလိုက်သည်။

ဟော်လန်ကစားသမား ရော်ဘင် (၃၂နှစ်)သည် ၂၀၀၉ ခုနှစ် ဩဂုတ်လကုန်ပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူ ဖြစ်သည်။ ၂၀၀၉-၁၀ ပြည့်နှစ် ဘောလုံးရာသီ မတိုင်မီ နွေရာသီအတွင်းတွင် ရီးရဲအသင်းသည် ခရစ္စတီယာနိုရော်နယ်ဒို၊ ကာကာ၊ ဇာဗီအလွန်ဆို၊ ဘင်ဇီမာတို့ကဲ့သို့ ကစားသမားများကို ခေါ်ယူအားဖြည့်ခဲ့ပြီးနောက် ရော်ဘင်အား ရောင်းချခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်အသင်းအတွက် စုစုပေါင်း ၂၃၂ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၂၁ ဂိုး သွင်းယူပေးနိုင်ခဲ့သူ ရော်ဘင်သည် ဘိုင်ယန်နှင့်အတူ ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလား ၅ ကြိမ်၊ ချန်ပီယံလိဂ် ဆုဖလားတစ်ကြိမ်အပါအဝင် ဆုဖလားပေါင်း ၁၅ လုံး ရရှိထားသူ ဖြစ်သည်။

"၂၀၀၉ ခုနှစ် နွေရာသီအတွင်းမှာ ဘိုင်ယန်အသင်းဆီကို ပြောင်းရွှေ့လာဖို့အတွက် ဆက်သွယ်မှုတွေ ပြုလုပ်ခဲ့ပေမယ့် အသင်းပြောင်းရွှေ့ဖို့ကို ခက်ခက်ခဲခဲ ဆုံးဖြတ်ခဲ့ရတာပါ။ ဘိုင်ယန်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တာက ကျွန် တော့်ဘဝရဲ့အခက်ခဲဆုံး ဆုံးဖြတ်ချက်တွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဘိုင်ယန်ဟာ လက်ရှိအချိန်လို ဥရောပထိပ်တန်းအသင်း အဆင့်မဟုတ်သေးဘူး။ ဒါကြောင့် ဘိုင်ယန်ကို ပြောင်းရွှေ့ခြင်းဟာ ကျွန်တော့် ကစားသမားဘဝ နောက်ပြန်ဆုတ်သွားတာမျိုးအဖြစ် ခံစားခဲ့ရတယ်။ ရီးရဲအသင်းကနေ မထွက်ခွာချင်ပေမယ့် ကျွန်တော့်ကို ရောင်းချပြီး ရီးရဲအသင်းအနေနဲ့ ငွေကြေးပြန်လည် ရှာဖွေနိုင်တယ်လို့ ပြောဆိုခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ကျွန်တော်က ဘိုင်ယန်နဲ့ စာချုပ်ချုပ်ဆို ဖြစ်ခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဘိုင်ယန်အသင်းအနေနဲ့ ကျွန်တော့်ကို ခေါ်ယူနိုင်ဖို့ သူတို့စွမ်းဆောင်နိုင်သမျှ အကုန်လုံး လုပ်ဆောင်ခဲ့တာကြောင့်ပါ။ အဲဒီအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် လူးဝစ်ဗန်ဟားလ် တာဝန်ယူနေခြင်းကလည်း ဘိုင်ယန်အသင်းဆီ ကျွန်တော်ပြောင်းရွှေ့လာဖို့ အကြောင်းပြချက် တစ်ခုဖြစ်ခဲ့တယ်။ အခုဆိုရင် ကျွန်တော်ဟာ ဘိုင်ယန်မှာ ရှိနေတာ ဘောလုံးရာသီ ရှစ်ရာသီ ရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က ဘိုင်ယန်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ခံစားရတယ်"ဟု ရော်ဘင်က ပြောဆိုခဲ့သည်။

ဘိုင်ယန်နှင့် ရော်ဘင်တို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။

ထက်အောင်

## The Republic of the Union of Myanmar
## Yangon Region Government
## Yangon City Development Committee
## Invitation for Bids

**Date 3rd January 2017**

Name of Project; Installation, Maintenance and Operation of Street Furniture Items in the City of Yangon

1. YCDC invites bids from the interested bidders for the Installation, Maintenance and Operation of Street Furniture Items and the grant of an exclusive right to advertise on the street furniture items in the City of Yangon.

2. The interested bidders may obtain further information about this invitation for bids from the following office during office hours:

Engineering Department (Road and Bridge), Yangon City Development Committee, City Hall, Yangon.

Telephone No-09-43193314

3. A complete set of bidding documents may be purchased upon submission of a written application to the above address and upon paymet of a non-refundable fee of Kyat 50000(fifty thousand kyats only) to YCDC.

4. Bids documents shall be delivered in person to the above office on or before 15 hrs. on 17th February 2017. Electronic bidding will not be permitted. Any bid submitted after the designated date and time will be rejected.

5. All Bids must be accompanied by bid security (tender guarantee) in the amount of Kyat 300,000,000 or USD 250000 issued by local bank as described in the bidding documents.

6. Bids will be opened in a session to be held at the office of Yangon City Development Committee in the presence of representatives of the bidders on the date and time as may be notified to the bidders.

**Yangon City Development Committee**

---

## ပညာရေးဝန်ကြီးဌာန
## ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ပရိဘောဂများ၊ Server များ (ဌာနအရောက်)နှင့် Web Program Software Development ရေးဆွဲခြင်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ

တင်ဒါတင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၃၉၆/၀၆၇-၄၀၇၂၇၄**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ဂဟေဆက်သင်တန်းအမှတ်စဉ်(၂)အတွက်
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ပူးပေါင်း၍ ဂဟေဆက်သင်တန်း အမှတ်စဉ်(၂)အား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

**သင်တန်းဖွင့်လှစ်မည့်ရက်** - ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်
**သင်တန်းနေရာ** - ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း[ယခင်စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပညာသင်ကျောင်း (အောင်ဆန်း)၊ ကျောင်းဂိတ်မှတ်တိုင်အနီး]၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၅၇၅၉
**သင်တန်းကာလ** - ၁၀ ပတ်

၂။ သင်တန်းအမှတ်စဉ်(၂)တွင် သင်တန်းသား ၁၅ဦး လက်ခံ သင်ကြားပေးပါမည်။

၃။ လျှောက်ထားသူသည်-
(က) န၀မတန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာနားလည်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရပါမည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းစာမေးပွဲအောင်မြင်သူများမှာ အသိအမှတ်ပြု အောင်လက်မှတ်ရရှိမည်ဖြစ်ပါသည်။

၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး အသိအမှတ်ပြု အောင်လက်မှတ်ရထူးချွန်သောသင်တန်းသားများကို လက်တွေ့လုပ်ငန်းခွင် သင်တန်း(၆)လ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်းတက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းသားအတွက် လိုအပ်သောလုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေး ဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။

၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၉-၁-၂၀၁၇ရက်မှ စတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၄နာရီအတွင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ၁.၅"×၂"ရောင်စုံဓာတ်ပုံ (၅)ပုံ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၂၀-၁-၂၀၁၇ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း) ဖုန်း ၀၁-၆၄၅၇၅၉သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း စုံစမ်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထောင်စုရှေ့နေချုပ်ရုံး
## ဥပဒေအရာရှိအဆင့်-၄ (ဒုတိယမြို့နယ်ဥပဒေအရာရှိအဆင့်)
## ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၁/၂၀၁၆)၌ ဖြည့်စွက်ချက်

၂၉-၁၂-၂၀၁၆ရက် ကြေးမုံသတင်းစာ၊ ကြေးမုံကြော်ငြာ စာမျက်နှာ(၁၄)နှင့် မြန်မာ့အလင်းသတင်းစာ၊ မြန်မာ့အလင်းကြော်ငြာစာမျက်နှာ (၁၄)ပါ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကြော်ငြာစာအမှတ်(၁/၂၀၁၆) လျှောက်လွှာခေါ်ယူခြင်းအောက်ရှိ အပိုဒ် ၁ အား အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်လိုက်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ်(၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော ဥပဒေအရာရှိအဆင့်(၄) ရာထူးနေရာ ၁၅၀ (ကျား ၇၅+မ ၇၅)လစ်လပ်လျက်ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဥပဒေအရာရှိ အဆင့်(၄) ရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

---

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ နှိုးဆော်ခြင်း

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပသော (၁၈)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲကို ၁၁-၁-၂၀၁၇ရက်မှ ၁၄-၁-၂၀၁၇ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ရများ စုံညီစွာတက်ရောက်နိုင်ကြပါရန်နှင့် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ပါရန် လေးစားစွာ ထပ်မံအသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလှူငွေထည့်ဝင်လှူဒါန်းလိုသူများအနေဖြင့် ဒေါက်တာချိုချိုစံ ၁၂/ကမရ(နိုင်)၀၃၂၉၁၄ ဖုန်း-၀၉-၄၂၀၇၀၉၀၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မှတ်ချက်။** ယခင်ကြော်ငြာခဲ့သော ကမ္ဘောဇဘဏ်ငွေစာရင်းစာအုပ် နံပါတ်နှင့် ထည့်ဝင်လှူဒါန်းခဲ့သည့် အလှူရှင်များအနေဖြင့် အလှူရှင် အမည်စာရင်းဖော်ပြနိုင်ရန် ဖုန်း-၀၉-၄၂၀၇၀၉၀၆၇ သို့ ဆက်သွယ်သတင်းပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြန်ကြားရေးဆပ်ကော်မတီ၊ စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး
## ရိက္ခာဆန်ဝယ်ယူရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသားများအတွက် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သောရိက္ခာဆန် ၉၅၃၃ အိတ်အား အကျဉ်းထောင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၇-၁-၂၀၁၇ ရက်မှ ၃၀-၁-၂၀၁၇ ရက်ထိ ဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန
**တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ** - ၁-၂-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ၀၉း၀၀ နာရီ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မကွေးမြို့

၂။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

ရုံးဖုန်း-၀၆၃-၂၈၃၈၆၊ ၀၆၃-၂၈၃၈၇၊ ၀၆၃-၂၈၃၈၈ (မကွေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန) လက်ကိုင်ဖုန်း-၀၉-၄၂၀၇၀၆၀၇၇

**တင်ဒါစိစစ်ရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## သစ်အခြေခံစက်မှုလုပ်ငန်းဌာနများမှ
## အငြိမ်းစားသက်ကြီးဆရာများကန်တော့ပွဲ
## (၁၂)ကြိမ်မြောက်ကို

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ၌ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ပင်လုံလမ်း၊ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ တပည့်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကန်တော့ပွဲကျင်းပရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး ကုန်စိမ်း/ကုန်စုံဆိုင်ခန်း ရုံအမှတ်(၂၅)၊ ဆိုင်ခန်းအမှတ်(၀၉၆)အား နေပြည်တော် ဇမ္ဗူသီရိမြို့၊ ပြန်ကပြေးကျေးရွာနေ ဒေါ်ချိုမာလှိုင် ၉/ပမန(နိုင်)၁၁၅၂၆၄ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်စည်ပင်အိမ်ရာ တိုက်(A-1)၊ အခန်း(၂၃)နေ ဒေါ်ခင်ခင်ဌေး ၉/ကပတ (နိုင်)၁၇၁၇၆၂ သို့ အခွန်ထမ်း အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သီဂီ ၄ လမ်းနေ ဦးကျော်စွာထွန်းမြင့် (၁၂/သကတ (နိုင်)၀၁၄၂၀၉) နှင့် ဒေါ်သန္တာရွှေ (၁၃/ကတန(နိုင်) ၀၀၃၈၇၅) တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၂၁-၁၂-၂၀၁၆ ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်းနှင့် နောက်နောင်တွင် ဦးကျော်စွာထွန်းမြင့်နှင့်ပတ်သက်သည့် ကိစ္စအဝဝမှာ ကျွန်မ ဒေါ်သန္တာရွှေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာရွှေ (၁၃/ကတန(နိုင်)၀၀၃၈၇၅)

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
## လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)
## အမှတ်စဉ်(၄/၁၇) သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၄/၁၇)သင်တန်းကို ပညာရေးကောလိပ်များတွင် ၂၀၁၇ ခုနှစ် ဇွန် ၁၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-
(က) လျှောက်ထားသူနှင့် မိဘ(၂)ဦးလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အခြေခံပညာတွင် လိုအပ်ချက်အရ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း)ရရှိပြီးသူဖြစ်ရမည်။
(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၁၇ ခုနှစ် မေ ၃၁ ရက် အသက် ၃၀ ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၇ ခုနှစ် မေ ၃၁ ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။
(ဃ) ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၄/၁၇) သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာ ပညာရေးခရိုင်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။
(င) ကျန်းမာသန်စွမ်းပြီး ဆရာတစ်ဦး၏ သွင်ပြင်အင်္ဂါရပ်နှင့်ပြည့်စုံ၍ မည်သည့် ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူ ဖြစ်ရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(ဆ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့် သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၆ရက်ထက် နောက်မကျဘဲ သက်ဆိုင်ရာပညာရေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးတစ်ခုတည်းတွင် လျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၂)ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးခရိုင်(၆၄)ခုအလိုက် တက်ရောက်ရမည့်ပညာရေးကောလိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကောလိပ်ဝင်ဆံ့အင်အားအရသာ လက်ခံနိုင်မည်ဖြစ်ပါသဖြင့် မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်-

**(က) ကျောက်ဖြူပညာရေးကောလိပ်**
(၁) စစ်တွေခရိုင်
(၂) မောင်တောခရိုင်
(၃) ကျောက်ဖြူခရိုင်
(၄) မြောက်ဦးခရိုင်
(၅) သံတွဲခရိုင်

**(ခ) စစ်ကိုင်းပညာရေးကောလိပ်**
(၁) စစ်ကိုင်းခရိုင်
(၂) ရွှေဘိုခရိုင်
(၃) ကသာခရိုင်

**(ဂ) တောင်ကြီးပညာရေးကောလိပ်**
(၁) တောင်ကြီးခရိုင်
(၂) လင်းခေးခရိုင်
(၃) လွိုင်လင်ခရိုင်
(၄) ကျိုင်းတုံခရိုင်
(၅) မိုင်းဖြတ်ခရိုင်

**(ဃ) တောင်ငူပညာရေးကောလိပ်**
(၁) ပဲခူးခရိုင်
(၂) တောင်ငူခရိုင်

**(င) ထားဝယ်ပညာရေးကောလိပ်**
(၁) ထားဝယ်ခရိုင်
(၂) မြိတ်ခရိုင်

**(စ) ပခုက္ကူပညာရေးကောလိပ်**
(၁) ပခုက္ကူခရိုင်
(၂) ဖလမ်းခရိုင်
(၃) မင်းတပ်ခရိုင်

**(ဆ) ပုသိမ်ပညာရေးကောလိပ်**
(၁) ပုသိမ်ခရိုင်
(၂) ဟင်္သာတခရိုင်

**(ဇ) ပြည်မြို့ပညာရေးကောလိပ်**
(၁) ပြည်ခရိုင်
(၂) သာယာဝတီခရိုင်

**(ဈ) ဘားအံပညာရေးကောလိပ်**
(၁) ဘားအံခရိုင်
(၂) ကော့ကရိတ်ခရိုင်

**(ည) ဘိုကလေးပညာရေးကောလိပ်**
(၁) မအူပင်ခရိုင်
(၂) ဖျာပုံခရိုင်

**(ဋ) မကွေးပညာရေးကောလိပ်**
(၁) မကွေးခရိုင်
(၂) ဂန့်ဂေါခရိုင်
(၃) မင်းဘူးခရိုင်
(၄) သရက်ခရိုင်

**(ဌ) မော်လမြိုင်ပညာရေးကောလိပ်**
(၁) မော်လမြိုင်ခရိုင်
(၂) သထုံခရိုင်

**(ဍ) မုံရွာပညာရေးကောလိပ်**
(၁) မုံရွာခရိုင်
(၂) ခန္တီးခရိုင်
(၃) ကလေးခရိုင်
(၄) ဟားခါးခရိုင်
(၅) ယင်းမာပင်ခရိုင်
(၆) မော်လိုက်ခရိုင်

**(ဎ) မန္တလေးပညာရေးကောလိပ်**
(၁) မန္တလေးခရိုင်
(၂) ပြင်ဦးလွင်ခရိုင်
(၃) ကျောက်ဆည်ခရိုင်
(၄) ညောင်ဦးခရိုင်
(၅) မြင်းခြံခရိုင်

**(ဏ) မိတ္ထီလာပညာရေးကောလိပ်**
(၁) မိတ္ထီလာခရိုင်
(၂) ရမည်းသင်းခရိုင်
(၃) နေပြည်တော်ဥတ္တရခရိုင်
(၄) နေပြည်တော်ဒက္ခိဏခရိုင်

**(တ) မြစ်ကြီးနားပညာရေးကောလိပ်**
(၁) မြစ်ကြီးနားခရိုင်
(၂) ပူတာအိုခရိုင်
(၃) မိုးညှင်းခရိုင်
(၄) ဗန်းမော်ခရိုင်

**(ထ) မြောင်းမြပညာရေးကောလိပ်**
(၁) မြောင်းမြခရိုင်
(၂) လပွတ္တာခရိုင်

**(ဒ) ရန်ကင်းပညာရေးကောလိပ်**
(၁) ရန်ကုန်တောင်ပိုင်းခရိုင်
(၂) ရန်ကုန်အရှေ့ပိုင်းခရိုင်

**(ဓ) လှည်းကူးပညာရေးကောလိပ်**
(၁) ရန်ကုန်မြောက်ပိုင်းခရိုင်

**(န) သင်္ဃန်းကျွန်းပညာရေးကောလိပ်**
(၁) ရန်ကုန်အနောက်ပိုင်းခရိုင်

**(ပ) လားရှိုးပညာရေးကောလိပ်**
(၁) လားရှိုးခရိုင်
(၂) ကျောက်မဲခရိုင်
(၃) မူဆယ်ခရိုင်

**(ဖ) လှိုင်ကော်ပညာရေးကောလိပ်**
(၁) လှိုင်ကော်ခရိုင်
(၂) ဘော်လခဲခရိုင်

၈။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၁၇ခုနှစ် မေလအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက်ခွင့်ရသူများသည် ၂၀၁၇ခုနှစ် ဇွန်လ ၁၀ရက်မှ ၁၁ရက်အတွင်း သက်ဆိုင်ရာပညာရေးကောလိပ်များသို့ သတင်းပို့ရမည်။

၁၀။ သတင်းပို့သည့်အချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများ ယူဆောင်လာရမည်။

၁၁။ ပညာရေးကောလိပ် သင်တန်းသားလက်ခံရေးအဖွဲ့က ဆရာအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိ၊ မရှိ လူတွေ့စစ်ဆေးပါမည်။

၁၂။ သင်တန်းအောင်မြင်ပြီးမြောက်ပါက မူလတန်းဆရာအတတ်ပညာလက်မှတ် (Pre-service Primary Teacher Training Certificate in Education)ချီးမြှင့်မည်ဖြစ်ပြီး မူလတန်းပြဆရာအဖြစ်ခန့်ထားပါက ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

**ဒေါက်တာသိန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**

ရက်စွဲ။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ရက်

### ၂၀၁၇-၂၀၁၈ ပညာသင်နှစ်
### လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)
### အမှတ်စဉ်(၄/၁၇) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ------------------ ခုနှစ်၊ ------------------ လ၊ ------------------ ရက်
အသက်( )နှစ်၊ ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန ------------------------------------------------

၄။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ------------------------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့်ခုနှစ် ------------------------------------------------

၅။ အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည် ------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် ------------------------------------------------
------------------------------------------------
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် ------------------------------------------------
------------------------------------------------

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

------------------------
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ( ) ရက် လျှောက်ထားသူလက်မှတ်

## ဇောဓိမြိုင် သစ္စာရွှေပြည်ဓမ္မရိပ်သာ (၅)ရက် ဝိပဿနာ သင်တန်းနေ့တရားစခန်း

**နေ့ရက်** - ၁၂-၁-၂၀၁၇ရက်မှ ၁၆-၁-၂၀၁၇ရက်အထိ
**အချိန်** - နံနက် ၉နာရီမှ ညနေ ၃နာရီ
**နေရာ** - ဇောဓိမြိုင်သစ္စာရွှေပြည် ဓမ္မရိပ်သာ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓောတိကလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်
**စာရင်းပေးသွင်းရန်** - အမည်၊ အသက်၊ နေရပ်တို့ကို ဖုန်း-၀၉-၅၁၈၉၈၂၈သို့ SMS messages ပေးပို့၍ စာရင်းပေးသွင်းရန်။
**စုံစမ်းမေးမြန်းရန် ဖုန်း-၀၉-၂၅၃၆၆၉၀၃၈**

## အထက(၁)ဖြူး (အမျိုးသားကျောင်း -၁၉၂၀) (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲခရီးစဉ်

(၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ လိုက်ပါမည့် ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအတွက် ၁၄-၁-၂၀၁၇ရက်တွင် အောက်ပါစုရပ်များမှ နံနက် ၇း၀၀နာရီတွင် စတင်ထွက်ခွာပါမည်။

၁။ အမှတ် ၉၃၃၊ သစ္စာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(သစ္စာဆေးခန်းနှင့် Success ကိုယ်ပိုင်အထက်တန်းကျောင်းကြား)
၂။ တက္ကသိုလ်ဓမ္မာရုံရှေ့၊ တက္ကသိုလ်ရိပ်သာလမ်း
၃။ သမားတော်ဆေးခန်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်

**ဖြူးမြို့နယ်အသင်း၊ အလုပ်အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့**

## ဖိတ်ကြားအပ်ပါသည် ဘိုးပေါက်ဆိန်(ခ)ဦးဝိစ္စာဓရအား (၅၂)ကြိမ်မြောက်ရည်မှန်းပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈မိုင် ပေါက်စေတီကျောင်းတိုက် ဘိုးပေါက်ဆိန်(ခ)ဦးဝိစ္စာဓရ၏ ဂုဏ်ကျေးဇူးတို့ကို အာရုံပြု၍ ထွက်ရပ်စခန်းကြွမြန်းတော်မူသွားသော(၅၂) ကြိမ်မြောက်ရည်မှန်းပူဇော်ပွဲကို ၁၃၇၈ခုနှစ် ပြာသိုလဆန်း ၁၄ရက်၊ ၁၁-၁-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အပါး(၂၅၀)တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်သင်္ကန်းစာရေးတံမဲ အစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်မည်ဖြစ်၍ ဘုန်းဘုရားကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့နှင့် အလှူရှင်အားလုံးတို့အား ကြွရောက်တော်မူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပေါက်စေတီ ဝေယျာဝစ္စအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/ 6867 Nissan Diesel CG 45AWZ, Truck ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၆/မအရ(နိုင်)၁၁၂၄၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## မြေ နှစ်ကွက်တွဲရောင်းမည်

တောင်ကြီးအေးသာယာရပ်ကွက်(၁၀)မြေကွက်အမှတ် ၅၁/၅၂ ရောင်းမည်-
**ဖုန်း-၀၉-၇၈၅၆၁၇၁၀၀၊ ၀၉-၇၈၅၆၆၆၉၆၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Farmer Co.,Ltd. ၏ WQIL 3 16-17 (0240) (7-6-2016), MQEL 6 16-17 (0138) (8-6-2016) ရက်စွဲဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်၊ ID, ED နှင့် ပူးတွဲပါစာရွက်စာတမ်းများမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၆၁၈၀၅၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Khit Sann Sein Co.,Ltd. ၏ KQIL 3 15-16 (1340) (8-1-2016), MQEL 6 15-16 (0430) (11-1-2016) ရက်စွဲဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်၊ ID, ED နှင့် ပူးတွဲပါစာရွက်စာတမ်းများမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၁၈၀၅၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Yaung Ni Family Co.,Ltd. ၏ KQIL 3 15-16 (1363) (15-1-2016), MQEL 6 15-16 (0457) (15-1-2016) ရက်စွဲဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်၊ ID, ED နှင့် ပူးတွဲပါစာရွက်စာတမ်းများမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၁၈၀၅၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Shwe Bone Pyae Aung Co.,Ltd. ၏ WQIL 3 16-17 (0219) (3-6-2016), MQEL 6 16-17 (0128) (6-6-2016) ရက်စွဲဖြင့် ပို့ကုန်/သွင်းကုန်လိုင်စင်၊ ID, ED နှင့် ပူးတွဲပါစာရွက်စာတမ်းများမှာ ခရီးသွားလာရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၆၁၈၀၅၄၇**

---

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့

## ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၉၈**

ဒေါ်ညွန့်ညွန့်ရီ **နှင့်** ၁။ ဒေါ်အေးအေးနွယ်
၂။ ဦးဆန်းကြည်
၃။ ဒေါ်သန်းသန်းလှိုင်
၄။ ဦးကျော်မြင့်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၁၂ လမ်း(အေ)၊ မြေညီ(အောထောင့်) အခန်းအမှတ် (၀၀၄)၊ တိုက်(၁)နေ အမှတ် (၁)အယူခံတရားပြိုင် ဒေါ်အေးအေးနွယ်၊ အယူခံတရားပြိုင်အမှတ် (၂)ဦးဆန်းကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် (၁/၁)နေ အမှတ် (၃)အယူခံတရားပြိုင် ဒေါ်သန်းသန်းလှိုင် (ယခုနေရပ်လိပ်စာမသိသူများ)တို့ သိစေရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ၂၉ရက်စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၈၁၅/၂၀၁၁ အမှုတွင်ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့်ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင် စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၃ ရက် (၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်)တွင် ဆိုင်ရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာ မရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် -၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်း-၂၂အရ ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

**(ခင်မေရီ)**
**ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂**

ဒေါ်ဝင်းမော် **နှင့်** ဒေါ်စန်းစန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ် ၃၆/၂၀၁၄ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၇ခုနှစ် ဇန်နဝါရီ ၂၃ရက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်းကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ စက်ဆန်းရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်၃၁၃ရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ (၃)ပင်(၂)ခန်း၊ (၂)ထပ်အုတ်ညှပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀တိတိ**
**လေလံရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံးများ၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲ ဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။
(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲငြင်းပယ်ပိုင်ခွင့်ရှိသည်။
(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာလေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။
(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့် ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။
(၇) လေလံကျန်ငွေကို အထက်ပါရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။ **(မာမာစိုး)**
**မြို့နယ်တရားသူကြီး၊ ကြည့်မြင်တိုင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ တောင်ဇလပ်လမ်း၊ မြေကွက်အမှတ် (၁၂၀၅) ဟုခေါ်တွင်သောအလျားပေ၂၀×အနံပေ ၆၀ရှိ နှစ်၆၀မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းဝင်းဦး ၁၂/ဗတထ(နိုင်)၀၁၄၉၅၉ ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးနိုင် ၃/ဘအန(နိုင်)၀၃၃၇၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (အထက်တန်းရှေ့နေ)**
**လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ သဒ္ဒါလမ်း၊ မြေကွက်အမှတ် (၁၀၆၁/ခ) ဟုခေါ်တွင်သော အလျားပေ၆၀×အနံပေ၂၀၊ စတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးသန်းစိန် (CE-၀၈၆၁၀၀)၏သမီးများဖြစ်သော ဒေါ်မြစိန် ၁၂/ရကန(နိုင်)၀၂၈၉၈၃နှင့် ဒေါ်အေးသန်း ၁၂/ရကန(နိုင်)၀၅၄၁၄၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏ တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာလင်း (အထက်တန်းရှေ့နေ)**
**လိုင်စင်အမှတ်-၂၅၁၃၄**
**အမှတ် (၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

---

# ၁၉၇၄-၈၂ ဆေးတက္ကသိုလ် (၁)

သူငယ်ချင်းအပေါင်းတို့ရေ...
တို့တွေရဲ့ ၂၀၁၇ ခုနှစ် မိတ်ဆုံစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အားလုံး မပျက်မကွက်လာကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **၁၄-၁-၂၀၁၇ရက် (စနေနေ့)**
- Dolphin Restaurant နတ်မောက်လမ်း ကန်တော်ကြီး
- ညနေ ၆ နာရီ on ward

၂။ **၂၈-၁-၂၀၁၇ရက် (စနေနေ့)**
- Sky Star Hotel အရှေ့မြင်းပြိုင်ကွင်းလမ်း တာမွေ
- ညနေ ၆ နာရီ on ward

---

တပ်မတော်မှတ်တမ်းရုံး(အငြိမ်းစား)များ အသင်းအစည်း အဝေး(၁၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကိုအောက်ပါအတိုင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၁၂-၂-၂၀၁၇ရက် (ပြည်ထောင်စုနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီမှ ၁၂နာရီအထိ
**ကျင်းပမည့်နေရာ** - (၁၄)ရပ်ကွက်ဓမ္မာရုံ၊ ရွှေပေါက်ကံမြို့

**ဆက်သွယ်ရန် ဖုန်း-၀၁-၆၉၅၈၀၀၁၊ ၀၉-၂၆၃၂၅၆၅၃၂၊ ၀၉-၂၅၄၃၂၂၇၇၁**

## မြန်မာနိုင်ငံ JICA ပညာသင်ဟောင်းများအသင်း (JAAM)အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲသို့ ဖိတ်ကြားခြင်း

မြန်မာနိုင်ငံ JICA ပညာသင်ဟောင်းများအသင်း (JAAM)၏ အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးကောက်ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသဖြင့် အသင်းဝင်များနှင့် အသင်းဝင်လိုသည့် အသင်းဝင်ဖြစ်ထိုက်သူများ (JICA ၏ အစီအစဉ်တစ်ရပ်ရပ်ဖြင့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ဖူးသူ/ JDS ပညာသင်များ အပါအဝင်)အား **မပျက်မကွက်** တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေပြည်တော်**
**ကျင်းပမည့်ရက်** -၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၄ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** -နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီထိ

**ရန်ကုန်မြို့**
**ကျင်းပမည့်ရက်** -၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** -နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ

ကျင်းပမည့်နေရာများနှင့်သိရှိလိုသည်များကို JAAM facebook တွင် ဝင်ရောက်ကြည့်ရှုကြပါရန် သို့မဟုတ် အသင်းရုံး ဖုန်း-၀၁-၂၅၅၄၇၃~၄၇၆ လိုင်းခွဲ ၁၇၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အသင်း၏ အလုပ်အမှုဆောင်အဖွဲ့ရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံလိုသော အသင်း၏ဖွဲ့စည်းပုံစည်းမျဉ်းများပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အသင်းဝင်များသည် ရွေးကောက်ပွဲအဆိုပြုလွှာများကို အသင်းရုံးတည်ရှိရာ JICA မြန်မာရုံး၊ ဆူးလေဘုရားလမ်း၊ ဆာကူရာတာဝါ (ခုနစ်လွှာ)၊ ရန်ကုန်မြို့တွင် ကိုယ်တိုင်ရယူ၍ အဆိုပြုကြရန်ဖြစ်ပါသည်။

အသင်းဝင်တစ်ဦးချင်းစီသို့ ဖိတ်စာသီးခြားပေးပို့နိုင်ခြင်းမရှိပါကြောင်းနှင့် ဤကြော်ငြာစာကို ဖိတ်စာအဖြစ်မှတ်ယူကြပါရန်ဖြစ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် ဖွဲ့စည်းပုံစည်းမျဉ်းများကို www.facebook.com/jaamyanmar (JICA Alumni Association of Myanmar-JAAM)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံ JICA ပညာသင်ဟောင်းများအသင်း (JAAM)**

## ဖခင်အမည်မှန်

မန်စီမြို့၊ မန်ဝန်းကြီး၊ အထကမှ မဒါရီဂိုးဆမ်(န၀မတန်း)၊ မဒါရီထုဆိုင်း(အဋ္ဌမတန်း)နှင့် ITD Camp မန်ကျမ်းကျောင်းမှ မဒါရီပန်နူးတို့၏ဖခင်မည်မှန်မှာ ဦးနော်မိုင် ဖြစ်ပါကြောင်း။
**ဦးနော်မိုင်၁၃/နခန(နိုင်)၀၄၀၈၇၈**

## မိခင်အမည်မှန်

တာမိုးညဲမြို့ အထက အဋ္ဌမတန်းမှ မောင်ရန်နိုင်ဦး၏ မိခင်အမည်မှန်မှာ ဒေါ်ကျန်းရင်ချင်း ၁၃/တခန(နိုင်)၀၅၄၈၁၃ ဖြစ်ပါကြောင်း။ **ဒေါ်ကျန်းရင်ချင်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K-7775 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၆၆၉၄၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝိမလ ၈/မကန(နိုင်)၀၀၀၂၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ တိုင်းရုံး(မကွေး)**

---

## ရောင်းမည်

Mazda Demio 2007 model
km 100000 သိန်း၁၁၀
6D---
Hijet 2007 Model
km 70000 သိန်း ၁၀၅
1I---
ဖုန်း-၀၉-၇၈၉၃၃၁၂၃၊ ၀၉-၄၂၀၁၀၂၆၅၉

## အောင်ပြည့်စုံ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကား မျိုးစုံဖြင့် အလုပ်သမားစီစဉ်ပေးသည်။
**09-250095114**
**09-421041338**
**09-73224763**

## မြေကွက်များဝယ်လိုသည်

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
**ဖုန်း-၀၉-၂၆၀၆၆၄၈၀၊ ၀၉-၂၆၀၆၆၄၉၀**

## မဟာ SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်။ "ပွဲခ လုံးဝ မယူပါ"
**09-33 333 511**
**09-33 333 514**
**09-33 333 644**

## ချာချီးယား ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်း များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
**09-450026077**
**09-510 1862**

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးလှသိန်း (စစ်တွေ) အသက် (၈၈)နှစ်

**စစ်မှုထမ်းဟောင်း (ဆက်သွယ်ရေးတပ်)၊ ဆောက်/လှုပ်(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၄၃ (ပထမထပ်)နေ (ဦးထွန်းစံဖြူ-ဒေါ်သန္တာညို)တို့၏သား၊ (ဦးစောမောင်-ဒေါ်မဇိတ်)တို့၏သားသမက်၊ ဒေါ်ညွန့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးစောရွှေ-ဒေါ်ဖြူဖြူလှ(U.S.A)၊ ဦးစံရွှေမောင်(C/O W.T.M Co., Ltd.)-ဒေါ်နုနုစံ၊ ဦးစံတင်-ဒေါ်အိအိခိုင်(U.S.A)၊ ဦးဇော်ထွန်းဝင်း-ဒေါ်ငြိမ်းငြိမ်း၊ ဦးထွန်းထွန်းဦး (J.S.M Co., Ltd.)-ဒေါ်အေးမေ(Lady Smart Store)၊ ဒေါ်ဖြူဖြူသန်း(သစ်လွင်စတိုး)၊ ဦးထွန်းထွန်း-ဒေါ်ခင်ခင်ငြိမ်း၊ ဦးစိုးမိုးနိုင်-ဒေါ်အေးအေးမော် (U.S.A)၊ ဦးမောင်မောင်ဦး (အကောက်ခွန်မှူး)-ဒေါ်မြင့်မြင့်မော်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးရှင်သည် ၁-၁-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၉း၃၀နာရီတွင် ဗဟိုရိစည်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၇ ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၇ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**ပျောက်ဆုံးကြောင်း**

ကျွန်မဒေါ်မြင့်မြင့်မှ ၉/မနတ(နိုင်)၀၄၈၆၅၇ အမည်ပေါက်ပိုင်ဆိုင်သော ယာဉ်အမှတ် စ/၉၇၄၀(ဂျစ်ကား)စလစ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၀၈၀၁၇**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ငွေလုံးငွေရင်းဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် စက်မှုလယ်ယာစနစ်တကျ လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၁-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၀-၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၃၆၄၀၂၊ ၀၁-၅၇၇၅၅၃၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံးမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းပေးသွင်းလိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**(က) လုပ်ငန်းသုံးပစ္စည်းဝယ်ယူရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန်လုပ်ငန်းများစာရင်း**

**စဉ် လုပ်ငန်းတည်နေရာ**

၁။ ပုသိမ်တံတား(ငဝန်မြစ်)ကမ်းထိန်းလုပ်ငန်း
၂။ ဓနုဖြူမြို့နယ်၊ မရမ်းချောင်းကျေးရွာကမ်းထိန်းလုပ်ငန်း
၃။ ဓနုဖြူမြို့နယ်၊ စံကင်းကျေးရွာကမ်းထိန်းလုပ်ငန်း
၄။ လေးမျက်နှာမြို့နယ်၊ ထူပါရုံဘုရားကမ်းထိန်းလုပ်ငန်း
၅။ ဗိုလ်မြတ်ထွန်းတံတားရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်း

| | |
|---|---|
| **တင်ဒါပုံစံရောင်းချခြင်း၊တင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** | - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ မဉ္ဇူလမ်း၊ ကင်မလင်းကျွန်းရပ်ကွက်၊ ပုသိမ်မြို့ |
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၉-၁-၂၀၁၇ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း |
| **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** | - ၂၃-၁-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီ |
| **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** | - ၂၃-၁-၂၀၁၇ရက် (တနင်္လာနေ့) ၁၃း၃၀နာရီ |

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၄၂-၂၉၁၅၄သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သဇင်(၁)လမ်း၊ အမှတ် ၃၇၀ ဟု ခေါ်တွင်သော အလျားပေ ၅၀×အနံ ၁၅ပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ငွေကြော့ ၁၂/ဥကမ(နိုင်)၀၉၀၇၃၂တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်၍ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီသက်မွန် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၃၂၃)**
**ဖုန်း-၀၉-၈၇၃၀၃၃၉၄၂၊ ၀၉-၂၆၁၆၃၅၉၅၉**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်၊(၄)ရပ်ကွက်၊ဇေမာ(၈)လမ်း၊ အမှတ် (၂၆၅)ဟုခေါ်တွင်သောအလျား(၅၀)ပေ×အနံ(၁၅)ပေပေါ်ရှိ မြေကွက်နှင့် ၎င်းမြေကွက် ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးစည်သူလင်း(၁၂/ဥကမ(နိုင်)၂၃၇၅၀၅)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ကဝယ်ယူရန် စရံငွေအချို့ကိုပေးချေ ထားပြီးဖြစ်၍ကန့်ကွက်လိုပါက ဤကြော်ငြာ စာထုတ်သည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်၍ အရောင်းအဝယ်ပြုလုပ်မည် ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချယ်ရီသက်မွန် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၆၃၂၃)
ဖုန်း-၀၉၈၇၃၀၃၃၉၄၂၊ ၀၉၂၆၁၆၃၅၉၅၉

---

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8I/ 2373 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

---

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/ 5968၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာ)**

---

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၈ဃ/၉၂၅၉၉, Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Arr Shin Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ဗန်းမော်မြို့၊ အရှေ့သာစည်ရပ်ကွက်၊ အကွက်အမှတ် (၃၂)၊ ဦးပိုင်အမှတ် ၃၅၄၊ မြေ ဧရိယာ၀ဒသမ၁၈၃ ဧကကို ဒေါ်မြတ်စုလှိုင် ပိုင်ဆိုင်၍ ဦးပိုင်အမည်ပေါက် ရရှိထားပါသည်။ ဒေါ်မြတ်စုလှိုင် အမည်မှ ဦးမြင့်သိန်း(ခ)ဦးခင်မောင် ၁/ရကန(နိုင်)၀၀၇၃၂၈အမည်သို့ အမည်ပြောင်းမြေငှားဂရန်အသစ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အမည်ပြောင်းမြေငှားဂရန်အသစ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။**ဗန်းမော်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅၄၊ မြေကွက်အမှတ် ၁၁၄၊ မြေကွက်တည်နေရာအမှတ် ၁၁၄၊ လှော်ကားလမ်း၊ ဒဂုံ/တောင်မြို့နယ် ဦးသိန်းဝင်း ၁၂/ဥကတ(နိုင်)၀၆၀၉၃၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသိန်းဝင်းထံမှ မှတ်ပုံတင်ထားသော အရောင်းစာချုပ်-၅၀၅၈/၅-၉-၁၆ဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်စုမွန် ၁၂/ဒဂရ(နိုင်)၀၁၇၁၀၁ က အရောင်းစာချုပ်၊ ပါမစ်ပျောက်ဖြင့် ထုတ်ပေးထားသော ဂရန်မူရင်းတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၁၊ မြေကွက်အမှတ် ၁၆၆(က)၊ မြေကွက်တည်နေရာ၁၆၆/က၊ဇော်ဂျီလမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာ ဦးဘန်ရွှေ (BQ -၀၁၂၇၇၈) အမည်ပေါက်နှစ် (၆၀) ဂရန်မြေအားရွှေပြည်သာမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၂/၂၀၁၆ဖြင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု၏ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ် ၃၁/၂၀၁၆အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန် ဘီလစ်ခန့်အပ်သည့် (၁၇-၁၁-၂၀၁၆)ရက်စွဲပါနေ့စဉ်မှတ်တမ်းနှင့် ဦးဘန်ရွှေ အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်တို့ကိုတင်ပြ၍ ဒေါ်ငုဝါ (ဘီလစ်) ၁၂/လမန(နိုင်)၀၂၉၆၃၃က အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# အထူးကျေးဇူးဥပကာရတင်ရှိခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးချိန်ဖူးဂျိန်း(ခ)ဦးလှမောင်

## အသက်(၈၀)

ဗဟန်းမြို့နယ်၊ ဝင်္ကဘာလမ်း၊ အမှတ် ၂၂ နေအိမ်၌ ၂၉-၁၂-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးချိန်ဖူးဂျိန်း(ခ)ဦးလှမောင်၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော ယူနန်ဘုံကျောင်း ဥက္ကဋ္ဌနှင့် အသင်းသားများ၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်း၍သော်လည်းကောင်း အားပေးနှစ်သိမ့်စကား ပြောကြားကြသူများ၊ ရပ်နီးရပ်ဝေးမှ အသင်းအဖွဲ့များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ကြသူများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို မိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Myanmar Tunneling and Underground Space Committee(MTUSC) မှ ဒု-ဥက္ကဋ္ဌ ဦးဝမ်ကြည် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ DHP)သည် ၂-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Myanmar Tunneling and Underground Space Committee(MTUSC)**
**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝင်းထိန်**
**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်(ငြိမ်း)**
**အင်ဂျင်နီယာချုပ်(လျှပ်စစ်)ဆောက်လုပ်ရေးဝန်ကြီးဌာန(ငြိမ်း)**

၂၃-၁၂-၂၀၁၆ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ **ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစောနွယ်**
**အသက်(၈၈)နှစ်**

မဉ္စူစောရ်၏ ဖခင် ဦးစောနွယ် သည် ၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ကျောင်းသူများ (၁၉၈၆-၁၉၉၃)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာ ဒေါ်နန်းဦး(ငြိမ်း)**
**အသက်(၈၇)နှစ်**

ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)၏ ချစ်လှစွာသောဇနီး ပါမောက္ခဒေါက်တာဒေါ်နန်းဦး(ငြိမ်း)သည် ၂-၁-၂၀၁၇ ရက်(တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ ဆေးတက္ကသိုလ်(၁)**
**ကျောင်းဆင်းတပည့်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာ ဒေါ်နန်းဦး(ငြိမ်း)**
**[Govt-High School- အထက(၁)စစ်တွေ ဂုဏ်ထူးဆောင်ကျောင်းသူဟောင်း]**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ် (၁၇-ခ)နေ ဒုတိယဝန်ကြီးချုပ်(ငြိမ်း)ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)၏ဇနီး Govt-High School အထက(၁)စစ်တွေ၏ ဂုဏ်ထူးဆောင်ကျောင်းသူဟောင်း ပါမောက္ခဒေါက်တာ ဒေါ်နန်းဦး(ငြိမ်း)သည် ၂-၁-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထက(၁)စစ်တွေ ဆရာ/ဆရာမများနှင့်ကျောင်းသား/သူဟောင်းများ ရန်ကုန်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဒေါ်နန်းဦး(ငြိမ်း)**
**သားဖွားမီးယပ်ပညာဌာန**
**အသက်(၈၇)နှစ်**

ဒုတိယဝန်ကြီးချုပ်(ငြိမ်း) ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)၏ဇနီး ပါမောက္ခဒေါက်တာဒေါ်နန်းဦးသည် ၂-၁-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဝမ်ကြည်**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**အသက်(၇၂)နှစ်**

မြန်မာနိုင်ငံရေအားလျှပ်စစ်အသင်း၏ ဗဟိုကော်မတီဝင် ဦးဝမ်ကြည် ညွှန်/မှူး(ငြိမ်း)သည် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ် ၂၅နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရေအားလျှပ်စစ်အသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ပါမောက္ခဒေါက်တာဒေါ်နန်းဦး(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နာယက ပါမောက္ခဒေါက်တာ ဒေါ်နန်းဦး သည် ၂-၁-၂၀၁၇ရက်တွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်အဖွဲ့၊ ရခိုင်သဟာယအသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယကာကြီး**

## ဦးမြင့်လှိုင်

**အသက်(၅၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကွမ်းခြံကုန်းကျေးရွာနေ (ဦးသောင်း)-ဒေါ်ရင်နုတို့၏သား၊ ဦးမြင့်စိုး-(ဒေါ်အေးမိ)တို့၏သားသမက်၊ ဒေါ်ခင်စိုးဦး၏ခင်ပွန်း၊ မပြည့်ဖွေးပိုင်၊ မောင်ဖွဲ့ထက်ပိုင်(ကိုဖွဲ့)-မဆုလေးမြတ်တို့၏ဖခင်၊ မခြူးဆက်ရတီ၏အဘိုး ဦးမြင့်လှိုင်(Supervisor) ဝိစာရ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်သည် ၃၀-၁၂-၂၀၁၆ရက်ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝိစာရကုမ္ပဏီ ဝန်ထမ်းများအားလုံးမှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝိစာရ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သင်းသင်းအောင်**
**MON GTI (1993-Civil)**
**ကျောင်းသူဟောင်း**
**အသက်(၅၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၈၀)၊ ခြောက်လွှာ၊ ခြေရင်းခြမ်းနေ ဦးမျိုးမြင့်ဦး(1993.EP,MON GTI)၏ ချစ်လှစွာသောဇနီး၊ မချမ်းမြေ့ချို၊ မနှင်းအိလွင်တို့၏ ချစ်လှစွာသောမိခင်ဒေါ်သင်းသင်းအောင်သည် ၃-၁-၂၀၁၇ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း-

**မော်လမြိုင် G.T.I,G.T.C,T.U**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

# ကောလာဟလအမျိုးမျိုး အမှန်တကယ်မြေပြင်အခြေအနေများနှင့် ကွဲပြားခြားနားမှုများရှိနေ



ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်သည့် မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အစည်းအဝေး(၁/၂၀၁၇) ကျင်းပစဉ် (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်ပတ်သက်သည့် မောင်တောဒေသစုံစမ်း စစ်ဆေးရေးကော်မရှင်အစည်းအဝေး(၁/၂၀၁၇)ကို ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကော်မရှင်၏ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း မောင်တောဒေသဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စွပ်စွဲချက်အမျိုးမျိုး၊ ကောလာဟလအမျိုးမျိုးတို့သည် အမှန်တကယ်မြေပြင်အခြေအနေများနှင့် ကွဲပြားခြားနားစွာ ပေါ်ထွက်လာမှုများရှိနေကြောင်း၊ သို့ဖြစ်၍ မောင်တောဒေသ၏ အခြေအနေမှန်များကို သိရှိစေရန်ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကို ဇန်နဝါရီ ၃ ရက်တွင် တင်ပြပြီး အများပြည်သူ သိရှိနိုင်စေရန် ထုတ်ပြန်ခဲ့ကြောင်း၊ ဆက်လက်ပြီး မိမိတို့ကော်မရှင်အနေဖြင့် လိုအပ်သောစုံစမ်းစစ်ဆေးမှု ထပ်မံပြု လုပ်ပြီး ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာကို သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးအောင်ပြုစုရေးသား သွားရမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❀

(၄၅) ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စာ » ၆

ဘူးသီးတောင်မြို့နယ်အတွင်း ဖမ်းဆီးရမိခဲ့သည့် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့၏ ဆက်စပ်သတင်းများ ဖော်ထုတ်ရရှိ စာ » ၈

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခဲ့သည့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ် စာ » ၉

မိုဆူးလ်မြို့၏ ၇၀ ရာခိုင်နှုန်းကို အိုင်အက်စ်တို့လက်အတွင်းမှ ပြန်လည်ရယူနိုင်ခဲ့ စာ » ၁၀

# မြန်မာရေတပ်က ပစ်ခတ်သဖြင့် ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသမားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု The Daily Star သတင်းစာ Online report တွင် ဖော်ပြချက်မှာ မှန်ကန်မှုမရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာရေတပ်က ပစ်ခတ်သဖြင့် ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသမားခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု The Daily Star သတင်းစာ Online report တွင် ဖော်ပြချက်မှာ မှန်ကန်မှုမရှိဟု ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ သိရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာအခြေစိုက် The Daily Star သတင်းစာ၏ Online report တွင် ဒီဇင်ဘာ ၂၇ ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၄၉ မိနစ်က ဖော်ပြခဲ့သော "6 Bangladeshis shot in Myanmar firing at Bay" ဟု ခေါင်းစဉ်တပ်ထားသော သတင်းတွင် ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဘင်္ဂလားပင်လယ်အော် စိန့်မာတင်ကျွန်းအနီး ဘင်္ဂလားဒေ့ရှ် ငါးဖမ်းလှေတစ်စင်းကို မြန်မာရေတပ်သင်္ဘောတစ်စင်းက လိုက်လံပစ်ခတ်သဖြင့် ငါးဖမ်းသမား ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဖော်ပြထားသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)သို့ ဆက်သွယ်စုံစမ်းခဲ့ရာ ဘင်္ဂလားဒေ့ရှ် ငါးဖမ်းသင်္ဘောကို တပ်မတော် (ရေ)မှ ပစ်ခတ်ခဲ့ခြင်းမရှိဟု ပြန်ကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စပါးအသင်းအနိုင်ရခဲ့ပြီး ချယ်လ်ဆီးတို့ နိုင်ပွဲဆက် ရပ်တန့်

**သီဟ**

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ် ၂၀ နောက်ဆုံးပွဲကို ဇန်နဝါရီ ၅ ရက် ကြာသပတေးနေ့ နံနက်ပိုင်းက စပါးအသင်းနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၄* ✪



စပါးအသင်းအတွက် ဒုတိယဂိုးကို ဒယ်လီအလီ ခေါင်းတိုက်သွင်းယူစဉ်

